HOR KHAM







2022

December 12

# ဂရိတ်ဟော်ခမ်း

# နှစ်ပတ်လည် အစီရင်ခံစာ

ပိုမိုကောင်းမွန်သော ဘဝကို တည်ဆောက်ခြင်း

HOR KHAM

TWINS

HOR KHAM

ဂရိတ်ဟော်ခမ်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

ပိုမိုကောင်းမွန်သောဘဝကို တည်ဆောက်ခြင်း

# ၂၀၂၂ ခုနှစ်

# နှစ်ပတ်လည် အစီရင်ခံစာ


အမှတ် ၂၁-၂၂၊ ဘလောက် ၆

မင်္ဂလာအောင်မြင်လမ်းနှင့် ရွှေမိုးငွေမိုးလမ်းထောင့်

မင်္ဂလာမူဆယ်၊ မူဆယ်မြို့၊ ရှမ်းပြည်နယ်


www.greathorkham.com

# MOVING FORWARD WITH 5 M's



# မာတိကာ


ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ၏အိတ်ဖွင့်ပေးစာ ........ 6
အုပ်ချုပ်မှုဒါရိုက်တာ၏အိတ်ဖွင့်ပေးစာ ........ 10
ကုမ္ပဏီစီမံအုပ်ချုပ်မှုဆိုင်ရာ အချက်အလက်များကဏ္ဍ ........ 17
ကုမ္ပဏီအထွေထွေအချက်အလက်များ ........ 18
ဂရိတ်ဟော်ခမ်း၏ ၁၀ နှစ်တာခရီး စီမံကိန်းမိုင်တိုင်များ ........ 19
ဒါရိုက်တာများအဖွဲ့ ........ 22
စီမံခန့်ခွဲရေးအဖွဲ့ ........ 23
ဂရိတ်ဟော်ခမ်း၏ ဖွန့်ဦးတည်ထောင်သူများအဖွဲ့ ........ 24
ဒါရိုက်တာများ၏ ကိုယ်ရေးအကျဉ်း ........ 26
ဥပဒေအကြံပေး၏ ကိုယ်ရေးအကျဉ်း ........ 39
ပြင်ပစာရင်းစစ် ........ 40

**ကုမ္ပဏီစီမံအုပ်ချုပ်မှုကဏ္ဍ** ........ 41
ကုမ္ပဏီဖွဲ့စည်းပုံဇယား ........ 42
ကုမ္ပဏီစီမံအုပ်ချုပ်မှုစနစ် ........ 43
ဒါရိုက်တာအဖွဲ့၏ အခန်းကဏ္ဍနှင့် လုပ်ငန်းတာဝန်များ ........ 53
ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ၏ အခန်းကဏ္ဍနှင့် လုပ်ငန်းတာဝန်များ ........ 55

**စီးပွားရေးလည်ပတ်မှုကဏ္ဍ** ........ 58
ကုမ္ပဏီ၏ စီးပွားရေးမူဝါဒနှင့် ခြုံငုံသုံးသပ်ချက် ........ 59
လုပ်ငန်းဆောင်ရွက်မှု ကျင့်ဝတ် ........ 62
စီးပွားရေးလည်ပတ်မှု၏ သဘောသဘာဝ ........ 66
၁။ ကန်ထရိုက်လုပ်ငန်း ........ 67
၂။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ........ 68
နှမ့်ပေါ်ရေအားလျှပ်စစ်စီမံကိန်း ........ 69

**ကုမ္ပဏီခွဲများနှင့် အစုအစပ်ဝင်ကုမ္ပဏီများ** ........ 73
အမြွာစက်မှုလုပ်ငန်းလီမိတက် ........ 74


creating a better life

စက်ယာဉ်ယန္တရားများစာရင်း ..... 75

**စီမံကိန်းနှင့်လုပ်ငန်းများ** ..... 76

သုဝဏ္ဏမိဂဒါ မဟာစေတီတော် ပဉ္စမအဆင့်တည်ဆောက်ရေးလုပ်ငန်း ..... 77

ငွေဇင်ယော်အိမ်ရာစီမံကိန်း ဒုတိယအပိုင်း၏ လမ်းတည်ဆောက်ခြင်းလုပ်ငန်း ..... 80

ကျင်ခန်းကျော့ ကုန်ချိန်းပြောင်း ကားကြီးကွင်းစီမံကိန်း ..... 81

နောင်မော်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ..... 82

သကြားအရည်ဖျော်စက်ရုံ မြေနေရာဖော်ထုတ်ခြင်းလုပ်ငန်း ..... 83

နမ့်ဆန်ရေလှောင်တမံစီမံကိန်း ..... 84

မြို့တွင်းဆောက်လုပ်ရေးလုပ်ငန်းများအတွက် ကွန်ကရစ်ထုတ်လုပ်ရောင်းချခြင်း ..... 87

ရေသဲထုတ်လုပ်ရေးလုပ်ငန်း ..... 88

ပုဂ္ဂလိက အမှိုက်နှင့်မိလ္လာသိမ်းဆည်းရေး ဝန်ဆောင်မှုလုပ်ငန်းအခြေအနေ ..... 89

**အစီရင်ခံစာကဏ္ဍ** ..... 93

ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု အစီရင်ခံစာ ..... 94

ဆက်စပ်ပတ်သက်သူများနှင့် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ ..... 97

ဒါရိုက်တာများအဖွဲ့ ပုံမှန်အစည်းအဝေးတွင် ဒါရိုက်တာများတက်ရောက်မှု အစီရင်ခံစာ ..... 98

လူ့စွမ်းအားအရင်းအမြစ် အစီရင်ခံစာ ..... 99

ဝန်ထမ်းဖွံ့ဖြိုးရေးသင်တန်း ..... 101

လူမှုဝန်းကျင်နှင့် သဘာဝဝန်းကျင်ပူးပေါင်းတာဝန်ယူမှု ..... 102

**ဘဏ္ဍာရေး အစီရင်ခံစာကဏ္ဍ** ..... 104

Statement of Management Responsibility ..... 105

Independent Auditor’s Report ..... 106

Financial Statement 2021-2022 Financial Year ..... 108

ဘဏ္ဍာရေးရှင်းတမ်းများရေးဆွဲခြင်းနှင့်ပတ်သက်၍ အကျဉ်းချုပ် အစီရင်ခံစာ ..... 121

ပိုမိုကောင်းမွန်သောဘဝကို တည်ဆောက်အံ့

# ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ၏ အိတ်ဖွင့်ပေးစာ

စိုင်းခိမ်ခမ်း

အစုရှယ်ယာရှင်များအားလုံးသို့ မင်္ဂလာအပေါင်းခညောင်းပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ပဏာမ ဆုမွန်ကောင်း တောင်းပေးလိုက်ပါသည်။

ဤ ၂၀၂၂ ခုနှစ်သည် မိမိတို့ ဂရိတ်ဟော်ခမ်း ကုမ္ပဏီ တည်ထောင်ခဲ့သည်မှာ ဆယ်နှစ်သက်တမ်း ပြည့်မြောက် သည့်နှစ် ဖြစ်ပါသည်။ ကုမ္ပဏီကို ထိန်းကျောင်းမောင်းနှင် သည့် အရာထမ်းများနှင့် ဝန်ထမ်းများအားလုံးသည် ပျော်ရွှင်ခဲ့သည့် နေ့ရက်များ ရှိသကဲ့သို့ စိတ်ဆင်းရဲမှုများနှင့် အခက်အခဲများ ပြည့်နက်နေခဲ့သည့် နေ့ရက်များလည်း ဧကန်မုချ ကြုံခဲ့ဖူးမည်ပင် ဖြစ်ပါသည်။

အမေရိကန်နိုင်ငံရှိ တက္ကသိုလ်တစ်ခုမှ လေ့လာတွေ့ရှိချက်အရ သက်တမ်းဆယ်စုနှစ်တစ်ခုအထိ တောင့်ခံနိုင်သော တည်ဆောက်ရေးကုမ္ပဏီများမှာ ရာခိုင်နှုန်းအားဖြင့် ၃၀% ထက် မကျော်ကြောင်း ဖတ်ရှုမှတ်သားဖူးပါသည်။ တည်ဆောက်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် မိမိတို့၏ ဂရိတ်ဟော်ခမ်းသည် ဤကဲ့သို့ သက်တမ်းဆယ်နှစ်တိုင်တိုင် ကောင်းဆိုးနှစ်တန် လောကဓံများကို တောင့်ခံနိုင်ခဲ့သည့်မှာ မိမိအနေဖြင့် လွန်စွာပင် ဝမ်းမြောက်ဂုဏ်ယူပါသည်။ အစီရင်ခံသည့် ဘဏ္ဍာရေးနှစ်အတွင်း ဖြစ်ပွားခဲ့သော ကိုဗစ်-၁၉ ကပ်ရောဂါ၊ နိုင်ငံရေး မတည်ငြိမ်မှု၊ ငွေကြေးဖောင်းပွမှု နှင့်အတူ ကုန်ဈေးနှုန်း မတည်ငြိမ်မှုများသည် လှေသင်္ဘောအား တိုက်ခတ်လာသည့် လှိုင်းလုံးမြင့်ကြီးများပမာ ပဲ့ကိုင်သူ လှေသူကြီး၏ ကျွမ်းကျင်ပိုင်နိုင်မှု၊ ရဲစွမ်းသတ္တိနှင့် ဝီရိယများသာ မရှိပါက လှေသင်္ဘောက လှိုင်းလုံးများကြား အချိန်မရွေး တိမ်းမှောက်သွားနိုင်မည်ဖြစ်သည်။ လိုက်ပါစီးနင်းသူ အစုရှယ်ယာရှင်များနှင့် ဝန်ထမ်းများအားလုံးတို့၏ အကျိုးစီးပွားအတွက် မိမိတို့ ပန်းတိုင်ရောက်ပြီဟု မဆိုနိုင်သည့်တိုင်အောင် လက်ရှိအချိန်အထိ ဘေးကင်းလုံခြုံသော အနေအထားတွင် ရှိနေကြောင်း ကုမ္ပဏီ၏ စစ်ဆေးအတည်ပြုပြီးသော စာရင်းအင်းများကို ထောက်ရှုမှီငြမ်းပြီး ပြောနိုင်ပါသည်။



အစီရင်ခံသည့် ဘဏ္ဍာရေးနှစ်အတွင်းတွင် အဆိုပါ အခက်အခဲများကြောင့် လူ့စွမ်းအားအရင်းအမြစ်ပိုင်းအနေဖြင့် အခြေ အနေအရ ဝန်ထမ်းဦးရေများ ခေတ္တလျှော့ချခြင်း၊ စီမံခန့်ခွဲမှုစရိတ်များ လျှော့ချခြင်း၊ စွမ်းရည်မြှင့် သင်တန်းများ ဆောင်ရွက်လိုသည်ထက် လျှော့ချခြင်းများကို လုပ် ဆောင်ခဲ့ရပါသည်။

တည်ဆောက်ရေးလုပ်ငန်းအနေဖြင့် မူဆယ်မြို့ လွယ်တိန်ခမ်းတောင်ပေါ်ရှိ သုဝဏ္ဏမိဂဒါ မဟာစေတီတော် စီမံကိန်း၊ လားရှိုးမြို့နယ်အတွင်းရှိ နမ့်ဆန်ရေလှောင်တမံ စီမံကိန်းအပါအဝင် အခြား အသင့်အတင့်ပမာဏရှိသော တည်ဆောက်ရေး စီမံကိန်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ အသေးစိတ်ကို အုပ်ချုပ်မှု ဒါရိုက်တာ၏ အိတ်ဖွင့်ပေးစာနှင့် စီမံကိန်းလုပ်ငန်းများကဏ္ဍတွင် ဖတ်ရှုနိုင်ပါသည်။

ဆက်လက်ပိတ်ဆို့နေသော နယ်စပ်ကုန်သွယ်ရေး၊ ငွေကြေးဖောင်းပွမှု ကြောင့် ဖြစ်ပေါ်လျက်ရှိသော ကုန်ဈေးနှုန်း မတည်ငြိမ်မှု စသည့် အခက်အခဲများ ကြောင့် အစီရင်ခံသည့် ဘဏ္ဍာရေးနှစ်အတွင်းတွင် တည်ဆောက်ရေး လုပ်ငန်း များ အဆမတန် နည်းပါးခဲ့ပါသည်။ ထို့ကြောင့် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုအနေဖြင့် ဖြစ်ပေါ်လာနိုင်သော ဆုံးရှုံးမှုများကို လျှော့ချ ဟန့်တားနိုင်စေရန် မိမိတို့၏ တည်ဆောက်ရေး လုပ်ငန်းသုံး ကွန်ကရစ်ဓာတ်အားတိုးဆေးရည် ထုတ်လုပ်သည့် HPA Con-Gent ကုမ္ပဏီနှင့် နည်းပညာကုမ္ပဏီတစ်ခုဖြစ်သည့် Hor-Tech ကုမ္ပဏီ တို့ကို ဖျက်သိမ်းခဲ့ရပါသည်။

အမြှာစက်မှုလုပ်ငန်း၏ မူဆယ်မြို့ ပုဂ္ဂလိက အမှိုက်နှင့်မိလ္လာသိမ်းဆည်းရေး ဝန်ဆောင်မှုလုပ်ငန်းမှာလည်း လောင်စာဆီဈေးနှုန်း မြင့်တက်မှုကြောင့် ဝန်ဆောင်မှု လုပ်ငန်းတွင် လစဉ် အရှုံးပေါ်နေလျက်ရှိသည်။ ထို့ကြောင့် အမှိုက်သိမ်းဆည်းရေး ဝန်ဆောင်ခကို ၇၅% တိုးမြှင့်ကောက်ခံနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရထံမှ ခွင့်ပြုချက် ရရှိပြီးဖြစ်ကာ မြို့နယ်စည်ပင်သာယာရေးဌာနနှင့် ဈေးနှုန်းသစ် ပြင်ဆင် ကောက်ခံမှုဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိ သည်။

မိမိတို့ မြို့ရွာ သန့်ရှင်းသာယာလှပစေရေးအတွက် ရေရှည်တည်တံ့ပြီး အရည်အသွေးပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများ ပေးနိုင်ရန် မိဘပြည်သူများ အနေဖြင့် ဝိုင်းဝန်းကူညီကြပါလို့ ဤနေရာမှ အနူးအညွတ် မေတ္တာရပ်ခံအပ်ပါသည်။

ကုမ္ပဏီ၏ အရှုံးအမြတ် ခြုံငုံသုံးသပ်ချက်အနေဖြင့် ၂၀၂၁ - ၂၀၂၂ (ပထမ ခြောက်လပတ်) ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံရေးမတည်ငြိမ်မှု၊ ငွေကြေးဖောင်းပွမှု နှင့် ကုန်ဈေးနှုန်း အထူးသဖြင့် လောင်စာဆီဈေးနှုန်း မြင့်တက်မှုစသည့် အခက်အခဲ အမျိုးမျိုးကြားတွင် ကုမ္ပဏီစီမံခန့်ခွဲရေးအဖွဲ့၏ တစ်စိုက်မတ်မတ် ကြိုးစား အား ထုတ်ခဲ့မှုကြောင့် အမြတ်အနည်းငယ် ရရှိခဲ့ပါသည်။ အဆိုပါ အစီရင်ခံသည့် ကာလ အတွင်း အမြတ်ရရှိခဲ့သော်လည်း လွန်ခဲ့သော ဘဏ္ဍာရေးနှစ်များ၏ အရှုံးပမာဏ နှင့် မကာမိနိုင်သေးခြင်းကြောင့် ဥပဒေကြောင်းအရ အမြတ်ဝေစုများပေးရန် မ ဆောင်ရွက်နိုင်ပေ။ ကုမ္ပဏီ၏ စီမံခန့်ခွဲမှုစရိတ်များ လျှော့ချခြင်း၊ ပေးရန်ရှိများ နည်းသွားခြင်း၊ အကျိုးအမြတ် ဖြစ်စေသော လုပ်ငန်းများကို ရှာဖွေလုပ်ကိုင်ခြင်း၊ ကုမ္ပဏီ၏ လုပ်ငန်းအရည်အသွေးပေါ် ယုံကြည်မှုရှိသော လုပ်ငန်းအပ်နှံသူများ ပိုမို ရရှိလာခြင်းတို့ကြောင့် နောင်ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းအကျိုးအမြတ်များ ရရှိ ပြီး ထိုက်တန်သော အမြတ်ဝေစုများ ထုတ်ပေးနိုင်ရန် စီမံခန့်ခွဲရေးအဖွဲ့က ကြိုးစား အားထုတ်လျက်ရှိသည်။

ကုမ္ပဏီ၏ သက်တမ်းဆယ်စုနှစ်တစ်ခုအတွင်းကို ပြန်လည်ခြုံငုံကြည့်မည် ဆိုလျှင် မိမိတို့ ကုမ္ပဏီက ဆောင်ရွက်ခွင့်ရ၊ ဆောင်ရွက်နိုင်ခဲ့သော အစိုးရကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍ စီမံကိန်းကြီးများ၊ ရရှိခဲ့သော လုပ်ငန်းအတွေ့အကြုံများ၊ လက်တွဲခဲ့ ရသော စီးပွားရေးလုပ်ဖော်ကိုင်ဖက်များမှာ မိမိတို့ကုမ္ပဏီအတွက် တန်ဖိုးမဖြတ်နိုင် သောအရာ ဂုဏ်ယူဖွယ်ကောင်းသောအရာများပင်ဖြစ်သည်။

တစ်ဖက်တွင်လည်း ကျွန်တော်တို့နှင့် ထာဝရခွဲခွာသွားခဲ့ရသည့် ဝန်ထမ်း

creating a better life

များနှင့် အခြေအနေအမျိုးမျိုးအရ ထွက်ခွာသွားသည့် ဝန်ထမ်းများ ရှိသကဲ့သို့ ကုမ္ပဏီ စတင်တည်ထောင်သည့်နှစ်မှ ယခုတိုင် စွဲမြဲစွာ တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများလည်း ရှိပါသည်။ ဆယ်နှစ်တိုင်တိုင် တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများအား ယင်းတို့၏ စွဲမြဲသော လုံ့လဝိရိယအတွက် ကျွန်ုပ်တို့က ဂုဏ်ယူချီးမြှင့်ပါသည်။ အစုရှယ်ယာရှင်များအားလုံးကိုယ်စား သူတို့ကို ကျွန်တော် ကျေးဇူးတင်အပ်ပါသည်။

လက်ရှိ ကြုံတွေ့နေရသော ပြဿနာနှင့် အခက်အခဲအမျိုးမျိုးကို အခက်အခဲမှသည် အခွင့်အလမ်းအဖြစ်သို့ ပြောင်းလဲနိုင်ပြီး အစုရှယ်ယာရှင်များအတွက် အကျိုးအမြတ် ဖြစ်ထွန်းနိုင်စေရန် စီမံခန့်ခွဲမှုအဖွဲ့နှင့် ဝန်ထမ်းများအားလုံးသည် ရိုးသားကြိုးစားစွာဖြင့် ဝိုင်းဝန်းပံ့ပိုးကူညီ နည်းလမ်းရှာဖွေ လုပ်ကိုင်ဆောင်ရွက်ရန် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌအနေဖြင့် ကျွန်တော် မေတ္တာရပ်ခံ တိုက်တွန်းပါသည်။ အချင်းချင်း ချစ်ခင်လေးစားစွာဖြင့် ဝိုင်းဝန်း ကူညီဖေးမ ထိန်းသိမ်းဆောင်ရွက်ပြီး ကုမ္ပဏီ၏ သက်တမ်းဆယ်နှစ်မှသည် ရှည်လျားသော အနာဂတ်ခရီးသို့ ချောမွေ့စွာ လျှောက်လှမ်းနိုင်ပါစေလို့ တိုက်တွန်းရင်း ကျွန်တော်၏ အမှာစကားကို နိဂုံးချုပ်အပ်ပါသည်။



creating a better life

# အုပ်ချုပ်မှုဒါရိုက်တာ၏
# အိတ်ဖွင့်ပေးစာ



စိုင်းအုန်းမြင့်

ဤမင်္ဂလာရှိသော နေ့ရက်တွင် အစုရှယ်ယာရှင်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်း ခညောင်းပါစေကြောင်း ပဏာမ ဆုမွန်ကောင်း တောင်းအပ်ပါသည်။

“ပိုမိုကောင်းမွန်သော ဘဝကို တည်ဆောက်ခြင်း” ဟူသော ကျွန်ုပ်တို့၏ ဆောင်ပုဒ်အတိုင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း တစ်ဖက်တစ်လမ်းမှ အထောက်အကူ ဖြစ်စေရန် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ အဖက်ဖက်သော လုပ်ငန်းရှင်များနှင့် ပူးပေါင်းကာ အဓိကအားဖြင့်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်မှာ ဤနှစ် ဆိုလျှင် ဆယ်နှစ်ပြည့်မြောက်ခဲ့ ပြီး ဖြစ်ပါကြောင်း ဂုဏ်ယူစွာဖြင့် တင်ပြအပ်ပါသည်။

ကုမ္ပဏီ၏ ဆယ်နှစ်တာကာလအတွင်း အဖက်ဖက်မှ ထောက်ပံ့အားပေးသော အစုရှယ်ယာရှင်များနှင့်အတူ မိမိတို့ ဆောင်ရွက်ခွင့်ရ၊ ဆောင်ရွက်နိုင်ခဲ့သော အစိုးရကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ စီမံကိန်းကြီးများ၊ ရရှိခဲ့သော လုပ်ငန်းအတွေ့အကြုံများ၊ လက်တွဲခဲ့ရသော စီးပွားရေး လုပ်ဖော်ကိုင်ဖက်များအားလုံးတို့မှာ မိမိတို့ အတွက်ဝမ်းမြောက် ဂုဏ်ယူဖွယ်ရာပင်ဖြစ်သည်။ ဤဆယ်နှစ်တာကာလအတွင်း ကျွန်တော်တို့ ဆောင်ရွက်ခဲ့သော အစိုးရကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ စီမံကိန်းများမှာ **ဂရိတ်ဟော်ခမ်း၏ ၁၀ နှစ်တာခရီး စီမံကိန်းမိုင်တိုင်များ**တွင် အကျဉ်းချုပ်အားဖြင့် ကြည့်ရှုနိုင်ပါသည်။



၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော လုပ်ငန်းများ၊ ဘဏ္ဍာရေးအခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများ အကြောင်းကို ရှယ်ယာရှင်များ သိရှိနိုင်ရန် အောက်ပါအတိုင်း အကျဉ်းအားဖြင့် တင်ပြထားပါသည်။

## စီမံကိန်းများ

### (၁) သုဝဏ္ဏမိဂဒါ မဟာစေတီတော် ပဉ္စမအဆင့်တည်ဆောက်ရေး လုပ်ငန်း

သုဝဏ္ဏမိဂဒါ မဟာစေတီတော် စီမံကိန်းကို ၂၀၁၃ ခုနှစ်မှ စပြီး ရပ်နီးရပ်ဝေးမှ အလှူဘဏ္ဍာငွေ ကောက်ခံရရှိမှုပမာဏ အလိုက် တည်ဆောက်ရခြင်းဖြစ်ရာ စေတီတော် တည်ဆောက်ရေးလုပ်ငန်းများကို အဆင့် ၅ ဆင့်ခွဲပြီး အဆင့်ဆင့် တည်ဆောက်ခဲ့ကာ လွန်ခဲ့သော ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် စတုတ္ထအဆင့်အထိ ဆောင်ရွက်ပြီးစီးခဲ့ပါသည်။ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် နိုင်ငံရေး မတည်ငြိမ်မှု များကြောင့် တည်ဆောက်ရေး လုပ်ငန်းများ မဆောင်ရွက်နိုင်ခဲ့ပါ။

ဤအစီရင်ခံသော ဘဏ္ဍာရေးနှစ်အတွင်း လွယ်တိန်ခမ်းကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဆရာတော်ဘုရားကြီး ဘဒ္ဒန္တသုခမိန္ဒ (စဝ်ဆုခမ်း)

လမ်းညွှန်ချက်အတိုင်း စေတီတော် တည်ဆောက်ရေး ပဉ္စမအဆင့် လုပ်ငန်းများကို ပဉ္စမအဆင့် တည်ဆောက်ရေးလုပ်ငန်းစာချုပ်ဖြင့် ဇူလိုင်လ ၁ ရက်နေ့မှစပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

## (၂) ငွေဇင်ယော်အိမ်ရာစီမံကိန်း ဒုတိယအပိုင်း လမ်းတည်ဆောက်ခြင်းလုပ်ငန်း

ငွေဇင်ယော်အိမ်ရာစီမံကိန်းသည် ဒေသအတွင်းရှိ လုပ်ငန်းရှင်မှ ရင်းနှီးမြှုပ်နှံသော လူနေအိမ်ကွက် ဖော်ထုတ်ရေးစီမံကိန်းတစ်ခုဖြစ်ပြီး မူဆယ်မြို့နယ်၊ နမ့်ပန်းကျေးရွာအုပ်စု၊ နမ့်ခွမ်ကျေးရွာ၏ နယ်နိမိတ် အတွင်းဖြစ်ပြီး စက်မှုကွက်သစ်၏ အနီးဝန်းကျင်တွင် တည်ရှိကြောင်း ယခင်နှစ်အစီရင်ခံစာတွင် တင်ပြခဲ့ပြီး ဖြစ်ပါသည်။ ယခုနှစ်တွင် အဆိုပါစီမံကိန်း၏ ဒုတိယအပိုင်းအတွက် အိမ်ရာဖော်ထုတ်မှုကို ရင်းနှီးမြှုပ်နှံသူဖက်မှ ဆက်လက်ဖော်ဆောင်လျက်ရှိရာ ဂရိတ်ဟော်ခမ်းအနေဖြင့် ၁.၇၆ ဖာလုံ အရှည်ရှိ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းအပိုင်းကို ဆောင်ရွက်ခွင့်ရရှိခဲ့ပါသည်။

## (၃) နောင်မော်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း

ပန်ခမ်းကျေးရွာအုပ်စုအတွင်းရှိ နောင်မော်ရွာ၏ ရွာသူရွာသားများမှ ကိုယ်ထူကိုယ်ထ အလှူငွေထည့်ဝင်ပြီး ရွာအတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဖြစ်သည်။ ပြည်ထောင်စုလမ်းမကြီးမှ နောင်မော်ကျေးရွာအထိ ရွာချဉ်းကပ်လမ်းကို အလှူရှင်တစ်ဦးမှ ကွန်ကရစ်လမ်း ခင်းပေးခဲ့ပြီး ဆက်စပ်နေသည့် အရှည် ၂၃၀၀ ပေရှိ ရွာအတွင်းလမ်းကို အဆိုပါ ရွာသူရွာသားများမှ ကိုယ်ထူကိုယ်ထဖြင့် အရည်အသွေးမီကွန်ကရစ်လမ်းကို မိမိတို့ ဂရိတ်ဟော်ခမ်းအားအကောင်အထည်ဖော်ဆောင်ရွက်စေခဲ့ပါသည်။

## (၄) သကြားအရည်ဖျော်စက်ရုံ မြေနေရာဖော်ထုတ်ခြင်းလုပ်ငန်း

သကြားအရည်ဖျော်စက်ရုံ တည်ဆောက်နိုင်ရန် လုပ်ငန်းရှင်တစ်ဦးမှ မူဆယ်မြို့နယ်၊ ပန်ဆိုင်း (ကြူကုတ်) မြို့နယ်ခွဲ၊ ကျင်းဆန်းကျော့နယ်စပ်ဂိတ်အနီးရှိ လွမ်အင်ကျေးရွာ ဧရိယာအတွင်းရှိ တောင်စောင်းကုန်းမြေ တစ်နေရာတွင် မြေနေရာဖော်ထုတ်ခြင်းလုပ်ငန်းကို ဂရိတ်ဟော်ခမ်းအား လုပ်ငန်းအပ်နှံဆောင်ရွက်စေခဲ့ပါသည်။ လုပ်ငန်းပမာဏအားဖြင့် ၁၄,၇၉၅ ကျင်းသာရှိသော်လည်း လုပ်ငန်းတည်နေရာသည် ရေစိမ့်ထွက်စီးဆင်းရာ တောင်ကြောလမ်းကြောင်းအနီးတွင်တည်ရှိပြီး နေရာတော်တော်များတွင် နွံပျော့မြေများရှိနေပြီး ၎င်းတို့ကို ဖယ်ထုတ်ဖို့ကြိတ်ရခြင်း၊ ဒီဇိုင်းအရ ဆောင်ရွက်ပြီးသားအနေအထားကို ထပ်မံပြုပြင်မှုများ ရှိခြင်းတို့ကြောင့် လုပ်ငန်းအတွက် ပြီးသင့်သည်ထက် အချိန်ယူဆောင်ရွက်ခဲ့ရပါသည်။

## (၅) နမ့်ဆန်ရေလှောင်တမံစီမံကိန်း

Cornerstone Resources (Myanmar) Ltd. မှ ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးခရိုင်၊ လားရှိုးမြို့နယ်၊ ခေးနင်းကျေးရွာအုပ်စု၊ ခါးသျှိကျေးရွာအနီးတွင် လည်ပတ်ထုတ်လုပ်လျက်ရှိသော သတ္တုသန့်စင်စက်ရုံအတွက် လိုအပ်သော စက်ရုံသုံးနှင့် သောက်သုံးရေများအတွက် မြေအောက်ရေ (အဝီစိရေ) အစား အနီး

creating a better life

ရှိ နမ့်မွန်ချောင်း ရေအရင်းအမြစ်ကိုအသုံးပြုကာ မြေသားတမံတည်ဆောက်၍ မြေပေါ်ရေများစုဆောင်းပြီး တမံရေဖြင့် အသုံးပြုနိုင်ရန် မိမိတို့ ဂရိတ်ဟော်ခမ်း နှင့် Energy Reliable Ace Co., Ltd. တို့မှ ကျွမ်းကျင်ပညာရှင်များ ပူးပေါင်းပြီး စီမံကိန်းဖြစ်မြောက်နိုင်စွမ်း စူးစမ်းလေ့လာမှုများဆောင်ရွက်ခဲ့ကြောင်း ပြီးခဲ့သော ဘဏ္ဍာရေးနှစ် အစီရင်ခံစာတွင် တင်ပြခဲ့ပြီးဖြစ်သည်။

အဆိုပါ တမံစီမံကိန်းသည် အမြင့်အားဖြင့် ၁၄ မီတာရှိပြီး ကုဗမီတာ ၁ သန်းသိုလှောင်နိုင်သည့် မြေသားရေလှောင်တမံ အမျိုးအစားဖြစ်သည်။ စီမံကိန်းကို လားရှိုးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် မိမိတို့ ဂရိတ်ဟော်ခမ်းမှ အကြံပေးအရာရှိများ၊ ကျွမ်းကျင်ပညာရှင်များ၊ ကျွမ်းကျင်လုပ်သားများ၊ စက်/ယာဉ်/ယန္တရားများအသုံးပြု၍ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ အစီရင်ခံသည့်ကာလတွင် တည်ဆောက်ရေးလုပ်ငန်းများကို အရည်အသွေး ပြည့်မီစွာဖြင့် အောင်မြင်စွာ ဆောင်ရွက်ပြီးစီးပြီးဖြစ်ကြောင်း အစီရင်ခံအပ်ပါသည်။

## ရင်းနှီးမြှုပ်နှံမှုများ

### (၁) နမ့်ပေါ်ရေအားလျှပ်စစ် စီမံကိန်း

နမ့်ပေါ်ရေအားလျှပ်စစ်စီမံကိန်းသည် မူဆယ်မြို့ရှိ နမ့်ပေါ်ချောင်းရေအရင်းအမြစ်ကို အသုံးပြုတည်ဆောက်မည့် တပ်ဆင်စက်အင်အား ၂၀ မဂ္ဂါဝပ်ရှိ လျှပ်စစ်စီမံကိန်းတစ်ခုဖြစ်ပြီး ကုမ္ပဏီ၏ အဓိကကျသော ရေရှည်ရင်းနှီး မြှုပ်နှံမှုတစ်ခုလည်း ဖြစ်ပါသည်။ စီမံကိန်းလုပ်ကိုင် ဆောင်ရွက်ခွင့်ရရှိရန် ၂၀၁၃ ခုနှစ်မှ စတင်အဆိုပြုတင်ပြခဲ့ပြီး နားလည်မှုစာချွန်လွှာရေးထိုးခြင်း၊ ပဋိညာဉ်စာချုပ် ချုပ်ဆိုခြင်း၊ မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ရရှိခြင်း၊ ESIA Scoping Proposal ခွင့်ပြုမိန့်ရရှိခြင်း၊ ဓာတ်အားဝယ်ယူရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းစသည့် အဆင့်ဆင့်သော ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များကို ၂၀၁၈ ဇူလိုင်လတွင် ဆောင်ရွက် ပြီးစီးခဲ့ပြီး တည်ဆောက်မှုအနေနှင့် အကြိုအင်ဂျင်နီယာလုပ်ငန်းနှင့် ပင်မတမံ မြေသားလုပ်ငန်းများ၏ ၃၈ ရာခိုင်နှုန်းခန့်ကို ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။

စီမံကိန်းအတွက် မူလသတ်မှတ်ထားသော တည်ဆောက်ရေးကာလ ၃၆ လဖြင့် ၂၀၂၀ ခုနှစ်၊ မေလ၊ ၂၅ ရက်နေ့တွင် တည်ဆောက်ရေးလုပ်ငန်းများ ပြီးဆုံးရမည်ဖြစ်သော်လည်း ကုမ္ပဏီအနေဖြင့် ပဋိညာဉ်စာချုပ်လက်မှတ်ရေးထိုးပြီးနောက် နိုင်ငံခြားငွေကြေး လဲလှယ်မှုနှုန်းထား အဆမတန်မြင့်တက်လာခြင်း၊ ဒေသတွင်း လက်နက်ကိုင်ပဋိပက္ခများ မကြာခဏဖြစ်ပွားခြင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါနှင့် နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် ဆောင်ရွက်ရန် အခက်အခဲများစွာ ကြုံတွေ့ခဲ့ရပါသည်။

ထို့ကြောင့် စီမံကိန်းသတ်မှတ်ကာလအတွင်း နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်ခဲ့ရသည့်အတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှတစ်ဆင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ စီမံကိန်းသက်တမ်း တိုးမြှင့်ပေးပါရန် ပထမအကြိမ်

တင်ပြမှုတွင် စီမံကိန်းတည်ဆောက်ရေးကာလကို ကော်မရှင်က ၁၈ လ တိုးမြှင့်ပေးခဲ့ပြီး ဒုတိယအကြိမ်တင်ပြမှုတွင်လည်း တည်ဆောက်ရေးကာလ နောက်ထပ် ၁၈ လ တိုးမြှင့်ပေးခဲ့ပါသည်။ ထို့ပြင် ကိုဗစ်-၁၉ ကပ်ရောဂါ၏ သက်ရောက်မှုကြောင့် အမှန်တကယ် ထိခိုက်နစ်နာရသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအပေါ် ကုစားပေးနိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ပြည်တွင်းကုမ္ပဏီ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ၂၀ လအထိ တည်ဆောက်ရေးကာလအဖြစ် ထည့်သွင်းရေတွက်ခြင်း မပြုရန် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ဆုံးဖြတ်ခဲ့သည်။ ထို့ကြောင့် မိမိတို့ နမ့်ပေါ်ရေအားလျှပ်စစ်၏ တည်ဆောက်ရေးကာလမှာ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၂၄ ရက်အထိ တည်ဆောက်ခွင့် ရရှိမည်ဖြစ်သည်။

လက်ရှိနိုင်ငံခြားငွေလဲလှယ်နှုန်းအရ ဓာတ်အားဝယ်ယူရေးသဘောတူညီမှုစာချုပ်ပါ ဓာတ်အားခအတိုင်းဆိုလျှင် ရင်းနှီးမြှုပ်နှံမှုမှာ တွက်ခြေမကိုက်ဖြစ်နေလျက်ရှိသည်။ ရင်းနှီးမြှုပ်နှံမှုအတွက် တွက်ခြေကိုက်မှုရှိစေရန်နှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုများကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်သွားနိုင်ရန် ဓာတ်အားဝယ်ယူရေးသဘောတူညီမှု စာချုပ်ပါ အချက်အလက်များနှင့်အညီ ဓာတ်အားခတိုးမြှင့်ပေးနိုင်ရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသို့ တင်ပြလမ်းညွှန်မှု ခံယူထားပါသည်။

## (၂) ရေသဲ ထုတ်လုပ်ခြင်းလုပ်ငန်း

တည်ဆောက်ရေးလုပ်ငန်းများအတွက် မရှိမဖြစ်သောသဲကို တည်ဆောက်ရေးလုပ်ငန်းများနှင့် ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဖြစ်သည့် ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေးအတွက် အထောက်အပံ့ ဖြစ်နိုင်စေရေးအတွက် သဲထုတ်လုပ်ရေးလုပ်ငန်းကို ၂၀၁၈ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် စတင်လုပ်ကိုင်ခဲ့ပါသည်။ ဤ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အတွင်း အခြေအနေအရပ်ရပ်အရ မြို့နယ်တွင်း တည်ဆောက်ရေးလုပ်ငန်းမှာ တော်တော်များများ လျော့နည်းကျဆင်းသွားခဲ့သည်။ အဆိုပါ ဘဏ္ဍာရေးနှစ်အတွင်း ကုမ္ပဏီ၏ ကွန်ကရစ်ဖျော်စက်ရုံ၊ တည်ဆောက်ရေးကန်ထရိုက်လုပ်ငန်းနှင့် လက်လီလက်ကားဖောက်သည်များအတွက် စုစုပေါင်း ထုတ်လုပ်ပံ့ပိုးရောင်းချမှုပမာဏမှာ ၄၀၅၇ ကျင်းရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

## (၃) အသင့်ဖျော်ကွန်ကရစ် ထုတ်လုပ်ခြင်းလုပ်ငန်း

အသင့်ဖျော်ကွန်ကရစ် ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ကွန်ကရစ်ဖျော်စက် (HZ60) ကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တည်ထောင်ခဲ့ပြီး မိမိတို့၏ တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုသကဲ့သို့ ပြင်ပတည်ဆောက်ရေးလုပ်ငန်းများသို့လည်း ရောင်းချပေးလျက်ရှိပါသည်။ လက်ရှိအစီရင်ခံသည့် ဘဏ္ဍာရေးနှစ်အတွင်း ကုမ္ပဏီ၏ တည်ဆောက်ရေး လုပ်ငန်းများတွက် စုစုပေါင်းကွန်ကရစ် ၃,၀၁၇ ကုဗမီတာကို ထုတ်လုပ်ပံ့ပိုးပေးနိုင်ခဲ့ပြီး ပြင်ပလုပ်ငန်းများအတွက် စုစုပေါင်း ကွန်ကရစ်ပမာဏ ၃၅၁ ကုဗမီတာ ထုတ်လုပ်ရောင်းချနိုင်ခဲ့ပါသည်။

ထို့ပြင် သုဝဏ္ဏမိဂဒါ မဟာစေတီတော် တည်ဆောက်ရေးအတွက် စေတီတော်အမြင့်ပိုင်းသို့ ကွန်ကရစ်လောင်းရာတွင် အသုံးပြုနိုင်ရန် ကွန်ကရစ်လောင်း စက်

creating a better life

ယာဉ် Concrete pump truck တစ်စီးကိုလည်း ယခု အစီရင်ခံ ဘဏ္ဍာရေးနှစ်တွင် ဝယ်ယူနိုင်ခဲ့ပါသည်။ နောင်တွင် မိမိတို့၏ တည်ဆောက်ရေးလုပ်ငန်းများနှင့် အခြားသော ပြင်ပ တည်ဆောက်ရေး လုပ်ငန်းများအတွက် အသင့်ဖျော်ကွန်ကရစ် ပံ့ပိုးပေးရာတွင် စျေးကွက် ပိုမိုတွင်ကျယ်လာမည်ဖြစ်ပါသည်။

### (၄) မူဆယ်မြို့ ပုဂ္ဂလိက အမှိုက်နှင့်မိလ္လာ သိမ်းဆည်းရေး ဝန်ဆောင်မှုလုပ်ငန်း

အမြွာစက်မှုလုပ်ငန်းလီမိတက်၏ မူဆယ်မြို့၊ ပုဂ္ဂလိက အမှိုက်နှင့်မိလ္လာ သိမ်းဆည်းရေး ဝန်ဆောင်မှု လုပ်ငန်းကို ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂ ရက်နေ့မှ စတင် စာချုပ်ချုပ်ဆို လုပ်ငန်းဆောင်ရွက်ခဲ့သည်မှာ ၂ နှစ်နှင့် ၆ လ ပြည့်မြောက်ကျော်လွန်ခဲ့ပြီးဖြစ်ပါသည်။ စတင်ချိန်သည် ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီး ပထမလှိုင်းနှင့် စတင် ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး ကိုဗစ်-၁၉ ကပ်ရောဂါ ဒုတိယလှိုင်း၊ တတိယလှိုင်းများနှင့် ထပ်မံရင်ဆိုင်ခဲ့ရကာ ယခု ကိုဗစ်-၁၉ ၏စတုတ္ထလှိုင်း အိုမီခရွန်အား ရင်ဆိုင်ဖြတ်ကျော်လျက်ရှိပါသည်။

တစ်ချိန်တည်းတွင် နိုင်ငံရေးအပြောင်းအလဲဖြစ်ပေါ်မှု အခြေအနေများ၏ စိန်ခေါ်မှုများနှင့်အတူ စီးပွားရေး ပြောင်းလဲဖြစ်ပေါ်မှုအခက်အခဲများ၊ ကုန်စျေးနှုန်းမြင့်မားလာမှု၊ စက်သုံးဆီစျေးနှုန်း အဆမတန်ကြီးမားမှုနှင့် စက်သုံးဆီ ဝယ်ယူရန်ခက်ခဲလာမှုများ စသည့်ဘက်ပေါင်းစုံမှ အခက်အခဲများကြောင့် လစဉ် အရှုံးပေါ်နေလျက် ရှိသည်။ သို့သော် ဤလုပ်ငန်းသည် ကုမ္ပဏီအား ထိုက်သင့်သည့် အကျိုးအမြတ် မဖော်ဆောင်နိုင်သေးသော်လည်း ကုမ္ပဏီ၏ ငွေသားစီးဆင်းမှုအတွက် များစွာ အထောက်အကူပြုပေးသည့် လုပ်ငန်းတစ်ခုဖြစ်ပါသည်။

ထိုက်သင့်သည့် အကျိုးအမြတ်များ ဖော်ဆောင်နိုင်ရန်အတွက် လက်ရှိကောက်ခံလျက်ရှိသော ဝန်ဆောင်ခ၏ ၇၅% တိုးမြှင့်ကောက်ခံနိုင်ရေး ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနမှတစ်ဆင့် ရှမ်းပြည်နယ်အစိုရအဖွဲ့သို့ တင်ပြ လျှောက်ထားရာ ၁၁.၁၀.၂၀၂၂ ရက်နေ့တွင် ၇၅% တိုးမြှင့်ကောက်ခံမှုအား ခွင့်ပြုချက်ရရှိခဲ့ပြီးဖြစ်ပါသည်။ ယခု အစီရင်ခံကာလတွင် မြို့နယ်စည်ပင်သာယာရေးဌာနနှင့် စျေးနှုန်းသစ်ပြင်ဆင်ကောက်ခံမှုအတွက် သဘောတူစာချုပ် ချုပ်ဆိုနိုင်ရေး စာချုပ်ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။

ဝန်ဆောင်မှုလုပ်ငန်းအား အခက်အခဲအမျိုးမျိုးကြားမှ လုပ်ငန်းများရပ်တန့်မှုမရှိစေရန်လည်းကောင်း၊ စက်ချို့ယွင်း ပြုပြင်နေရချိန်တွင် သက်ဆိုင်ရာ အမှိုက်သိမ်းယာဉ်လမ်းကြောင်းများ ပျက်ကွက်မှု မရှိစေရန်လည်းကောင်း လက်ရှိ အသုံးပြုလျက်ရှိသော စက်/ယာဉ်/ယန္တရားမျိုးစုံ ၂၇ စီးအပြင် အစားထိုးအသုံးပြုနိုင်ရန် အမှိုက်သိမ်းယာဉ် ပုဇဉ်းခေါင်းထော်လာဂျီ ၃ စီးကိုလည်း ကုမ္ပဏီအနေဖြင့် ဝယ်ယူအားဖြည့်ခဲ့ပါသည်။

ထို့ပြင် ၁၀၅ မိုင်၊ မိုင်းယုလေးကျေးရွာမှ ရပ်မိရပ်ဖများ၏ အမှိုက်နှင့် မိလ္လာ သိမ်းဆည်းရေး ဝန်ဆောင်မှုပေးရန် တောင်းဆိုချက် အရ ၁၂.၈.၂၀၂၂ ရက်နေ့မှစ၍ အဆိုပါ မိုင်းယုလေးကျေးရွာရှိ နယ်မြေ ၅ ခုအား ပုဇဉ်းခေါင်း ထော်လာဂျီယာဉ် ၁ စီးဖြင့် အမှိုက်သိမ်းဆည်းရေး ဝန်ဆောင်မှုလုပ်ငန်းအား စတင်ဆောင်ရွက်လျက်ရှိပါသည်။

အထက်ဖော်ပြပါ အမှိုက်သိမ်းဝန်ဆောင်ခ ၇၅% တိုးမြှင့်ကောက်ခံနိုင်ခြင်းနှင့် ၁၀၅ မိုင်၊ မိုင်းယုလေးကျေးရွာအထိ ဝန်ဆောင်မှု တိုးလာခြင်းကြောင့် ကုမ္ပဏီအား ဝင်ငွေတိုးပွားစေနိုင်မည်ဖြစ်သည်။ အနာဂတ်တွင် အမှိုက်မှ စွမ်းအင်ထုတ်လုပ်ခြင်း၊ ဆယ်တင်ပစ္စည်းများ ပြန်လည်ရောင်းချခြင်း၊ ဓာတုဆေးရည်များ ထုတ်လုပ်ခြင်း၊ သဘာဝမြေသြဇာများ ထုတ်လုပ်ရောင်းချခြင်းစသည်တို့ကို ဆောင်ရွက်နိုင်လျှင် ကုမ္ပဏီ၏ ဝင်ငွေနှင့် အကျိုးအမြတ် ပိုမိုတိုးစေမည်ဖြစ်ပါသည်။

## ကုမ္ပဏီခွဲများ ဖျက်သိမ်းခြင်း

ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားပြီးနောက် နယ်စပ်ကုန်သွယ်ရေးများ ပိတ်ဆို့ခြင်းကြောင့် ကုန်ကြမ်းများ တင်သွင်းမှုမပြုနိုင်သောကြောင့်လည်းကောင်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်း မြင့်မားလွန်းခြင်းကြောင့်လည်းကောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ နည်းပါးသွားခြင်းကြောင့်လည်းကောင်း စီးပွားရေးတွက်ချေကိုက်မှု မရှိသော HPA Con-Gent Co., Ltd နှင့် Hor-Tech Co., Ltd တို့နှစ်ခုကို ဖျက်သိမ်းပြီးဖြစ်ကြောင်း အစီရင်ခံအပ်ပါသည်။

## ရန်ကုန် စတော့အိတ်ချိန်း

အစုရှယ်ယာရှင်များအတွက် မိမိတို့ပိုင်ဆိုင်သော အစုရှယ်ယာများကို လွတ်လပ်စွာ ရောင်းဝယ်နိုင်ရေးအတွက် ရန်ကုန်စတော့အိတ်ချိန်း (YSX) သို့ စာရင်းဝင်နိုင်ရေး ၂၀၁၅ - ၂၀၁၆ ခုနှစ်ကတည်းကပင် ကြိုးပမ်းခဲ့သော်လည်း အခြေအနေအမျိုးမျိုးကြောင့် ရန်ကုန်စတော့အိတ်ချိန်သို့ စာရင်းမဝင်သေးရန် ဒါရိုက်တာအဖွဲ့က ဆုံးဖြတ်ခဲ့ပါသည်။ မိမိတို့၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ခိုင်မာစွာ လည်ပတ်နိုင်ပြီးသော အနေအထားမျိုးဖြစ်မှသာ စတော့အိတ်ချိန်းသို့ ဝင်လျှင် အစုရှယ်ယာရှင်များအတွက် ပိုပြီး အကျိုးဖြစ်ထွန်း စေနိုင်မည်ဖြစ်သည်။

## ဘဏ္ဍာရေးကဏ္ဍ

၂၀၂၁ - ၂၀၂၂ ဘဏ္ဍာရေးနှစ်သည် အထက်ဖော်ပြပါ စိန်ခေါ်မှုများနှင့် အခက်အခဲများကို ကြုံကြိုက်ခဲ့ ရင်ဆိုင် ဖြတ်ကျော်ရင်း တစ်ဖက်တွင်လည်း တွက်ချေကိုက်မှု မရှိသော လုပ်ငန်းများနှင့် ကုမ္ပဏီခွဲများကို ဖျက်သိမ်းခြင်း၊ ဝန်ထမ်းများကို စီမံကိန်းအလိုက်သာ ခန့်ထားခြင်း၊ ဝန်ထမ်းများနှင့် စီမံခန့်ခွဲမှု စရိတ်များကို အတတ်နိုင်ဆုံး လျှော့ချခြင်း၊ ယခင် ဘဏ္ဍာရေးနှစ်များအတွင်း စီမံကိန်းဖြစ်မြောက်နိုင်စွမ်း စူးစမ်းလေ့လာထားပြီးဖြစ်သော နမ့်ဆန်ရေလှောင်တမံ စီမံကိန်းကဲ့သို့သော စီမံကိန်းများရှိခြင်း စသည်တို့ကြောင့် ကုမ္ပဏီအတွက် အကျိုးအမြတ် အနည်းငယ်ဖော်ဆောင်နိုင်ခဲ့ပါသည်။ သို့သော် ယခု အစီရင်ခံကာလအထိ ဖော်ဆောင်နိုင်ခဲ့သော အကျိုးအမြတ်ပမာဏသည် ကုမ္ပဏီ၏ ပေးရန်ရှိ ပမာဏအား မကာမိသေးခြင်းကြောင့် ယခု အစီရင်ခံသည့် ဘဏ္ဍာရေးနှစ်တွင်လည်း အစုရှယ်ယာရှင်များ အားအမြတ်ဝေစု မပေးသင့်သေးကြောင်း ဒါရိုက်တာအဖွဲ့က ဆုံးဖြတ်ထားပါသည်။

ဘဏ္ဍာရေးအစီရင်ခံစာအရ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ကုမ္ပဏီ၏ ဘဏ္ဍာရေးအခြေအနေ အချုပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

- ကုမ္ပဏီ၏ အသားတင်ပိုင်ဆိုင်မှုမှာ ၁၄,၃၄၈.၆၆ ကျပ်သန်း၊
- ရှယ်ယာတစ်စောင်၏ စာရင်းတန်ဖိုးမှာ ၁,၉၉၅.၁၈ ကျပ် ဖြစ်ပါသည်။ မနှစ်က ရှယ်ယာတန်ဖိုးနှင့် နှိုင်းယှဉ်ပါက ရှယ်ယာတစ်စောင်လျှင် တန်ဖိုးအားဖြင့် ၅၀ ကျပ်ခန့် တက်လာကြောင်း တွေ့ရပါသည်။

## နိဂုံး

အချုပ်အားဖြင့် ဆိုရသော် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်သည် ပြည်သူလူထုများအနေဖြင့် ရာခိုင်နှုန်းအတော်များများ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပြီးဖြစ်ခြင်းကြောင့် ကပ်ရောဂါအခြေအနေသည် အကောင်းဘက်သို့ ဦးတည်လာပြီးဖြစ်သည်ဟု ဆိုရသော်လည်း နိုင်ငံရေး မတည်ငြိမ်မှု၊ ကုန်ဈေးနှုန်းမြင့်မားမှု နှင့် ငွေလဲလှယ်နှုန်းများ မတည်ငြိမ်မှုစသည့် အခက်အခဲများသည် ဒေသတွင်း စီးပွားရေးလုပ်ငန်းများပေါ် များစွာ အကျိုးသက်ရောက်မှု ရှိသည်မှာ အားလုံးအသိပင်ဖြစ်ပါသည်။

ဤကဲ့သို့ အခက်အခဲနှင့်စိန်ခေါ်မှုအမျိုးမျိုးရှိသော် လည်း မိမိတို့၏ လုပ်ငန်းအရည်အသွေးပေါ်ကို မိမိတို့ ယုံကြည် သကဲ့သို့ အစဉ်အားပေးသော လုပ်ငန်းအပ်နှံသူများနှင့်ဖောက်သည်များ၊ တာဝန်သိပြီး တာဝန်ကျေပွန်သော လုပ်ဖော်ကိုင်ဖက်များနှင့် ဝန်ထမ်းကောင်းများ၊ ယုံကြည်အားပေးရသော အစုရှယ်ယာရှင်များ၊ နယ်ပယ်အသီးသီးမှ ပညာရှင်များ၊ ထိန်းကျောင်းမောင်းနှင်လာသည့် အဆင့်ဆင့်သောဦးဆောင်သူများ၊ လမ်းမှန်သို့ရောက်အောင် အကြံကောင်း ဉာဏ်ကောင်းများ ပေးခဲ့ကြသူများ ရှိနေခြင်းတို့ကြောင့်ပင် ယနေ့အထိ ကုမ္ပဏီ လည်ပတ်မှု အရှိန်မပြတ်ဘဲ ဆက်လက်ရပ်တည်နိုင်ခဲ့သည်။ အားလုံးကို မိမိစိတ်ဝမ်းမှ နက်ရှိုင်းစွာ အထူးကျေးဇူးတင်ပါသည်။

ထို့ပြင် ကုမ္ပဏီ စတင်တည်ထောင်သည့်နှစ်မှသည် ယခုအထိ တာဝန်ကျေပွန်စွာဖြင့် မညီးမညူ ဆိုးတူ ကောင်းဖက် တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်း ၁၀ ဦးအား ယင်းတို့၏ မဆုတ်မနစ် ခိုင်မာသော စိတ်ဓာတ်နှင့် ကုမ္ပဏီပေါ် ထားရှိသော ယင်းတို့၏ စေတနာနှင့် အနစ်နာခံမှုများအတွက် အစုရှယ်ယာရှင်များ ရှေ့မှောက်တွင် ၎င်းတို့ကို ကျွန်ုပ်တို့က ဂုဏ်ယူချီးမြှင့်မည်ဖြစ်ပါသည်။

တစ်ဖက်တွင်လည်း လွန်ခဲ့သော ဘဏ္ဍာရေးနှစ် လေးနှစ်အတွင်း အစုရှယ်ယာရှင်များအား အမြတ်ဝေစု မပေးနိုင်မှုအပေါ် မိမိအနေဖြင့် များစွာ စိတ်မကောင်းဖြစ်မိပါသည်။ သို့သော် ၂၀၁၄-မှ ၂၀၁၆ ခုနှစ်ထိ ဘဏ္ဍာရေးနှစ် ၃ နှစ်အတွင်း အစုရှယ်ယာရှင်များအား အမြတ်ဝေစုအဖြစ် စုစုပေါင်း ကျပ်သိန်း ၇,၀၁၂ ခွဲဝေပေးခဲ့ပြီးဖြစ်ပါသည်။ ယခု အစီရင်ခံကာလတွင် အမြတ်အနည်းငယ် ဖော်ဆောင်နိုင်ခဲ့ကြောင်း အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ နောင်လာမည့် ဘဏ္ဍာရေးနှစ်တွင် အစုရှယ်ယာရှင်များအား ထိုက်တန်သော အမြတ်ဝေစုပေးနိုင်ရန် ကျွန်ုပ်တို့ အစွမ်းကုန် ကြိုးစားသွားပါမည်။

ရှေ့လျှောက်တွင်လည်း မိဘပြည်သူများ၏ မေတ္တာကိုခံယူရင်း ပြီးခဲ့သည့်ကာလများက ရရှိလာခဲ့သည့် အတွေ့အကြုံကောင်းများကို အကျိုးရှိစွာအသုံးချလျက် ပိုမိုကောင်းမွန်သောဘဝကို ဖန်တီးသွားမည် ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။



# ကုမ္ပဏီစီမံအုပ်ချုပ်မှုဆိုင်ရာ အချက်အလက်များကဏ္ဍ


ကုမ္ပဏီအထွေထွေအချက်အလက်များ ...... 17

ဒါရိုက်တာများအဖွဲ့ ...... 18

စီမံခန့်ခွဲရေးအဖွဲ့ ...... 19

ဂရိတ်ဟော်ခမ်း၏ စွန့်ဦးတည်ထောင်သူများ - တည်ထောင်သူများအဖွဲ့ ...... 20

ဒါရိုက်တာများ၏ ကိုယ်ရေးအကျဉ်း ...... 22

ဥပဒေအကြံပေး၏ ကိုယ်ရေးအကျဉ်း ...... 33

ပြင်ပစာရင်းစစ် ...... 34

# ကုမ္ပဏီအထွေထွေအချက်အလက်များ

| | | |
|---|---|---|
| ကုမ္ပဏီအမည် | : | ဂရိတ်ဟော်ခမ်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် |
| မှတ်ပုံတင်ရုံးလိပ်စာ | : | အမှတ် ၂၁-၂၂၊ ဘလောက် ဖ၊ မင်္ဂလာအောင်မြင်လမ်းနှင့် ရွှေမိုးငွေမိုးလမ်းထောင့်၊ မင်္ဂလာမူဆယ်၊ တော်ရွက်ရပ်ကွက်၊ မူဆယ်မြို့၊ ရှမ်းပြည်နယ်။ |
| လုပ်ငန်းအမျိုးအစား | : | အစိုးရအဖွဲ့အစည်းများ၊ ဒေသတွင်းရင်းနှီးမြှုပ်နှံမှုများ၊ ပုဂ္ဂလိကလုပ်ငန်းများနှင့်အတူ ကန်ထရိုက်လုပ်ငန်းလုပ်ကိုင်ခြင်း၊ တစ်ဆင့်ကန်ထရိုက်လုပ်ငန်းများ လုပ်ကိုင်ခြင်း၊ အကျိုးတူ ပူးပေါင်းလုပ်ဆောင်ခြင်းနှင့် ကိုယ်ပိုင်ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ခြင်းများဖြင့် အရည်အသွေးပြည့်မီသည့် ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ဆောင်ခြင်း။ |
| ကုမ္ပဏီမှတ်ပုံတင်အမှတ် | : | ၁၀၃၁၆၄၂၄၉ |
| ရှယ်ယာတစ်စောင်၏တန်ဖိုး | : | ၁၀၀၀ ကျပ် (တစ်ထောင်ကျပ်) |
| ထုတ်ပြီးသောအစုရှယ်ယာပေါင်း | : | ၇,၁၄၃,၈၀၀ ရှယ်ယာ |
| ပေးသွင်းပြီးမတည်ငွေရင်း | : | ၇,၁၄၃,၈၀၀,၀၀၀ ကျပ် (၇.၁၄၃ ဘီလီယံကျပ်) |
| ဥပဒေအကြံပေး | : | ဦးသိန်းရွှေ (B.A., H.G.P., R.L.) ဗဟိုတရားရုံးရှေ့နေ |
| ပြင်ပစာရင်းစစ် | : | ICOP Sein Win & Associates Co., Ltd |

# ဂရိတ်ဟော်ခမ်း၏ ၁၀ နှစ်တာခရီး စီမံကိန်းမိုင်တိုင်များ

## ကုမ္ပဏီစတင်တည်ထောင်ခြင်း

2012

၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အဖြစ် အစုရှယ်ယာပေါင်း ၁၈,၀၀၀ စောင်၊ တစ်စောင်လျှင် ၁၀၀,၀၀၀ (တစ်သိန်း) ကျပ်ဖြင့် စတင်တည်ထောင်ခဲ့သည်။

## မူဆယ် ဗဟိုစီးပွားရေးဇုန် စီမံကိန်း

2013

ကုမ္ပဏီတည်ထောင်ပြီးသည်နှင့် New Starlight ကုမ္ပဏီလီမိတက်မှ ရင်းနှီးမြှုပ်နှံသော မူဆယ် ဗဟိုစီးပွားရေးဇုန် စီမံကိန်းတွင် အခြေခံအဆောက်အအုံ လုပ်ငန်းများအတွက် ပင်မကန်ထရိုက်တာအဖြစ်ဖြင့် လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့သည်။

## ရေအားလျှပ်စစ် စီမံကိန်း

2014

- နမ့်ပေါ်ရေအားလျှပ်စစ် စီမံကိန်းအတွက် အကြို ဖြစ်နိုင်ခြေ စူးစမ်းလေ့လာခြင်းကို ၂၀၁၃ ခုနှစ်တွင် ဆောင်ရွက်ခဲ့ပြီး အဆိုပါ စီမံကိန်းအတွက် ရှမ်းပြည်နယ်အစိုးရနှင့် နားလည်မှုစာချွန်လွှာ (MOU) ၂၀၁၄ ခုနှစ်တွင် ရေးထိုးနိုင်ခဲ့သည်။
- အခြားသော လူနေအိမ် အဆောက်အအုံ တည်ဆောက်ရေး လုပ်ငန်းများကိုလည်း လုပ်ကိုင်ဆောင်ရွက်ခဲ့သည်။
- မူဆယ်မြို့ မိဂဒါမဟာစေတီတော် စီမံကိန်းလုပ်ငန်းကို စတင်နိုင်ခဲ့ပြီး ပထမအဆင့်နှင့် ဒုတိယအဆင့် တည်ဆောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။
- ဤနှစ်အတွင်း အစုရှယ်ယာ အစောင်ရေ ၂၆,၀၆၄ အထိ ရင်းနှီးမြှုပ်နှံမှု တိုးလာခဲ့သည်။

## နန်းတော်ဂိတ်နှင့် ၁၀၅-မိုင် သစ်သီးကုန်စည်ဒိုင်ဈေး စီမံကိန်း

2015

- ရှမ်းပြည်နယ်အစိုးရ၏ မူဆယ် နန်းတော်ဂိတ်၊ လူဝင်မှု ကြီးကြပ်စစ်ဆေးရေးစခန်း စီမံကိန်း၊
- အရှေ့မြောက်တံခါး ကုမ္ပဏီမှ ရင်းနှီးမြှုပ်နှံသော မူဆယ် မြို့နယ်၊ မိုင်းယု ၁၀၅-မိုင် နယ်စပ်သစ်သီးကုန်စည်ဒိုင်ဈေး စီမံကိန်း၏ အခြေခံ အဆောက်အအုံ တည်ဆောက်ရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။
- ဤနှစ်အတွင်း အစုရှယ်ယာ အစောင်ရေ ၅၄,၅၁၈ အထိ ရင်းနှီးမြှုပ်နှံမှု တိုးလာခဲ့သည်။

creating a better life

## ရွှေလီ-၃ ရေအားလျှပ်စစ် စီမံကိန်း၊ ရန်ကုန် စတော့အိတ်ချိန်း

2016

- မူလ အစုရှယ်ယာတစ်စောင်လျှင် တန်ဖိုးတစ်သိန်းရှိရာမှ တစ်စောင်လျှင် တန်ဖိုး ၁,၀၀၀ ရှိ အစုရှယ်ယာ အစောင်ရေ ၁၀၀ အဖြစ်သို့ ခွဲခဲ့သည်။ ရှယ်ယာအုပ်စု (က) (ခ) နှစ်မျိုးကိုလည်း သာမန်အစုရှယ်ယာ အုပ်စုတစ်မျိုးတည်းအဖြစ်သို့ ပြောင်းလဲခဲ့သည်။
- ရန်ကုန်စတော့အိတ်ချိန်းသို့ စာရင်းဝင်နိုင်သော ကုမ္ပဏီ ၉ ခုတွင်လည်း ပါဝင်နိုင်ခဲ့သည်။ သို့သော် အခြေအနေအမျိုးမျိုးကို ချိန်ထိုးပြီး ရန်ကုန်စတော့အိတ်ချိန်းသို့ မဝင်ရန် ဆုံးဖြတ်ခဲ့သည်။
- နိုင်ငံတော်အစိုးရ၏ ၁,၀၅၀ မဂ္ဂါဝပ်တပ်ဆင်အင်အားရှိ ရွှေလီ-၃ ရေအားလျှပ်စစ် စီမံကိန်းတွင် သံကူကွန်ကရစ် ရေလွှဲရေထုတ်ပြွန် တည်ဆောက်ခြင်း လုပ်ငန်းကို ဆောင်ရွက်နိုင်ခဲ့သည်။
- ဤနှစ်အတွင်း အစုရှယ်ယာပေါင်း ၇,၁၀၉,၅၀၀ အထိ ရင်းနှီးမြှုပ်နှံမှု ရှိခဲ့သည်။

## ထပ်တိုးစီမံကိန်းများ

2017

- မိုင်းယု ၁၀၅-မိုင် နယ်စပ် သစ်သီးကုန်စည်ဒိုင်ဈေး စီမံကိန်း၏ ထပ်တိုး စီမံကိန်း၊
- ရွှေလီ-၃ ရေအားလျှပ်စစ် စီမံကိန်း၏ သံကူကွန်ကရစ် ရေလွှဲရေထုတ်ပြွန် တည်ဆောက်ခြင်း လုပ်ငန်းအတွက် အခြားကန်ထရိုက်တစ်ခုကို ဆောင်ရွက်ခဲ့သည်။
- အစုရှယ်ယာပေါင်း ၇,၁၄၃,၈၀၀ အထိ ရင်းနှီးမြှုပ်နှံမှု အနည်းငယ် တိုးခဲ့သည်။

## ထပ်တိုးစီမံကိန်းများ

2018

- သုဝဏ္ဏမိဂဒါ မဟာစေတီတော် စီမံကိန်း၏ တတိယအဆင့် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။
- မူဆယ် ဗဟိုစီးပွားရေးဇုန်စီမံကိန်း၏ ဇုန်-၄၊ ဇုန်-၅ နှင့် ဇုန်-၆ များရှိ လမ်းများအတွက် မြေသား လုပ်ငန်းနှင့် Cement Stabilize လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

## မူဆယ်-နမ့်ခမ်းလမ်း အဆင့်မြှင့်တင်ခြင်း စီမံကိန်း

2019

- မူဆယ်-နမ့်ခမ်းလမ်းကို မူလ ၁၂ ပေရှိ ရိုးရိုးကတ္တရာလမ်းမှ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ ကွန်ကရစ်လမ်းအဖြစ်သို့ ပထမစာချုပ်အဖြစ် လမ်းအရှည်ငါးမိုင်အတွက် အဆင့်မြှင့်တင်ခြင်း လုပ်ငန်း ဆောင်ရွက်ခဲ့သည်။

## မူဆယ်မြို့ ပုဂ္ဂလိက အမှိုက်နှင့်မိလ္လာ သိမ်းဆည်းရေးလုပ်ငန်း

### 2020

- အမ္ဗြာ စက်မှုလုပ်ငန်း ကုမ္ပဏီဖြင့် မူဆယ်မြို့ ပုဂ္ဂလိက အမှိုက်နှင့်မိလ္လာ သိမ်းဆည်းရေးလုပ်ငန်းကို စတင် ဆောင်ရွက်ခဲ့သည်။
- သုဝဏ္ဏမိဂဒါ မဟာစေတီတော် စီမံကိန်း၏ စတုတ္ထအဆင့် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။
- မူဆယ် - နမ့်ခမ်းလမ်း အဆင့်မြှင့်တင်ခြင်းစီမံကိန်းမှ တစ်မိုင်ကျော်သော ထပ်တိုး လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။
- တပ်ဆင်စက်အင်အား ၂၆၀ ကီလိုဝပ်ရှိသည့် သီပေါမြို့နယ်၊ ဝမ့်နောင်ရွာရှိ အသေးစား ရေအားလျှပ်စစ် တည်ဆောက်ရေးလုပ်ငန်းကို ဆောင်ရွက်နိုင်ခဲ့သည်။

## လွယ်တိန်ခမ်း တောင်ပတ်လမ်းစီမံကိန်းနှင့် နမ့်ဆန်ရေလှောင်တမံ စီမံကိန်း

### 2021

- တစ်မိုင်ခွဲခန့်ရှိသည် လွယ်တိန်ခမ်း တောင်ပတ်လမ်းကို ကွန်ကရစ်လမ်းအဖြစ်သို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။
- မြန်မာ - တရုတ် နယ်စပ်ကုန်သွယ်ရေးအတွက် ဧက ၂၀ ရှိ ကျင်စန်းကျော့ ကုန်ချိန်းပြောင်း ကားကြီးကွင်းစီမံကိန်း၏ ကားပါကင်နှင့် Container Yard များ၏ မြေသားလုပ်ငန်းနှင့် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။
- Cornerstone Resources (Myanmar) Limited မှ ရင်းနှီးမြှုပ်နှံသည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့နယ်တွင် အမြင့် ၁၄ မီတာရှိ နမ့်ဆန်ရေလှောင်တမံတည်ဆောက်ရေးစီမံကိန်းကို စတင် ဆောင်ရွက်ခဲ့သည်။
- မူဆယ်မြို့အတွင်းရှိ ငွေဇင်ယော်အိမ်ရာစီမံကိန်းလမ်း၊ ၄၅-ကုန်းလမ်းနှင့် စက်မှုလမ်းတို့ကို ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

## သုဝဏ္ဏမိဂဒါ မဟာစေတီတော် ပဉ္စမအဆင့်နှင့် နမ့်ဆန်ရေလှောင်တမံ စီမံကိန်း

### 2022

- သုဝဏ္ဏမိဂဒါ မဟာစေတီတော် စီမံကိန်း၏ နောက်ဆုံးအဆင့် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။
- ၂၀၂၁ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့သော နမ့်ဆန်ရေလှောင်တမံစီမံကိန်း လုပ်ငန်းများကို အပြီးသတ် ဆောင်ရွက်ခဲ့သည်။
- လမ်းအရှည် ၂၃၀၀ ပေ၊ အကျယ် ၁၆ ပေရှိ မူဆယ်မြို့နယ်၊ ပန်ခမ်းကျေးရွာအုပ်စု နောင်မော်ကျေးရွာလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။
- လုပ်ငန်းရှင်တစ်ဦးမှ ရင်းနှီးမြှုပ်နှံသည့် မူဆယ်မြို့နယ်၊ ပန်ဆိုင်း (ကြူကုတ်) မြို့နယ်ခွဲ၊ လွယ်အင်ကျေးရွာရှိ သကြားအရည်ဖျော်စက်ရုံတစ်ခုအတွက် မြေနေရာဖော်ထုတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။

creating a better life

# ဒါရိုက်တာများအဖွဲ့



**စိုင်းခိမ်ခမ်း**

- ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ
- စာရင်းစစ်ကော်မတီဥက္ကဋ္ဌ
- လွတ်လပ်ဒါရိုက်တာ



**စိုင်းအုန်းမြင့်**

- လူမှုဝန်းကျင်ပူးပေါင်းတာဝန်ယူမှုကော်မတီဥက္ကဋ္ဌ
- အမှုဆောင်ဒါရိုက်တာ



**စိုင်းရီမွန်**

- စီမံအုပ်ချုပ်မှုစနစ်နှင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ
- လွတ်လပ်ဒါရိုက်တာ



**စိုင်းညီဆာ**

- လူမှုဝန်းကျင်ပူးပေါင်းတာဝန်ယူမှုကော်မတီအဖွဲ့ဝင်
- လွတ်လပ်ဒါရိုက်တာ



**စိုင်းခွန်ကျော်**

- အမည်အဆိုပြုရေးနှင့် ခံစားခွင့်သတ်မှတ်ရေးကော်မတီအဖွဲ့ဝင်
- အမှုဆောင်ဒါရိုက်တာ



**စိုင်းသန်းထွန်း**

- စီမံအုပ်ချုပ်မှုနှင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်
- အမှုဆောင်ဒါရိုက်တာ




# စီမံခန့်ခွဲရေးအဖွဲ့

### ၁ ဗိုင်းအုန်းမြင့်

- အုပ်ချုပ်မှုဒါရိုက်တာ
- လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဌာန ဒါရိုက်တာ

### ၂ ဗိုင်းခွန်ကျော်

- ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ
- စီမံကိန်းနှင့်သုတေသနဌာနဒါရိုက်တာ

### ၃ ဗိုင်းသန်းထွန်း

- ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ
- စည်းကမ်းလိုက်နာမှုကြီးကြပ်ရေးဌာနဒါရိုက်တာ

### ၄ ဗိုင်းအောင်ကြည်

- ဘဏ္ဍာရေးဌာန ဒါရိုက်တာ

### ၅ ဗိုင်းတင်အောင်

- ဆောက်လုပ်ရေးဌာန ဒါရိုက်တာ

မှန်ကန်သောကျင့်ဝတ်နှင့် လုပ်ထုံးလုပ်နည်း
အတိုင်း လိုက်နာကျင့်သုံးပြီး
အကျိုးအမြတ်ကို ဖော်ဆောင်နိုင်ခြင်းသည်
စီမံခန့်ခွဲမှု၏ တန်ဖိုးတစ်ခုဖြစ်သည်။

# ဂရိတ်ဟော်ခမ်း၏ စွန့်ဦးတည်ထောင်သူများ
# အဖွဲ့



စိုင်းအုန်းမြင့်



စိုင်းအောင်ကြည်



နန်းနွမ်ဆိုင်ယိမ်း



စိုင်းညီဆာ



စိုင်းဝမ်းခေါင်



စိုင်းလှိုင်းခေါင်



စိုင်းထွန်းမြင့်



စိုင်းတင်အောင်



စိုင်းအိုက်လင်း



စိုင်းထွန်းဝင်း



စိုင်းခိမ်ခမ်း



စိုင်းရီမွန်



စိုင်းဆမ်မောင်



စိုင်းလင်းပန်



စိုင်းဆိုင်လှိုင်း

# ဒါရိုက်တာများ၏ ကိုယ်ရေးအကျဉ်း





# ခိုင်းဒိမ်ခမ်း

- ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ
- လွတ်လပ်ဒါရိုက်တာ
- ဘာရင်းစစ်ကော်မတီ ဥက္ကဋ္ဌ
- အမည်အဆိုပြုရေးနှင့် ခံစားခွင့်သတ်မှတ်ရေး ကော်မတီ အဖွဲ့ဝင်

**ခန့်ထားသည့် ရက်စွဲ**

၂၀၂၁ ခုနှစ် ၊ နိုဝင်ဘာလ ၂၈ ရက်

**အသက်**

၅၄ နှစ်

**ရှယ်ယာပိုင်ဆိုင်မှု**

၁.၆၅%

**အခြားအရာရှိများနှင့် ဆွေမျိုးတော်စပ်မှု**

မရှိ

## လုပ်ငန်းအတွေ့အကြုံများ

၂၀၁၉ - လက်ရှိအချိန်
**ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ**
ဂရိတ်ဟော်ခမ်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်။

၂၀၁၇ - လက်ရှိအချိန်
**လွတ်လပ်ဒါရိုက်တာ**
ဂရိတ်ဟော်ခမ်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်။

၂၀၁၃ - လက်ရှိအချိန်
**ရပ်ကွက်အုပ်ချုပ်ရေးမှူး**
မြောက်ရပ်ကွက်၊ မူဆယ်မြို့၊ ရှမ်းပြည်နယ်။

၁၉၉၁ - လက်ရှိအချိန်
**ပိုင်ရှင်**
ပြည့်စုံအောင် အီလက်ထရောနစ် ရောင်းဝယ်ရေး၊ မူဆယ်၊ ရှမ်းပြည်နယ်။

၂၀၁၂-၂၀၁၃
**အမှုဆောင်ဒါရိုက်တာ**
ဂရိတ်ဟော်ခမ်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်။

## လုပ်ငန်းအတွေ့အကြုံများ

၁၉၉၃ - ၁၉၉၆
Bsc. (Physics)
ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်

creating a better life



# စိုင်းအုန်းမြင့်

- ဒါရိုက်တာအဖွဲ့ဝင်
- အုပ်ချုပ်မှုဒါရိုက်တာ
- လူမှုဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင် ပူးပေါင်းတာဝန်ယူမှုကော်မတီအဖွဲ့ဥက္ကဋ္ဌ

**ခန့်ထားသည့် ရက်စွဲ**

၂၀၂၁ ခုနှစ် ၊ နိုဝင်ဘာလ ၊ ၂၈ ရက်

**အသက်**

၅၄ နှစ်

**ရှယ်ယာပိုင်ဆိုင်မှု**

၁၂.၀၄%

**အခြားအရာရှိများနှင့် ဆွေမျိုးတော်စပ်မှု**

ကုမ္ပဏီတည်ထောင်သူများထဲမှ
စိုင်းထွန်းဝင်း၏ ညီ

## လုပ်ငန်းအတွေ့အကြုံများ

၂၀၁၂ - လက်ရှိအချိန်
**အုပ်ချုပ်မှုဒါရိုက်တာ**
ဂရိတ်ဟော်ခမ်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်။

၂၀၁၉ - လက်ရှိအချိန်
**ဥက္ကဋ္ဌ**
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းခွဲ၊ မူဆယ်၊ ရှမ်းပြည်နယ်။

၂၀၁၇ - ၂၀၁၉
**ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ**
ဂရိတ်ဟော်ခမ်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်။

၂၀၁၃ - ၂၀၁၆
**ဥက္ကဋ္ဌ**
မူဆယ်မြို့နယ် စည်ပင်သာယာရေးကော်မတီ။

၂၀၁၀-၂၀၁၁
**ခွဲကျောက်ထုတ်လုပ်ခြင်း ကန်ထရိုက်လုပ်ငန်း**
မြစ်ဆုံ၊ အထက်သံလွင် (ကွမ်းလုံ) ရေအားလျှပ်စစ်စီမံကိန်းများ။

၂၀၀၆ - ၂၀၀၈
**စီမံကိန်းမန်နေဂျာ**
ကချင်ပြည်နယ်ရှိ မြစ်ဆုံ၊ ချီဖွေကြီး၊ ချီဖွေငယ်၊ ဝူးထော့၊ ခေါင်လံဖူး၊ ရေလံ၊ ဝဆုတ်နှင့် လာဇာ ရေအားလျှပ်စစ်စီမံကိန်းများ၊ အေးရှားဝေါလ်ကုမ္ပဏီလီမိတက်။

၂၀၀၀ - ၂၀၀၆
**စီမံကိန်းအင်ဂျင်နီယာ**
ရွှေလီ-၁ ရေအားလျှပ်စစ်စီမံကိန်း၊ အေးရှားဝေါလ်ကုမ္ပဏီလီမိတက်။

၁၉၉၈ - ၂၀၀၀
**လက်ထောက်အင်ဂျင်နီယာ**
မိုင်းယု-ကြူကုတ်နှင့် မိုင်းယု-မူဆယ်-နမ့်ခမ်း ပြည်ထောင်စုလမ်းမကြီးစီမံကိန်း၊ အေးရှားဝေါလ် ကုမ္ပဏီလီမိတက်။

၁၉၉၇ - ၁၉၉၈
**ဒုတိယလက်ထောက်အင်ဂျင်နီယာ**
မန္တလေး - လားရှိုး - မူဆယ် ပြည်ထောင်စုလမ်းမကြီးစီမံကိန်း၊ အေးရှားဝေါလ်ကုမ္ပဏီလီမိတက်။

## ပညာရေး

- ACPE (Civil)
- P.E Construction (Road)
- ၁၉၈၇ - ၁၉၉၆

BE(Civil)
ရန်ကုန်စက်မှုတက္ကသိုလ်၊ ရန်ကုန်



# စိုင်းရီမွန်

- လွတ်လပ်ဒါရိုက်တာ
- စီမံအုပ်ချုပ်မှုစနစ်နှင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ

**ခန့်ထားသည့် ရက်စွဲ**

၂၀၂၁ ခုနှစ် ၊ နိုဝင်ဘာလ ၊ ၂၈ ရက်

**အသက်**

၅၃ နှစ်

**ရှယ်ယာပိုင်ဆိုင်မှု**

၁.၅၄ %

**အခြားအရာရှိများနှင့် ဆွေမျိုးတော်စပ်မှု**

မရှိ

## လုပ်ငန်းအတွေ့အကြုံများ

၂၀၂၁ - လက်ရှိအချိန်
**လွတ်လပ်ဒါရိုက်တာ**
ဂရိတ်ဟော်ခမ်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်။

၂၀၁၂-၂၀၁၅
**အမှုဆောင်ဒါရိုက်တာ**
ဂရိတ်ဟော်ခမ်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်။

၂၀၁၅-၂၀၁၆
**ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ**
ဂရိတ်ဟော်ခမ်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်။

၁၉၉၆ - လက်ရှိအချိန်
**ကိုယ်ပိုင်စီးပွားရေး**

## ပညာရေး

၁၉၈၂ - ၁၉၈၅
**Bsc. (Botany)**
မန္တလေးတက္ကသိုလ် မန္တလေး

creating a better life



# စိုင်းခွန်ကျော်

- ဒါရိုက်တာအဖွဲ့ဝင်
- ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ (လုပ်ငန်းလည်ပတ်မှုအုပ်စု)
- အမည်အဆိုပြုရေးနှင့် ခံစားခွင့်သတ်မှတ်ရေး ကော်မတီ အဖွဲ့ဝင်

**ခန့်ထားသည့် ရက်စွဲ**

၂၀၂၁ ခုနှစ် ၊ နိုဝင်ဘာလ ၊ ၂၈ ရက်

**အသက်**

၄၆ နှစ်

**ရှယ်ယာပိုင်ဆိုင်မှု**

၀.၄၂ %

**အခြားအရာရှိများနှင့် ဆွေမျိုးတော်စပ်မှု**

မရှိ

## လုပ်ငန်းအတွေ့အကြုံများ

၂၀၁၆ - လက်ရှိအချိန်
**ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ (လုပ်ငန်းလည်ပတ်မှုအုပ်စု)**
ဂရိတ်ဟော်ခမ်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်။

၂၀၁၆ - လက်ရှိအချိန်
**အုပ်ချုပ်မှုဒါရိုက်တာ**
ဟော်တက်ခ် ကုမ္ပဏီလီမိတက်၊ မူဆယ်၊ ရှမ်းပြည်နယ်။

၂၀၁၃ - ၂၀၁၆
**အဖွဲ့ဝင်**
မူဆယ်မြို့နယ် စည်ပင်သာယာရေးကော်မတီ။

၂၀၁၄-၂၀၁၆
**မန်နေဂျာ**
ဂရိတ်ဟော်ခမ်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်။

၂၀၀၇ - ၂၀၁၄
**ကိုယ်ပိုင်စီးပွားရေး**
စလင်းကျောက်ရောင်းဝယ်ရေးနှင့် စားသောက်ကုန်လုပ်ငန်း၊ မူဆယ်မြို့၊ ရှမ်းပြည်နယ်။

၂၀၀၄ - ၂၀၀၆
**ဆိုဒ်အင်ဂျင်နီယာ**
ဟိန်း အင်ဂျင်နီးယားရင်း ကုမ္ပဏီလီမိတက်၊ ရန်ကုန်။

၂၀၀၃ - ၂၀၀၄
**ရုံးအင်ဂျင်နီယာ**
Central Engineering & Construction Co., Ltd
Yangon, Myanmar.

## ပညာရေး

၁၉၉၅ - ၂၀၀၂
BE (Mechanical)
ရန်ကုန်နည်းပညာတက္ကသိုလ်၊ ရန်ကုန်။



# စိုင်းသန်းထွန်း

- ဒါရိုက်တာအဖွဲ့ဝင်
- ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ (အထွေထွေစီမံအုပ်ချုပ်မှုအုပ်စု)
- ကုမ္ပဏီစီမံအုပ်ချုပ်မှုနှင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု ကော်မတီ အဖွဲ့ဝင်

**ခန့်ထားသည့် ရက်စွဲ**
၂၀၂၁ ခုနှစ် ၊ နိုဝင်ဘာလ ၊ ၂၈ ရက်

**အသက်**
၄၀ နှစ်

**ရှယ်ယာပိုင်ဆိုင်မှု**
၀.၅၀ %

**အခြားအရာရှိများနှင့် ဆွေမျိုးတော်စပ်မှု**
မရှိ

## လုပ်ငန်းအတွေ့အကြုံများ

၂၀၁၇ - လက်ရှိအချိန်
**ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ (အထွေထွေစီမံအုပ်ချုပ်မှုအုပ်စု)**
ဂရိတ်ဟော်ခမ်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်။

၂၀၁၆-၂၀၁၇
**မန်နေဂျာမှ ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ**
ဂရိတ်ဟော်ခမ်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်။

၂၀၁၅ - ၂၀၁၆
**Marketing & Interpretor**
ဆုကူဖစ်ဆေးရုံ၊ ဘန်ကောက်၊ ထိုင်းနိုင်ငံ။

၂၀၁၄ - ၂၀၁၆
**IT Officer**
NCBS Buddhist Studies Centre,
မဟိဒွန်းတက္ကသိုလ်၊ ဆာလယာ၊ ထိုင်းနိုင်ငံ။

၂၀၀၆ - ၂၀၀၇
**နည်းပြ**
နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ရန်ကုန်။

## ပညာရေး

၂၀၁၂ - ၂၀၁၆
**Attended PhD Program on Anthoropology**
မဟိဒွန်း တက္ကသိုလ်၊ ဆာလယာ၊ ထိုင်းနိုင်ငံ။

၂၀၀၇ - ၂၀၀၈
**Database & Web Development**
ကိုလံဘို၊ သီရိလင်္ကာနိုင်ငံ။

၂၀၀၇ - ၂၀၀၈
**MA (Buddhism & Philosophy)**
ကေလနီယတက္ကသိုလ်၊ ကိုလံဘို၊ သီရိလင်္ကာနိုင်ငံ။

၂၀၀၀ - ၂၀၀၇
**BA (Hons.) & Study MA (Buddhism)**
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ရန်ကုန်



# စိုင်းအောင်ကြည်

- အမှုဆောင်ဒါရိုက်တာ
- ဘဏ္ဍာရေးဌာနဒါရိုက်တာ

**ခန့်ထားသည့် ရက်စွဲ**

၂၀၂၁ ခုနှစ် ၊ နိုဝင်ဘာလ ၊ ၂၈ ရက်

**အသက်**

၅၅ နှစ်

**ရှယ်ယာပိုင်ဆိုင်မှု**

၄.၄၁ %

**အခြားအရာရှိများနှင့် ဆွေမျိုးတော်စပ်မှု**

မရှိ

## လုပ်ငန်းအတွေ့အကြုံများ

- ၂၀၁၂ - လက်ရှိအချိန်
  **အမှုဆောင်ဒါရိုက်တာ**
  ဂရိတ်ဟော်ခမ်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်။
- ၂၀၁၇ - လက်ရှိအချိန်
  **အတွင်းရေးမှူး**
  တရုတ်-မြန်မာချစ်ကြည်ရေးအသင်း၊ မူဆယ်ခရိုင်။
- ၂၀၁၆-လက်ရှိအချိန်
  **အုပ်ချုပ်မှုဒါရိုက်တာ**
  အမြွာစက်မှုလုပ်ငန်း လီမိတက်၊ မူဆယ်၊ ရှမ်းပြည်နယ်။
- ၂၀၁၆ - လက်ရှိအချိန်
  **အမှုဆောင်ဒါရိုက်တာ**
  ဟော်တက်ခ် ကုမ္ပဏီလီမိတက်၊ မူဆယ်၊ ရှမ်းပြည်နယ်။
- ၁၉၉၀ - လက်ရှိအချိန်
  **ပိုင်ရှင်**
  APM အိမ်သုတ်ဆေးရောင်းဝယ်ရေး၊ မူဆယ်၊ ရှမ်းပြည်နယ်။



# စိုင်းတင်အောင်

- အမှုဆောင်ဒါရိုက်တာ
- ဆောက်လုပ်ရေးဌာနဒါရိုက်တာ

### ခန့်ထားသည့် ရက်စွဲ

၂၀၂၁ ခုနှစ် ၊ နိုဝင်ဘာလ ၊ ၂၈ ရက်

### အသက်

၅၄ နှစ်

### ရှယ်ယာပိုင်ဆိုင်မှု

၂.၁၀ %

### အခြားအရာရှိများနှင့် ဆွေမျိုးတော်စပ်မှု

မရှိ

## လုပ်ငန်းအတွေ့အကြုံများ

၂၀၁၂ - လက်ရှိအချိန်
**အမှုဆောင်ဒါရိုက်တာ**
ဂရိတ်ဟော်ခမ်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်။

၂၀၁၆-လက်ရှိအချိန်
**အမှုဆောင်ဒါရိုက်တာ**
အမြွာစက်မှုလုပ်ငန်း လီမိတက်၊ မူဆယ်၊ ရှမ်းပြည်နယ်။

၂၀၁၆ - လက်ရှိအချိန်
**အမှုဆောင်ဒါရိုက်တာ**
ဟော်တက်ခ် ကုမ္ပဏီလီမိတက်၊ မူဆယ်၊ ရှမ်းပြည်နယ်။

၁၉၉၃ - လက်ရှိအချိန်
**ကုန်သည်**
ကိုယ်ပိုင်စီးပွားရေးနှင့် ကုန်သွယ်မှု၊ မူဆယ်၊ ရှမ်းပြည်နယ်။



# စိုင်းထွန်းမြင့်

- ကုမ္ပဏီတည်ထောင်သူများအဖွဲ့ဝင်
- စာရင်းစစ်ကော်မတီအဖွဲ့ဝင်

**ခန့်ထားသည့် ရက်စွဲ**

၂၀၂၁ ခုနှစ် ၊ နိုဝင်ဘာလ ၊ ၂၈ ရက်

**အသက်**

၆၃ နှစ်

**ရှယ်ယာပိုင်ဆိုင်မှု**

၂.၄၁ %

**အခြားအရာရှိများနှင့် ဆွေမျိုးတော်စပ်မှု**

မရှိ

## လုပ်ငန်းအတွေ့အကြုံများ

၂၀၁၇ - လက်ရှိအချိန်

**လွှတ်လပ်ဒါရိုက်တာ**

ဂရိတ်ဟော်ခမ်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်။

၁၉၉၉ - လက်ရှိအချိန်

**ပိုင်ရှင်**

ကုန်တင်ယာဉ်ပြေးဆွဲခြင်းလုပ်ငန်း၊ မူဆယ်၊ ရှမ်းပြည်နယ်။

၂၀၁၂-၂၀၁၆

**အမှုဆောင်ဒါရိုက်တာ**

ဂရိတ်ဟော်ခမ်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်။

၂၀၁၀ - ၂၀၁၁

**ကန်ထရိုက်လုပ်ငန်း**

မြေနှင့်ကျောက်သယ်ပို့ခြင်း၊ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း၊ မြစ်ကြီးနား အေးရှားဝေါလ် ကုမ္ပဏီလီမိတက်။

၁၉၉၈ - ၂၀၁၃

**TOP STUDIO ပိုင်ရှင်**

အသံဖမ်းနှင့် တီးဝိုင်းလုပ်ငန်း၊ မူဆယ်၊ ရှမ်းပြည်နယ်။

၁၉၈၈ - ၁၉၉၈

**ပိုင်ရှင်**

ကုန်တင်ယာဉ်နှင့် ခရီးသယ်ပို့ဆောင်ရေးလုပ်ငန်း

၁၉၈၅ - ၁၉၈၇

**ပူးပေါင်း - ပိုင်ရှင်**

ရှမ်းတောင်တန်း သယ်ယူပို့ဆောင်ရေး၊ မူဆယ်၊ ရှမ်းပြည်နယ်။

## ပညာရေး

၁၉၇၈ - ၁၉၈၁

Bsc. (Physics)

မန္တလေးတက္ကသိုလ် မန္တလေး



# စိုင်းညီဆာ

- လွှတ်လပ်ဒါရိုက်တာ
- လူမှုဝန်းကျင်နှင့်သဘာဝပတ်ဝန်းကျင် ပူးပေါင်းတာဝန်ယူမှုကော်မတီအဖွဲ့ဝင်

**ခန့်ထားသည့် ရက်စွဲ**

၂၀၂၁ ခုနှစ် ၊ နိုဝင်ဘာလ ၊ ၂၈ ရက်

**အသက်**

၅၃ နှစ်

**ရှယ်ယာပိုင်ဆိုင်မှု**

၂.၅၂ %

**အခြားအရာရှိများနှင့် ဆွေမျိုးတော်စပ်မှု**

ကုမ္ပဏီတည်ထောင်သူများထဲမှ စိုင်းဆမ်မောင်၏ အစ်ကို

## လုပ်ငန်းအတွေ့အကြုံများ

၂၀၁၇ - လက်ရှိအချိန်
**လွှတ်လပ်ဒါရိုက်တာ**
ဂရိတ်ဟော်ခမ်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်။

၂၀၁၂-၂၀၁၆
**အမှုဆောင်ဒါရိုက်တာ**
ဂရိတ်ဟော်ခမ်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်။

၂၀၀၂ - လက်ရှိအချိန်
**ပိုင်ရှင်**
Power 24 စတိုးနှင့် ကုန်သွယ်မှုလုပ်ငန်း၊ မူဆယ်၊ ရှမ်းပြည်နယ်။

၁၉၉၆ - လက်ရှိအချိန်
**တေးသံရှင်နှင့် တေးရေးဆရာ**
ဂီတအနုပညာလုပ်ငန်း၊ မူဆယ်၊ ရှမ်းပြည်နယ်။

## ပညာရေး

၁၉၉၂ - ၁၉၉၅
**Bsc. (Botany)**
မန္တလေးတက္ကသိုလ် မန္တလေး

creating a better life



# စိုင်းဆမ်မောင်

- ကုမ္ပဏီတည်ထောင်သူများအဖွဲ့ဝင်
- လူမှုဝန်းကျင်နှင့်သဘာဝပတ်ဝန်းကျင် ပူးပေါင်းတာဝန်ယူမှုကော်မတီအဖွဲ့ဝင်

### ခန့်ထားသည့် ရက်စွဲ

၂၀၂၁ ခုနှစ် ၊ နိုဝင်ဘာလ ၊ ၂၈ ရက်

### အသက်

၅၁ နှစ်

### ရှယ်ယာပိုင်ဆိုင်မှု

၁.၄၃ %

### အခြားအရာရှိများနှင့် ဆွေမျိုးတော်စပ်မှု

လွတ်လပ်ဒါရိုက်တာများထဲမှ
စိုင်းညီဆာ၏ ညီ

## လုပ်ငန်းအတွေ့အကြုံများ

၂၀၂၁ - လက်ရှိအချိန်
**လူမှုဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင် ပူးပေါင်းတာဝန်ယူမှုကော်မတီအဖွဲ့ဝင်**
ဂရိတ်ဟော်ခမ်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်။

၂၀၁၂-၂၀၁၆
**အမှုဆောင်ဒါရိုက်တာ**
ဂရိတ်ဟော်ခမ်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်။

၂၀၀၄ - လက်ရှိအချိန်
**ပိုင်ရှင်**
မိုင်ဆုန် စတိုး၊ ကိုယ်ပိုင်စီးပွားရေးနှင့် ရောင်းဝယ်ရေး၊ မူဆယ်၊ ရှမ်းပြည်နယ်။

၁၉၉၆ - လက်ရှိအချိန်
**တေးသံရှင်နှင့် တေးရေးဆရာ**
ဂီတအနုပညာလုပ်ငန်း၊ မူဆယ်၊ ရှမ်းပြည်နယ်။

## ပညာရေး

၁၉၉၆ - ၂၀၀၂
Bsc. (Botany)
မန္တလေးတက္ကသိုလ် မန္တလေး



## ဦးကျော်ဇေယျ

### အထွေထွေမန်နေဂျာ

ဦးကျော်ဇေယျသည် မြန်မာစာဖြင့် မန္တလေး ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ်သို့ တက်ရောက်ခဲ့ပါသည်။ တပ်မတော်တွင်လည်း ဗိုလ်မှူးအဆင့်ထိ တာဝန်ထမ်းဆောင်ခဲ့သည်။ နယ်ဘက်တွင် အမှတ်-၂ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာနတို့တွင် ၂၀၀၇ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ လက်ထောက်ညွှန်ကြားရေးမှူး၊ ဒုတိယ ညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူးတာဝန်များကို ဝန်ကြီးရုံး၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာနတို့တွင်တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်ပါသည်။ ကြက်ခြေနီတပ်ဖွဲ့နှင့် ဝန်ကြီးဌာန အားကစားကော်မတီတွင်လည်း လူမှုရေးလုပ်ငန်းများ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အကြီးတန်းမန်နေဂျာတာဝန်ဖြင့် မူဆယ်မြို့ ဂရိတ်ဟော်ခမ်းရုံးချုပ်တွင် စတင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလမှစပြီး လက်ရှိအချိန်အထိ ကုမ္ပဏီ၏ အထွေထွေမန်နေဂျာအဖြစ် ဖြင့် တာဝန်ထမ်းဆောင်လျက်ရှိသည်။

creating a better life

# ဥပဒေအကြံပေး၏ ကိုယ်ရေးအကျဉ်း



## ဦးသိန်းရွှေ

ဆရာကြီးသည် ဧရာဝတီတိုင်း ဇလွန်မြို့နယ်တွင် စတုတ္ထတန်းကို အောင်မြင်ခဲ့ပြီး နိုင်ငံတော် အစိုးရထံမှ ပညာရည်ချွန်ဆုချီးမြှင့်ခြင်းခံခဲ့ရပါသည်။ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးနောက် ပုသိမ် ကောလိပ်သို့ တက်ရောက်ခဲ့ပါသည်။ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ကိုရရှိခဲ့ပါသည်။

ဆရာကြီးသည် ၁၉၄၈ ခုနှစ်တွင် မှတ်ပုံတင်ဥပဒေကို တက်ရောက်အောင်မြင်ခဲ့ပြီး ၁၉၈၆ ခုနှစ်တွင် အထက်တန်းရှေ့နေအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ၁၉၉၀ ခုနှစ်တွင် တရားလွှတ်တော်ရှေ့နေဖြစ်ခဲ့ပြီးနောက်ယနေ့တိုင် တရားလွှတ်တော်ရှေ့နေအဖြစ် ဆောင်ရွက်နေဆဲဖြစ်ပါသည်။

# ပြင်ပစာရင်းစစ်

| | | |
|---|---|---|
| စာရင်းစစ် ကုမ္ပဏီအမည် | - | ICOP Sein Win & Associates Company Limited |
| ကုမ္ပဏီမှတ်ပုံတင်အမှတ် | - | 131232829 |
| နေရပ်လိပ်စာ | - | တိုက်အမှတ် ၆၊ အခန်းအမှတ် ၃၂၃၊ ကျိုက္ကဆံအိမ်ရာ၊ မာလာနွယ်လမ်း၊ တာမွေ (ခ) ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်။ |
| စတင်တည်ထောင်သည့်ရက်စွဲ | - | ၁၉၉၇ ခုနှစ် |
| ပြန်လည်ဖွဲ့စည်းသည့်ရက်စွဲ | - | ၂၀၂၁ ခုနှစ် |
| ဝန်ထမ်းဦးရေ | - | ၃၆ ဦး |
| ဖောက်သည်ဦးရေ | - | ၁၀၀ ကျော်သော နိုင်ငံသားပိုင်ကုမ္ပဏီနှင့် နိုင်ငံခြားကုမ္ပဏီ - ပုဂ္ဂလိကုမ္ပဏီနှင့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများ |
| ဖုန်းနံပါတ် | - | 01-860 3760, 01-400 164 |
| အီးမေးလ် | - | topswconltd@gmail.com |



# ကုမ္ပဏီစီမံအုပ်ချုပ်မှုကဏ္ဍ


ကုမ္ပဏီဖွဲ့စည်းပုံဇယား ........ 42

ကုမ္ပဏီစီမံအုပ်ချုပ်မှုစနစ် ........ 43

ဒါရိုက်တာအဖွဲ့၏ အခန်းကဏ္ဍနှင့် လုပ်ငန်းတာဝန်များ ........ 53

ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ၏ အခန်းကဏ္ဍနှင့် လုပ်ငန်းတာဝန်များ ........ 55


အောင်မြင်မှုတွင် လျှို့ဝှက်ချက်ဟူ၍ မရှိပါ။
ကြိုတင်ပြင်ဆင်မှု၊ ကြိုးစားအားထုတ်မှုနှင့်
အမှားများမှ သင်ခန်းစာအဖြစ်
လေ့လာသင်ယူမှုများ၏
ရလဒ်သာဖြစ်သည်။



creating a better life

# ကုမ္ပဏီဖွဲ့စည်းပုံဇယား



အကြံပေးကော်မတီ
ဒါရိုက်တာများအဖွဲ့
စီမံခန့်ခွဲရေးအဖွဲ့
စာရင်းစစ်ကော်မတီ
အမည်အဆိုပြုရေးနှင့် ခံစားခွင့်သတ်မှတ်ရေး ကော်မတီ
ကုမ္ပဏီစီမံအုပ်ချုပ်မှုစနစ်နှင့် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု ကော်မတီ
လူမှုဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင် ပူးပေါင်းတာဝန်ယူမှုကော်မတီ
CEO ရုံး
အုပ်ချုပ်မှုဒါရိုက်တာ
စည်းကမ်းလိုက်နာမှုကြီးကြပ်ရေးဌာန
အတွင်းစာရင်းစစ်ဌာန
DMD လုပ်ငန်းလည်ပတ်မှုအုပ်စု
ဘဏ္ဍာရေးဌာနဒါရိုက်တာ
DMD အထွေထွေစီမံအုပ်ချုပ်မှုအုပ်စု
ဆောက်လုပ်ရေးဌာန
ကုန်ထုတ်လုပ်ရေးဌာန
စီမံကိန်းနှင့်သုတေသနဌာန
လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဌာန
စာရင်းကိုင်ဌာန
ငွေထိန်းဌာန
ကုန်လှောင်ရုံဌာန
လူ့စွမ်းအားအရင်းအမြစ်ဌာန
စီမံအုပ်ချုပ်မှုဌာန
အိုင်တီဌာန
ဝယ်ယူရေးဌာန

# ကုမ္ပဏီစီမံအုပ်ချုပ်မှုစနစ်

## ကုမ္ပဏီစီမံအုပ်ချုပ်မှုစနစ်ဟူသည်

ကုမ္ပဏီစီမံအုပ်ချုပ်မှုစနစ် (Corporate Governance) ဆိုသည်မှာ ကုမ္ပဏီတစ်ခု သို့မဟုတ် အဖွဲ့အစည်းတစ်ခုကို ထိန်းချုပ်လမ်းညွှန်ရန်နှင့် စီမံအုပ်ချုပ်ရန်အတွက် လိုအပ်သောစည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် တာဝန်ဝတ္တရားဖော်ပြချက်များ ပင်ဖြစ်သည်။ ယင်းသည် ကုမ္ပဏီ၏ ဒါရိုက်တာဘုတ်အဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့နှင့် အစုရှယ်ယာရှင်များ၊ ဝန်ထမ်းများ၊ ဖောက်သည်များ၊ ပစ္စည်းသွင်းသူများ၊ ဘဏ္ဍာရေး ပံ့ပိုးပေးသူများ၊ အစိုးရအဖွဲ့အစည်းနှင့် လူမှုအသိုင်းအဝိုင်းများ စသည့် ကုမ္ပဏီ၏ ပါဝင်ပတ်သက်သူ (stakeholders) များအကြား တရားမျှတမှုကို ဖော်ဆောင်ပေးစွမ်းနိုင်သည့်စနစ် ဟူ၍လည်း ဆိုနိုင်သည်။ ကုမ္ပဏီစီမံအုပ်ချုပ်မှုစနစ်သည် ကုမ္ပဏီ၏ ရည်မှန်းချက် ပန်းတိုင်များသို့ ရောက်စေနိုင်ရေးအတွက် လိုအပ်သော မူဘောင်များကိုလည်း ပံ့ပိုးပေးခြင်းကြောင့် ယင်းသည် စီမံချက်များမှအစ ထိန်းချုပ်မှု၊ အုပ်ချုပ်မှု၊ စွမ်းရည်အကဲဖြတ်မှုနှင့် ပွင့်လင်းမြင်သာမှုများသို့အထိ ကုမ္ပဏီ၏ စီမံခန့်ခွဲမှု စနစ်များအားလုံးကို လွှမ်းခြုံသည်။

## ကောင်းမွန်သောကုမ္ပဏီစီမံအုပ်ချုပ်မှုစနစ်၏ အရေးပါမှု

ကုမ္ပဏီတစ်ခုတွင် ခိုင်မာသော စီမံအုပ်ချုပ်မှုစနစ် မရှိပါက သို့မဟုတ် စီမံအုပ်ချုပ်မှုစနစ်သည် အရာရှိ တစ်ဦးတစ်ယောက်ထံတွင်သာ ရှိနေပါက ထိုအရာရှိ မရှိသောအခါမျိုးတွင် အခြားလူအတွက် လုပ်ထုံးလုပ်နည်းများကို နားမလည်တော့ဘဲ ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်မှုများ ရပ်တန့်သွားစေနိုင်သည်။ ယင်းကဲ့သို့သော ဆုံးရှုံးနိုင်ခြေအဖြစ်မျိုး မဖြစ်စေရေးအတွက် ကုမ္ပဏီစီမံအပ်ချုပ်မှုစနစ်ကို အခိုင်အမာ ပြုစုထားပြီး အရာရှိတိုင်း၊ ဝန်ထမ်းတိုင်းသည်လည်း မိမိနှင့် သက်ဆိုင်သော မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ စည်းမျဉ်းစည်းကမ်းများကို ကောင်းမွန်စွာ နားလည်သဘောပေါက်ထားရန် ဆောင်ရွက်ဖို့ တာဝန်ရှိသည်။

ဂရိတ်ဟော်ခမ်းသည် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အဖြစ် စတင်တည်ထောင်စဉ် ကတည်းကပင် ကုမ္ပဏီစီမံအုပ်ချုပ်မှုစနစ်၏ အရေးကြီးပုံကို ကောင်းမွန်စွာ သဘောပေါက် နားလည်ခဲ့သည်။ ကုမ္ပဏီ၏ ပါဝင်ပတ်သက်သူ (stakeholders) များအကြား တရားမျှတမှုကို ဖော်ဆောင်ပေးနိုင်မှု၊ အစုရှယ်ယာရှင်အားလုံး၏ အကျိုးအမြတ်ကို ကာကွယ်ပေးနိုင်မှု၊ လုပ်ငန်းများ လုပ်ကိုင်ရာတွင် ရေတိုမကြည့် ရေရှည်ကြည့်ပြီး လျော်ကန်သော ကျင့်ဝတ်နှင့်ဆောင်ရွက်မှု စသည်ဖြင့် ကောင်းမွန်ပြည့်စုံသော စီမံအုပ်ချုပ်မှုစနစ်ကို လက်ကိုင်ပြုပြီး စီမံအုပ်ချုပ်သော ဒါရိုက်တာအဖွဲ့သည် အစုရှယ်ယာရှင်များ၊ ရင်းနှီးမြှုပ်နှံသူများနှင့် လုပ်ဖော်ကိုင်ဖက်များအတွက် ယုံကြည်စိတ်ချမှု ပိုမိုပေးစွမ်းနိုင်သည်ဟု မိမိတို့ ယုံကြည်သည်။ ထို့ကြောင့်ပင် ဤစီမံအုပ်ချုပ်မှုစနစ် အတတ်နိုင်ဆုံး ပြီးပြည့်စုံစေရေး အတွက် အစဉ် ကြိုးပမ်းဆောင်ရွက်လာသည်။ လက်ရှိ ကုမ္ပဏီစီမံအုပ်ချုပ်မှုစနစ်ကို ကုမ္ပဏီ၏ ဒါရိုက်တာများ၊ အရာရှိများအားလုံး နားလည်စေရန်လည်း သင်တန်းများ ပို့ချပေးခဲ့ ပြီးဖြစ်သည်။

## ကောင်းမွန်သော ကုမ္ပဏီစီမံအုပ်ချုပ်မှုစနစ်

ကုမ္ပဏီတစ်ခုတွင် ကုမ္ပဏီစီမံအုပ်ချုပ်မှုစနစ် ကောင်းမွန်လျှင် ကုမ္ပဏီ၏ ယုံကြည်အားကိုးရမှု၊ သမာသမတ်ဖြစ်မှု၊ တာဝန်ကျေပွန်မှု စသည့် အချက်များအတွက် အစုရှယ်ယာရှင်များက ယုံကြည်စိတ်ချရသည်။ အရည်အသွေးရှိသော၊ သမာသမတ်ကျသောစာရင်းစစ်အဖွဲ့ကို ရွေးချယ်ခြင်း၊ စာရင်းစစ်အဖွဲ့နှင့် ကောင်းမွန်စွာ လက်တွဲလုပ်ကိုင်ခြင်းသည် စစ်မှန်သော ဘဏ္ဍာရေး အစီရင်ခံစာများကို ရရှိစေနိုင်သည့်အပြင် အဂတိလိုက်စားမှုများကိုလည်း ကင်းစင်စေနိုင်ပါသည်။ စီမံခန့်ခွဲမှုအဖွဲ့နှင့် ဝန်ထမ်းများအား ခံစားပိုင်ခွင့်များကို ထိုက်တန်စွာ ပေးခြင်းသည် အရာရှိများ

creating a better life

နှင့် ဝန်ထမ်းအပြောင်းအလဲများကို လျော့နည်းစေနိုင်ပါသည်။ ကောင်းမွန်သော ကုမ္ပဏီစီမံအုပ်ချုပ်မှုစနစ်သည် ဤကဲ့သို့ အများပြည်သူနှင့် အစုရှယ်ယာရှင်များ၏ ယုံကြည်စိတ်ချမှုကို တိုးပွားစေနိုင်ပါသည်။

ဂရိတ်ဟော်ခမ်း၏ လက်ရှိ ကုမ္ပဏီစီမံအုပ်ချုပ်မှုစနစ်တွင် ပါဝင်သော အချက်အလက်များကို အောက်ပါအတိုင်း အကျဉ်းမျှ ဖော်ပြလိုပါသည်။

## ဒါရိုက်တာအဖွဲ့

ဒါရိုက်တာဘုတ်အဖွဲ့သည် အစုရှယ်ယာရှင်းအားလုံးကို ကိုယ်စားပြုသည့် တာဝန်ခံအဖွဲ့ဖြစ်သည်။

### ၁။ ဖွဲ့စည်းမှု

ဂရိတ်ဟော်ခမ်း၏ ၂၀၁၉-၂၀၂၀ နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ၂ နှစ်အတွက် ဒါရိုက်တာဘုတ်အဖွဲ့ကို ဒါရိုက်တာ ၄ ဦးဖြင့် ဖွဲ့စည်းထားပါသည်။ ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအတိုင်း လိုအပ်ချက်ပြည့်မီပြီး ဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်ရန် လျှောက်တင်လာသော ပုဂ္ဂိုလ်များထဲမှ ရွေးချယ်တင်မြောက်ထားခြင်းဖြစ်သည်။ သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်အသီးသီးတွင် ကျွမ်းကျင်မှုရှိသော၊ မိမိတို့၏ ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်သော၊ စီးပွားရေးကျင့်ဝတ်နှင့် ပြည့်စုံသော၊ ကုမ္ပဏီ၏ အကျိုးစီးပွားကိုရှေ့တန်းတင်သော ပုဂ္ဂိုလ်များကို ရွေးချယ်တင်မြောက်ထားပါသည်။ စီမံအုပ်ချုပ်မှုစနစ်အတိုင်းလည်းကောင်း၊ ကုမ္ပဏီ၏ သင်းဖွဲ့စည်းမျဉ်းအတိုင်းလည်းကောင်း၊ သက်ဆိုင်ရာဥပဒေအတိုင်းလည်းကောင်း လေးစားလိုက်နာပြီး အစုရှယ်ယာရှင်များ အားလုံးအတွက် ကုမ္ပဏီ၏ အကျိုးစီးပွားဖြစ်မှုတန်ဖိုးကို အကောင်းဆုံးဆောင်ရွက်ပေးနိုင်ရန်ဖြစ်သည်။

ဒါရိုက်တာဘုတ်အဖွဲ့တွင် အမှုဆောင်ဒါရိုက်တာနှင့် လွတ်လပ်ဒါရိုက်တာဟူ၍ ခွဲထားသည်။

အမှုဆောင်ဒါရိုက်တာဆိုသည်မှာ ကုမ္ပဏီ၏ နေ့စဉ်လုပ်ငန်းလည်ပတ်မှုကို ကြီးကြပ် ညွှန်ကြား စီမံအုပ်ချုပ်ရန် တာဝန်ရှိသူများဖြစ်သည်။ လွတ်လပ်ဒါရိုက်တာ ဆိုသည်မှာ ကုမ္ပဏီအတွင်း အနည်းဆုံး ဘဏ္ဍာရေးနှစ် ၃ နှစ်အတွင်း ကုမ္ပဏီ၏ အမှုဆောင်ဒါရိုက်တာ မဖြစ်ဖူးသူ၊ ကုမ္ပဏီ၏ ဝန်ထမ်းမဖြစ်ဖူးသူအားသာ လွတ်လပ်ဒါရိုက်တာ အဖြစ်ခန့်အပ်နိုင်သည်။ အဓိကအားဖြင့် ကုမ္ပဏီ၏ နေ့စဉ်လုပ်ငန်းလည်ပတ်မှုမျိုး မဟုတ်သည့် အဓိက ဆုံးဖြတ်ချက်များ၊ မူဝါဒချမှတ်ရေးများ၊ ခံစားခွင့်သတ်မှတ်ရေးများ စသည့်နေရာမျိုးတွင် တာဝန်ရှိပါသည်။

ဒါရိုက်တာ အဖွဲ့ ၄ ဦးတွင် လွတ်လပ်ဒါရိုက်တာ ၁ ဦးနှင့် အမှုဆောင်ဒါရိုက်တာ ၃ ဦး ပါဝင်ပါသည်။ ယခင် နှစ်များတွင် ဒါရိုက်တာဦးရေ ပိုများသော်လည်း ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်မှုပမာဏ အနေအထားအရ ပိုမိုကျစ်လစ် စေရန် ၄ ဦးဖြင့်သာ ထားရခြင်းဖြစ်သည်။ ကောင်းမွန်သော စီမံအုပ်ချုပ်မှုစံစနစ်အတိုင်း ဒါရိုက်တာအဖွဲ့၏ ဥက္ကဋ္ဌရာထူးကိုမူ လွတ်လပ်ဒါရိုက်တာဖြစ်သူအား ခန့်ထားပါသည်။

### ၂။ တာဝန်ဝတ္တရားများ

ဒါရိုက်တာဘုတ်အဖွဲ့သည် ကုမ္ပဏီ၏ စီမံအုပ်ချုပ်မှုနှင့်ပတ်သက်သော မူဝါဒများ၊ အရေးကြီးသော ဆုံးဖြတ်ချက်များနှင့် ကိစ္စရပ်များကို အစုရှယ်ယာရှင်များ၏ ကိုယ်စားအနေဖြင့် စီမံဆုံးဖြတ်ပေးရန် ရွေးချယ်ထားသော ပုဂ္ဂိုလ်များဖြစ်သည်။ သာမန်အားဖြင့် ကုမ္ပဏီ၏ အကျိုးအမြတ်များ ဖြစ်ထွန်းရေး၊ စီမံခန့်ခွဲမှုအဖွဲ့များ ခန့်ထားရေးနှင့် ခန့်ထားမှုရုပ်သိမ်းရေး၊ ကုမ္ပဏီ၏ စွမ်းဆောင်ရည် ကြီးကြပ်ရေး၊ အမြတ်ဝေစုပမာဏ သတ်မှတ်ရေး၊ မူဝါဒနှင့်မူဘောင်များ ချမှတ်ရေး၊ ခံစားခွင့်များသတ်မှတ်ရေး စသည့် ကိစ္စရပ်များတွင် အများဆုံးတာဝန်ရှိသည်။ ဖော်ပြပါတာဝန်ဝတ္တရားများအပြင် ကုမ္ပဏီ၏ ရည်မှန်းချက် ပန်းတိုင်ချမှတ်ခြင်း၊ ချမှတ်ထားသည့် ပန်းတိုင်သို့ ရောက်စေရန် ပံ့ပိုးပေးခြင်း၊ ကုမ္ပဏီအတွက် အရင်းအမြစ်များ ပြည့်စုံလုံလောက်မှုရှိစေရန် ပံ့ပိုးကူညီပေးခြင်းများတွင်လည်း တာဝန်ရှိပါသည်။ အချုပ်အားဖြင့် ဆိုရလျှင် ၁) တာဝန်ယူမှုနှင့် တာဝန်ခံမှု၊ ၂) ကုမ္ပဏီ၏ စီမံခန့်ခွဲမှုအဖွဲ့ကို ကြီးကြပ်ပံ့ပိုးမှု၊ ၃) မူဝါဒများချမှတ်မှုနှင့် ၄) မဟာဗျူဟာများ ချမှတ်ပေးမှုတို့ဖြစ်သည်။

### ၃။ ကျင့်ဝတ်

ဒါရိုက်တာများသည် ၎င်းတို့၏ တာဝန်ဝတ္တရားများ ပြီးမြောက်စေရန် လိုအပ်သော အချိန်နှင့်ကြိုးပမ်းမှုများ ရှိရမည် ဖြစ်သည်။ နှစ်ပတ်လည် အထွေထွေ ရှယ်ယာရှင်များ အစည်းအဝေး၊ ပုံမှန်ဒါရိုက်တာဘုတ်အဖွဲ့ အစည်းအဝေးများကို တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ၎င်းတို့သည် တစ်ဦးတစ်ယောက်ချင်းစီ၏ ထင်မြင်ယူဆချက်များကို အပြန်အလှန် လေးစားမှုရှိပြီး စည်းကမ်းတကျလက်တွဲလုပ်ကိုင်နိုင်ရမည်။ ရှယ်ယာရှင်များ၊ လူမှုအသိုက်

အဝန်းများအတွက်လည်း တာဝန်ခံမှု တာဝန်ယူမှုများ ရှိရမည်ဖြစ်သည်။

ဒါရိုက်တာတစ်ဦးသည် တစ်နှစ်အတွင်း ကျင်းပသော

(က) ပုံမှန်ဒါရိုက်တာအစည်းအဝေး၏ ၇၅%

(ခ) အရေးပေါ် ဒါရိုက်တာအစည်းအဝေး၏ ၆၅% ထက် မနည်းစေဘဲ တက်ရောက်ရန် လိုအပ်ပါသည်။

**၄။ သမာသမတ်ဖြစ်မှု**

ဘုတ်အဖွဲ့ဝင်အသီးသီးသည် ဗဟုသုတကြွယ်ဝသော၊ အမြော်အမြင်ရှိသော၊ ဓမ္မဒိဋ္ဌာန်ကျသော၊ ဘက်မလိုက်သော ထင်မြင်ယူဆချက်များနှင့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် လွတ်လပ်သော အတွေးအခေါ်၊ စိတ်ဖြာလေ့လာမှု၊ ချင့်ချိန်တွက်ချက်မှုနှင့် ဆုံးဖြတ်လုပ်ဆောင်မှုများ ရှိရမည်။

ဘုတ်အဖွဲ့ဝင်အသီးသီးသည် အခြားဒါရိုက်တာများ၊ ကုမ္ပဏီ၏ အစုရှယ်ယာရှင်များနှင့် ကုမ္ပဏီအပေါ် သစ္စာရှိစွာ လုပ်ကိုင်ဆောင်ရွက်ရမည်။

ဘုတ်အဖွဲ့ဝင်အသီးသီးသည်မိမိတာဝန်နှင့်ပတ်သက်၍ လာဘ်ပေးလာဘ်ယူကိစ္စများ၊ ဥပဒေနှင့် မလျော်ညီသော ကိစ္စများကို လုံဝငြင်းဆန်ရမည်ဖြစ်ပြီးသမာသမတ်ရှိစွာ လုပ်ကိုင် ဆောင်ရွက်ရမည်။

**၅။ ကုမ္ပဏီ၏ အကျိုးစီးပွားဆိုင်ရာ ပဋိပက္ခများ**

အကျိုးစီးပွားဆိုင်ရာ ပဋိပက္ခများဆိုသည်မှာ ဒါရိုက်တာတစ်ဦးမှ ဆောင်ရွက်ရသော အမျိုးမျိုးသော လုပ်ဆောင်ချက်များတွင် ကုမ္ပဏီ၏ အကျိုးစီးပွားနှင့် ၎င်း၏အကျိုးစီးပွား တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍လည်းကောင်း ယှဉ်ပြိုင်ဆောင်ရွက်ရသည့် အခြေအနေများ သို့မဟုတ် ၎င်း၏ လွတ်လပ်စွာ တွေးခေါ်ဆုံးဖြတ်နိုင်မှုအပေါ် သံသယရှိဖွယ် အခြေအနေကို ဆိုလိုသည်။

ဒါရိုက်တာသည် အကျိုးစီးပွားပဋိပက္ခဖြစ်ပွားစေနိုင်သော အထက်ပါအခြေ အနေများကို တတ်နိုင်သမျှ ရှောင်ရှားရမည် ဖြစ်သည်။ အကယ်၍ အဆိုပါ အခြေအနေ တစ်ခုခုရှိပါက စာရင်းစစ်ကော်မတီသို့ တင်ပြရမည်။

**ကော်မတီအဖွဲ့များ ဖွဲ့စည်းမှု**

ဂရိတ်ဟော်ခမ်းသည် သက်ဆိုင်ရာ လုပ်ငန်းလည်ပတ်မှုများကို အနီးကပ် စောင့်မတ်ကြီးကြပ်နိုင်ရန် ကော်မတီများကို ဖွဲ့စည်းထားပါသည်။ ယင်းတို့မှာ -

- စာရင်းစစ်ကော်မတီ
- ရာထူးခန့်ထားရေးနှင့် ခံစားခွင့်သတ်မှတ်ရေးကော်မတီ
- ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲရေးကော်မတီ
- လူမှုဝန်းကျင်နှင့်သဘာဝပတ်ဝန်းကျင် ပူးပေါင်းတာဝန်ယူမှုကော်မတီ တို့ဖြစ်သည်။

အဆိုပါ ကော်မတီများ ဆောင်ရွက်ရန် တာဝန်များကို ဒါရိုက်တာဘုတ်အဖွဲ့မှ သတ်မှတ်ပေးပါသည်။ ကော်မတီအသီးသီးမှ ဆောင်ရွက်ပြီးစီးသည့် တာဝန်များကို ဒါရိုက်တာဘုတ်အဖွဲ့သို့ ပြန်လည် အစီရင်ခံရမည်ဖြစ်သည်။

**၁။ စာရင်းစစ်ကော်မတီ**

စာရင်းစစ်ကော်မတီသည် ကုမ္ပဏီ၏ ဘဏ္ဍာရေးပိုင်းဆိုင်ရာ စာရင်းအင်းများကို သုံးသပ်စစ်ဆေးပေးသည့် အဖွဲ့ဖြစ်သည်။ ထို့ပြင် ကုမ္ပဏီ၏ အတွင်းပိုင်းထိန်းချုပ်မှု၊ အကျိုးစီးပွားဆိုင်ရာ ပဋိပက္ခဖြစ်မှုနှင့် စာရင်းပိုင်း တိကျမှုများကို ကုမ္ပဏီစီမံအုပ်ချုပ်မှုစနစ်အတိုင်း စီမံခန့်ခွဲမှုအဖွဲ့အား ကောင်းမွန်သော အကြံဉာဏ်များ ပေးစွမ်းနိုင်သည့် အဖွဲ့ဖြစ်သည်။

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ဒါရိုက်တာ ဘုတ်အဖွဲ့က အောက်ပါပုဂ္ဂိုလ်များ ပါဝင်သည့် စာရင်းစစ်ကော်မတီကို ဖွဲ့စည်းခဲ့သည်။ ၎င်းတို့မှာ -

| | |
|---|---|
| ၁။ စိုင်းခိမ်ခမ်း | - ကော်မတီဥက္ကဋ္ဌ |
| ၂။ စိုင်းအုန်းမြင့် | - အဖွဲ့ဝင် |
| ၃။ စိုင်းရီမွန် | - အဖွဲ့ဝင် တို့ဖြစ်သည်။ |

စာရင်းစစ်ကော်မတီသည် ၃-လ တစ်ကြိမ် ပုံမှန်အစည်းအဝေးရှိသည်။ လိုအပ်သည့်အတိုင်း ကုမ္ပဏီ၏ စီမံခန့်ခွဲရေးအဖွဲ့၊ ဘဏ္ဍာရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြင်ပစာရင်းစစ် အဖွဲ့တို့အား အစည်းအဝေးခေါ်ယူနိုင်သည်။ ကြားတွင် လိုအပ်သည့်အလျောက် ကော်မတီဥက္ကဋ္ဌမှ အရေးပေါ် အစည်းအဝေး ခေါ်နိုင်သည်။

ဒါရိုက်တာဘုတ်အဖွဲ့သည် စာရင်းစစ်ကော်မတီအား အောက်ပါ လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို ဆောင်ရွက်ခွင့်ပေးထားပါသည်။

၁) ကုမ္ပဏီ၏ ဘဏ္ဍာရေးရှင်းတမ်း အချက်အလက်များ မှန်ကန် တိကျမှုရှိအောင် သုံးသပ် ကြီးကြပ်ခြင်း၊

၂) ကုမ္ပဏီ၏ အတွင်းစာရင်းစစ်စနစ် လုံလောက် ထိရောက်မှုနှင့် သင့်လျော်သော တာဝန်ထမ်းဆောင်

creating a better life

မှု အား အကြံပြုခြင်း၊

၃) ရန်ကုန်စတော့အိတ်ချိန်းသို့ ဝင်ရောက်နိုင်သောအခါ ကုမ္ပဏီ၏ စတော့ဈေးကွက် စည်းကမ်းလိုက်နာမှု အား ကူညီကြီးကြပ်ခြင်း၊

၄) ကုမ္ပဏီ၏ အကျိုးစီးပွား ဖြစ်ထွန်းမှု မထိခိုက်စေရန် ကုမ္ပဏီအတွင်းရှိ ဒါရိုက်တာများ၊ အရာရှိများနှင့် ၎င်းတို့၏ ပါဝင်ပတ်သက်သူများမှ အကျိုးစီးပွားဆိုင်ရာ ပဋိပက္ခများ ဆောင်ရွက်မှုကို သုံးသပ် ကြီးကြပ်ခြင်း၊

၅) ကုမ္ပဏီ၏ နှစ်ပတ်လည်အစီရင်ခံစာနှင့် ခြောက်လပတ် အစီရင်ခံစာအတွက် အောက်ပါအချက်အလက်များ ပါ ဝင်သည့် အစီရင်ခံစာကို ဥက္ကဋ္ဌ၏ လက်မှတ်ဖြင့် တင်ပြ ခြင်း။

- ကုမ္ပဏီ ဘဏ္ဍာရေးရှင်းတမ်း၏ မှန်ကန်ပြည့်စုံမှု အပေါ် ထင်မြင်ယူဆချက်၊
- ကုမ္ပဏီ၏ အတွင်းထိန်းချုပ်မှုစနစ်အပေါ် ထင်မြင် ယူဆချက်၊
- စာရင်းစစ်များ၏ အရည်အသွေးအပေါ် ထင်မြင် ယူဆချက်၊
- အကျိုးစီးပွားဆိုင်ရာ ပဋိပက္ခဖြစ်မှုများအပေါ် ထင်မြင်ယူဆချက်၊
- ကျင်းပခဲ့သည့် အစည်းအဝေး အကြိမ် အရေ အတွက် နှင့် အဖွဲ့ဝင်များ တက်ရောက်နိုင်မှု၊
- ကော်မတီ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ ကျေပွန်စွာ ဆောင်ရွက်နိုင်ခြင်း ရှိမရှိ ထင်မြင် ယူဆချက်၊
- ဒါရိုက်တာဘုတ်အဖွဲ့မှ တာဝန်ပေးအပ်မှုဖြင့် ဆောင်ရွက်ခဲ့ရပြီး အစုရှယ်ယာရှင်များ သိရှိရန် လိုအပ်သည့် အခြားအချက်အလက်များ။

၆) စာရင်းစစ်ခြင်းနှင့် စည်းကမ်းလိုက်နာမှုဆိုင်ရာ စစ်ဆေး ရေးအရာရှိတို့ကို ၎င်းတို့၏ တာဝန်များကို သမာသမတ် ကျစွာဖြင့် ဆောင်ရွက်နိုင်ရန် ကြီးကြပ် လမ်းညွှန် ပံ့ပိုးပေး ခြင်း တို့ဖြစ်သည်။

### ၃။ အမည်အဆိုပြုရေးနှင့် ခံစားခွင့်သတ်မှတ်ရေး ကော်မတီ

ကုမ္ပဏီတွင်းရှိဒါရိုက်တာများ၏ စွမ်းဆောင်မှုအပေါ် မူတည်ပြီး ယင်းနှင့် သင့်လျော်သောရာထူး ချမှတ်ပေးရန်အတွက် ဒါရိုက်တာအဖွဲ့သို့အဆိုပြုရန်နှင့်ဒါရိုက်တာများ၊ဒါရိုက်တာ အဖွဲ့ဥက္ကဋ္ဌ၊ အုပ်ချုပ်မှုဒါရိုက်တာတို့၏ ခံစားပိုင်ခွင့်များကို ပွင့်လင်းမြင်သာစွာ သတ်မှတ်ပေးရန် ဒါရိုက်တာ ဘုတ်အဖွဲ့မှ အမည်အဆိုပြုရေးနှင့် ခံစားခွင့်သတ်မှတ်ရေးကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ဒါရိုက်တာဘုတ်အဖွဲ့က အောက်ပါပုဂ္ဂိုလ်များပါဝင်သည့် အမည်အဆိုပြုရေးနှင့် ခံစားခွင့် သတ်မှတ်ရေးကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။ ၎င်းတို့မှာ -

| | |
|---|---|
| ၁။ စိုင်းခိမ်ခမ်း | - ကော်မတီဥက္ကဋ္ဌ |
| ၂။ စိုင်းညီဆာ | - အဖွဲ့ဝင် |
| ၃။ စိုင်းခွန်ကျော် | - အဖွဲ့ဝင် တို့ဖြစ်ပါသည်။ |

ဒါရိုက်တာဘုတ်အဖွဲ့သည် အမည်အဆိုပြုရေးနှင့် ခံစားခွင့် သတ်မှတ်ရေးကော်မတီအား အောက်ပါလုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို ဆောင်ရွက်ခွင့်ပေးထားပါသည်။

၁) ဒါရိုက်တာ၊ အုပ်ချုပ်မှုဒါရိုက်တာနှင့် ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ ရာထူးများအတွက် အရည်အချင်းရှိပြီး သင့်လျော်သည့် ပုဂ္ဂိုလ်အား ရွေးချယ်ရန် ဒါရိုက်တာ အဖွဲ့အား အဆိုပြု ကမ်းလှမ်းခြင်း၊

၂) ဒါရိုက်တာ၊ အုပ်ချုပ်မှုဒါရိုက်တာနှင့် ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ ရာထူးများအတွက် ရွေးချယ်ရန် စည်းကမ်း သတ်မှတ်ချက်များကို အဆိုပြုကမ်းလှမ်းခြင်း၊

၃) ဥက္ကဋ္ဌနှင့် ဒါရိုက်တာများအတွက် ခံစားခွင့်များကို အဆိုပြု ကမ်းလှမ်းပြီး ရှယ်ယာရှင်များ နှစ်ပတ်လည် အထွေထွေ အစည်းအဝေးတွင် အတည်ပြုချက် ရယူခြင်း၊

၄) ဒါရိုက်တာဘုတ်အဖွဲ့မှ ပေးအပ်သည့် သင့်လျော်သော တာဝန်များကို ဆောင်ရွက်ခြင်း၊

၅) အဓိကကျသော စီမံခန့်ခွဲမှုအဖွဲ့ဝင်များ ခန့်အပ်ခြင်းနှင့် ထုတ်ပယ်ခြင်း တို့ဖြစ်သည်။

အမည်အဆိုပြုရေးနှင့် ခံစားခွင့် သတ်မှတ်ရေးကော်မတီသည် ၆ လ တစ်ကြိမ်ပုံမှန်အစည်းအဝေးရှိသည်။ ထို့ပြင် လိုအပ်သည့်အတိုင်း ကော်မတီဥက္ကဋ္ဌမှ အရေးပေါ် အစည်း အဝေး ခေါ် နိုင်သည်။

### ၄။ ကုမ္ပဏီစီမံအုပ်ချုပ်မှုနှင့် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု ကော်မတီ

ကုမ္ပဏီ၏ စီမံအုပ်ချုပ်မှုစနစ် ပြီးပြည့်စုံစေရန်၊ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု မူဝါဒအတိုင်း လုပ်ငန်းလည်ပတ်မှုနှင့် စီမံကိန်း

တစ်ခုခု၏ဆုံးရှုံးမှု ဖြစ်နိုင်ခြေများ၊ အန္တရာယ်ဖြစ်နိုင်ခြေများကို ဖော်ထုတ်ပေးပြီး ပြဿနာများ ကျော်လွှားနိုင်မည့် ဗျူဟာများကို ချမှတ်ပေးနိုင်ရန် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ဒါရိုက်တာဘုတ်အဖွဲ့မှ အောက်ပါပုဂ္ဂိုလ်များ ပါဝင်သည့် ဤကုမ္ပဏီစီမံအုပ်ချုပ်မှုနှင့် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲရေးကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။ ယင်းတို့မှာ -

| | |
|---|---|
| ၁။ စိုင်းရီမွန် | - ကော်မတီဥက္ကဋ္ဌ |
| ၂။ စိုင်းအုန်းမြင့် | - အဖွဲ့ဝင် |
| ၃။ စိုင်းသန်းထွန်း | - အဖွဲ့ဝင်တို့ဖြစ်ပါသည်။ |

ကုမ္ပဏီစီမံအုပ်ချုပ်မှုနှင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု ကော်မတီသည် ၃-လ တစ်ကြိမ်ပုံမှန်အစည်းအဝေးရှိပြီး ဒါရိုက်တာဘုတ်အဖွဲ့မှ ပေးအပ်သော အောက်ပါတာဝန်ဝတ္တရားများကို ဆောင်ရွက်ပါသည်။

### (က) ကုမ္ပဏီစီမံအုပ်ချုပ်မှု

၁) ကောင်းမွန်သော ကုမ္ပဏီစီမံအုပ်ချုပ်မှုစနစ်အတွက် မူဝါဒများ၊ လမ်းညွှန်ချက်များ၊ လုပ်ထုံးလုပ်နည်းများကို ပြုစုပြီး ဒါရိုက်တာဘုတ်အဖွဲ့အားအတည်ပြုရန် အဆိုပြုတင်ပြခြင်း၊

၂) ချမှတ်ထားသော မူဝါဒ၊ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာဆောင်ရွက်နိုင်ခြင်း ရှိမရှိသုံးသပ်ကြီးကြပ်ခြင်း၊

၃) မူဝါဒ၊ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများ ထိရောက်မှုကို သုံးသပ်ခြင်း၊ နိုင်ငံတကာမှ အကောင်းဆုံးလုပ်ထုံးလုပ်နည်းများ၊ ပြင်ပပညာရှင်များမှ အကြံဉာဏ်များ ရယူပြီးကုမ္ပဏီ၏ စီမံအုပ်ချုပ်မှုစနစ် ပိုမို ကောင်းမွန်ထိရောက်အောင် ဆောင်ရွက်ခြင်း၊

၄) ပြည်တွင်းပြည်ပမှ တိုးတက်အောင်မြင်သော ကုမ္ပဏီများ၏ ကုမ္ပဏီစီမံအုပ်ချုပ်မှုစနစ်နှင့် နှိုင်းယှဉ်ပြီး မိမိတို့ ပြုပြင်သင့်သည့်အချက်များကို ပြုပြင်ရန် အဆိုပြုခြင်း၊

၅) ကောင်းမွန်သော ကုမ္ပဏီစီမံအုပ်ချုပ်မှုစနစ်အတွက် ကုမ္ပဏီ၏ ဒါရိုက်တာဘုတ်အဖွဲ့နှင့် စီမံခန့်ခွဲရေးအဖွဲ့တို့အား အကြံပြုခြင်း၊ အရေးယူဆောင်ရွက်ခြင်း၊

၆) ကုမ္ပဏီစီမံအုပ်ချုပ်မှုစနစ်နှင့် သက်ဆိုင်သော လုပ်ဆောင်ချက်များကို နှစ်ပတ်လည်အစီရင်ခံစာတွင် အစု ရှယ်ယာရှင်များအား ဖော်ပြခြင်း၊

၇) သင့်လျော်သော အခြား လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

### (ခ) ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု

၁) ကုမ္ပဏီ၏ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု မူဘောင်နှင့် မူဝါဒများ ပြုစု သတ်မှတ်ပြီး ဒါရိုက်တာဘုတ်အဖွဲ့သို့ တင်ပြ အတည်ပြုချက်ရယူခြင်း၊

၂) လုပ်ငန်းလည်ပတ်မှုနှင့် စီမံကိန်းများတွင် ဆုံးရှုံးနိုင်ခြေ အခြေအနေများကို စီးပွားရေး၊ နိုင်ငံရေး၊ ဥပဒေရေး စသည့် ရှုထောင့်အဘက်ဘက်မှ ထည့်တွက်သုံးသပ်ပြီး ဒါရိုက်တာဘုတ်အဖွဲ့နှင့် စီမံခန့်ခွဲမှုအဖွဲ့အား အကြံပြုခြင်း၊

၃) ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှု၊ ဘဏ္ဍာရေး၊ လုံခြုံရေး နှင့် စည်းမျဉ်းစည်းကမ်း စသည်တို့တွင် ဖြစ်လာနိုင်မည့် အခက်အခဲပြဿနာများကို ကာကွယ်တားဆီးနိုင်ရန်၊ အခက်အခဲနှင့် ဆုံးရှုံးမှုများ လျော့ပါးနိုင်ရန် အခြေအနေ နှင့် ဗျူဟာများကို ဖန်တီးခြင်း၊ အကြံပြုခြင်း၊

၄) သင့်လျော်သော အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## ၅။ လူမှုဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင် ပူးပေါင်းတာဝန်ယူမှု ကော်မတီ

ဂရိတ်ဟော်ခမ်းသည် မိမိနှင့် အစုရှယ်ယာရှင်များ၏ အောင်မြင်မှုနှင့် အကျိုးစီးပွားဖြစ်ထွန်းမှု တစ်ခုတည်းကိုသာ ဦးတည်ပြီးစီးပွားလုပ်ငန်းဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲလူမှုဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင် တိုးတက်ကောင်းမွန်မှသာ စီးပွားလုပ်ငန်းသည် ရေရှည်တည်တံ့မည်ဟု ယုံကြည်သည်။ ထို့ကြောင့် လူမှုအသိုက်အဝန်းနှင့် သဘာဝပတ်ဝန်းကျင်အား ထိရောက်စွာ ပါဝင်ကူညီပံ့ပိုးနိုင်ရန် ဒါရိုက်တာဘုတ်အဖွဲ့မှ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် အောက်ပါ ပုဂ္ဂိုလ်များပါဝင်သည့် လူမှုဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင် ပူးပေါင်းတာဝန်ယူမှု ကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။ ယင်းတို့မှာ -

| | |
|---|---|
| ၁။ စိုင်းအုန်းမြင့် | - ကော်မတီဥက္ကဋ္ဌ |
| ၂။ စိုင်းညီဆာ | - အဖွဲ့ဝင် |
| ၃။ စိုင်းဆမ်မောင် | - အဖွဲ့ဝင်တို့ဖြစ်ပါသည်။ |

လူမှုဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင် ပူးပေါင်းတာဝန်ယူမှု ကော်မတီသည် ၆-လ တစ်ကြိမ် ပုံမှန်အစည်းအဝေးရှိ

ပြီး ဒါရိုက်တာဘုတ်အဖွဲ့မှ ပေးအပ်သည့် အောက်ပါတာဝန်များကို ထမ်းဆောင်ပါသည်။

၁) လူမှုဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်အတွက် ပိုမိုထိရောက်ကောင်းမွန်သော မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများကို ဒါရိုက်တာဘုတ်အဖွဲ့အား အကြံပြုခြင်းနှင့် ချမှတ် ခြင်း၊

၂) လူမှုဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင် ကူညီမှုတွင် အသုံးပြုမည့် ဘတ်ဂျက်လျာထားမှု ပမာဏကို ဒါရိုက်တာဘုတ်အဖွဲ့အား အဆိုပြုပြီး အတည်ပြုချက် ရယူခြင်း၊

၃) ချမှတ်ထားသည့် လူမှုဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင် ကူညီမှု ပန်းတိုင်ရောက်နိုင်စေရန် ဗျူဟာများ ချမှတ်လုပ်ဆောင်ခြင်း၊

၄) နှစ်စဉ် လူမှုဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင် ကူညီမှု ဆောင်ရွက်ချက်များကို နှစ်ပတ်လည် အစီရင်ခံစာတွင် ရေးသားဖော်ပြခြင်း၊

၅) ဒါရိုက်တာဘုတ်အဖွဲ့မှ ချမှတ်သည့် အခြား လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း တို့ဖြစ်ပါသည်။

## အဂတိတိုက်ဖျက်ရေး

အဂတိလိုက်စားခြင်းသည် အများပြည်သူ၏ ယုံကြည်မှုကို ပျက်ပြားစေနိုင်ကြောင်း ကုမ္ပဏီ ယုံကြည်သည်။ စီးပွားလုပ်ငန်း လုပ်ဆောင်မှုများတွင် ရိုးသားဖြောင့်မတ်မှု၊ ကျင့်ဝတ်စည်းကမ်းစောင့်ထိန်းမှုနှင့် တရားဥပဒေ လိုက်နာမှုများ ရှိရမည်။ လာဘ်ပေးလာဘ်ယူပြုခြင်း၊ အကျင့်ပျက်ခြစားခြင်း လုပ်ရပ်များကို ကုမ္ပဏီက လုံးဝ သည်းခံ ခွင့်လွှတ်မည်မဟုတ်ပါ။ ကုမ္ပဏီဖော်ဆောင်သည့် လုပ်ငန်းတိုင်း စီမံကိန်းတိုင်းသည် တရားမျှတပြီး ရိုးသားမှုနှင့် ပွင့်လင်းမြင်သာမှုရှိရမည်။ အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှုနှင့် အကျင့်ပျက်ခြစားမှု လုပ်ရပ်များကို ထိရောက်စွာ တိုက်ဖျက် အရေးယူနိုင်ရန် ကုမ္ပဏီသည် သက်ဆိုင်သည့် အဂတိတိုက် ဖျက်ရေးမူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းလိုက်နာမှုဌာနများ သတ်မှတ်ထားပြီးဖြစ်သည်။ ဂရိတ်ဟော်ခမ်း၏ အရာရှိနှင့် ဝန်ထမ်းများအားလုံး လာဘ်ပေးလာဘ်ယူပုံစံမျိုးဖြင့် ပေးခြင်း၊ တောင်းခံခြင်း၊ လက်ခံခြင်းများ မရှိစေရန် အလေးအနက် ဆောင်ရွက်ထားပါသည်။

အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှုနှင့် အကျင့်ပျက်ခြစားမှု ကျူးလွန်သူသည် မြန်မာနိုင်ငံ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေအရ ထောင်ဒဏ်ငွေဒဏ် သို့မဟုတ် ပြစ်ဒဏ်ချမှတ်ခြင်း ခံရနိုင်သည်ဖြစ်ရာ ယင်းပြစ်ဒဏ်မျိုး ချမှတ်ခြင်းခံရလျှင် ကုမ္ပဏီအတွက် ဂုဏ်သိက္ခာ အကြီးအကျယ် ထိခိုက်စေနိုင်သည်။ ယင်းကဲ့သို့သော ဂုဏ်သိက္ခာပျက်စီးမှုမျိုး မဖြစ်ရစေရန် ကုမ္ပဏီက အလေးအနက် ကာကွယ်ဆောင်ရွက် လျက်ရှိသည်။

## တရားမဝင် အတွင်းလူ ရှယ်ယာရောင်းဝယ်မှု တားဆီးရေး

တရားမဝင် အတွင်းလူ ရှယ်ယာရောင်းဝယ်မှု ဆိုသည်မှာ အများ ပြည်သူသို့ ဖွင့်ဟအသိပေးခြင်း မပြုရသေးသော အတွင်းသတင်း အချက်အလက်များကို အတွင်းလူတစ်ဦးဦးက လက်ဦးမှုရယူကာ အစုရှယ်ယာများကို ရောင်းဝယ်မှုပြုခြင်းကို ဆိုလိုသည်။

ယင်းကဲ့သို့ တရားမဝင် အတွင်းလူ ရှယ်ယာရောင်းဝယ်မှု လုပ်ရပ် သည် ကုမ္ပဏီအပေါ်အစုရှယ်ယာရှင်များ၏ ယုံကြည်မှုကို ပျက်ပြားစေနိုင်ပြီး ကုမ္ပဏီ၏ ဂုဏ်သိက္ခာနှင့် ရှယ်ယာဈေးနှုန်း များစွာ ထိခိုက်စေနိုင်ပါသည်။

ဂရိတ်ဟော်ခမ်းသည် တရားမဝင် အတွင်းလူ ရှယ်ယာရောင်းဝယ်မှုများ တားဆီးနိုင်ရန် လိုအပ်သော မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများကို မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင်၏ ညွှန်ကြားချက်များနှင့်အညီ အတည်ပြု သတ်မှတ်ထားပြီးဖြစ်သည်။ ကုမ္ပဏီ၏ အရေးကြီးသောအတွင်းသတင်းအချက်အလက်များကို အများပြည်သူသို့ ဖွင့်ဟအသိပေးမှု မပြုမီ အတွင်းလူများ ရှယ်ယာရောင်းဝယ်မှုမပြုနိုင်ရန် ကာလတစ်ခုအထိ ပိတ်ထားခြင်း၊ အတွင်းလူများ အစုရှယ်ယာ ရောင်းဝယ်မှု ပြုလုပ်ရာတွင် စည်းကမ်းလိုက်နာမှုရေးရာဌာနမှ ကြိုတင်အတည်ပြုချက်များ ရယူရန်လိုအပ်ခြင်းစသည့် လုပ်ထုံးလုပ်နည်းများ ပြုစုထားပြီး ကုမ္ပဏီ၏ ဒါရိုက်တာတိုင်း၊ အရာရှိတိုင်း၊ ဝန်ထမ်းတိုင်း သိရှိနားလည်အောင် ဆောင်ရွက်ထားပြီးဖြစ်သည်။

## အများပြည်သူသို့ ဖွင့်ဟအသိပေးမှုနှင့် ပွင့်လင်းမြင်သာမှု

ဂရိတ်ဟော်ခမ်းသည် အများနှင့်သက်ဆိုင်သောကုမ္ပဏီအဖြစ် စတင်တည်ထောင်စဉ်ကတည်းကပင်လုပ်ငန်းများကို ပွင့်လင်းမြင်သာစွာ လုပ်ကိုင်မည်ဟု သန္နိဋ္ဌာန်ချပြီး ဆောင်ရွက်လာခဲ့ပါသည်။ ကုမ္ပဏီ၏ အစုရှယ်ယာဈေးနှုန်း

ကို ပြောင်းလဲစေသော သို့မဟုတ်ပြောင်းလဲစေနိုင်သော အပြောင်းအလဲများနှင့် အခြား အရေးပါသော အပြောင်းအလဲများကို အများပြည်သူသို့ ပွင့်လင်းမြင်သာစွာ ဖွင့်ဟချပြခြင်းသည် ကောင်းမွန်သောစီမံအုပ်ချုပ်မှုစနစ်၏ အချက်အချာတစ်ခုဖြစ်ပြီး ကုမ္ပဏီအပေါ် အများပြည်သူ၏ ယုံကြည်မှုကို ပိုမိုတိုးပွားစေသည်ဟု ယုံကြည် ပါသည်။

အများပြည်သူတို့ ဖွင့်ဟအသိပေးရန် အချက်အလက်များနှင့် ပတ်သက်ပြီး ဖွင့်ဟအသိပေးရန် လိုအပ်သည့် အချက်အလက်များ၊ ဖွင့်ဟအသိပေးရန် အချိန်တိကျမှု၊ အချက်အလက် ပြည့်စုံမှန်ကန်မှု စသည်များကို မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်နှင့် ရန်ကုန်စတော့အိတ်ချိန်းတို့၏ စဉ်ဆက်မပြတ်ထုတ်ဖော်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင် ရွက်မည်ဖြစ်သည်။

အများပြည်သူသို့ ဖွင့်ဟအသိပေးရန် အချက်များကို ခြုံငုံ ဖော်ပြရလျှင် ကုမ္ပဏီ၏

၁) အရေးကြီးဆုံးဖြတ်ချက်များ၊

၂) အရေးကြီးအဖြစ်အပျက်နှင့် အပြောင်းအလဲများ နှင့်

၃) ငွေရေးကြေးရေး အရှုံးအမြတ်များတို့ဖြစ်သည်။

အဆိုပါ အချက်အလက်များကို ကုမ္ပဏီ၏ ဝက်ဘ်ဆိုက်တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ဖွင့်ဟအသိပေးမှု၏ အခြေခံသဘာတရား**

ဂရိတ်ဟော်ခမ်း၏ အများပြည်သူသို့ ဖွင့်ဟအသိပေးမှုတွင် အောက်ဖော်ပြပါ အခြေခံသဘောတရား ၄ ချက်ကို လိုက်နာသည်။ ယင်းတို့မှာ

၁) **ပွင့်လင်းမြင်သာမှု**

အချက်အလက်များသည် အကောင်းအဆိုး မခွဲခြားဘဲ မှန်ကန်ပြီး ပွင့်လင်းမြင်သာစွာဖြစ်ရမည်။

၂) **အချိန်တိကျမှု**

ဆိုင်းငံ့ထားခြင်းမရှိစေဘဲ အချိန်နှင့် တပြေးညီ ဖြစ်ရမည်။

၃) **မျှတမှု**

ဘက်လိုက်မှုမရှိဘဲ ရှယ်ယာရှင်များအားလုံးအတွက် မျှတမှု ရှိရမည်။

၄) **စဉ်ဆက်မပြတ်မှု**

အချက်အလက်များကို စဉ်ဆက်မပြတ် ဖွင့်ဟ အသိပေးမှုမျိုး ဖြစ်ရမည်။

**ဖွင့်ဟအသိပေးရန် တာဝန်ရှိသူ**

ကုမ္ပဏီ၏ စည်းကမ်း လိုက်နာမှုရေးရာ အရာရှိက အများပြည်သူသို့ ဖွင့်ဟအသိပေးမှုတွင် တာဝန်ရှိသည်။ စည်းကမ်းလိုက်နာမှုရေးရာ အရာရှိသည် ဒါရိုက်တာဘုတ်အဖွဲ့မှ ပေးအပ်သော အောက်ပါတာဝန်ဝတ္တရားများကို ဆောင်ရွက်မည်ဖြစ် သည်။

၁) မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင်နှင့် ရန်ကုန်စတော့အိတ်ချိန်းတို့နှင့်ညှိနှိုင်းပြီး အများပြည်သူသို့ ဖွင့်ဟအသိပေးမှုများ ဆောင်ရွက်ရန်၊

၂) ဖွင့်ဟအသိပေးမည့် အချက်များကို ကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာနှင့် ညှိနှိုင်းတိုင်ပင်ပြီး ဆောင်ရွက်ရန်၊

၃) အများပြည်သူသို့ ဖွင့်ဟအသိပေးရန် အချက်များကို ကုမ္ပဏီ၏ အရာရှိနှင့် ဝန်ထမ်းများအားလုံး နားလည်သိရှိအောင် ဆောင်ရွက်ရန်၊

၄) ဆောင်ရွက်ချက်များကို ကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာ အား အစီရင်ခံစာ တင်ရန်၊

၅) ပြင်ပမီဒီယာနှင့် အများပြည်သူအား ထိတွေ့ဆက်ဆံရန် တို့ဖြစ်သည်။

## အိုင်တီဆိုင်ရာ အချက်အလက်များကို ထိန်းသိန်းခြင်းနှင့် ဘေးဆိုက်မှုများမှ ကယ်ဆယ်ခြင်း

အိုင်တီဆိုင်ရာ အချက်အလက်များကို နည်းစနစ်ကျစွာ ထိန်းသိမ်းခြင်းသည် ဝန်ထမ်းများ၏ လုံခြုံမှု၊ စက်စနစ်များ ကောင်းမွန်စွာ လည်ပတ်နိုင်မှု၊ လုပ်ငန်းအတွက် လိုအပ်သော အချက်အလက်များ လွယ်ကူစွာ ရရှိနိုင်မှုများကို ပေးစွမ်းနိုင်သည်။

လုပ်ငန်းလည်ပတ်မှုတွင် ကွန်ပျူတာ စက်စနစ် ပျက်စီးခြင်းသည် အတွင်းအပြင် နှစ်ဌာနမှသဘာဝကြောင့်ဖြစ်စေ၊ လူကြောင့်ဖြစ်စေ၊ စက်ကြောင့်ဖြစ်စေ ပျက်စီးနိုင်သည်။ လက်ရှိ ကာလတွင် အရည်အသွေး မြင့်မားသော စက်ပစ္စည်းများ များစွာ ထွက်ပေါ်လာပြီး ပျက်စီးရန် အခွင့်အလမ်း နည်းပါးသည်ဟု ဆိုရသော်လည်း ပျက်းစီးခြင်း ဖြစ်လာခဲ့ပါက လုပ်ငန်းအတွက် အနည်းနှင့်အများ ဆိုးကျိုးသက်ရောက်မည်ဖြစ်သည်။

creating a better life

ဂရိတ်ဟော်ခမ်းသည် အိုင်တီဆိုင်ရာ ဘေးဆိုက်မှုများ ကာကွယ်ရန်နှင့်ကယ်ဆယ်ရန်အတွက် လိုအပ်သော မူဝါဒနှင့် အစီအမံများ ချမှတ်ထားပြီးဖြစ်သည်။ ယင်းမူဝါဒများနှင့်အညီ ပျက်စီးမှုများကို အကောင်းဆုံး ကာကွယ်နိုင်စေရန် -

- ■ လျှပ်စစ်ဓာတ်အား တည်ငြိမ်အောင် ထိန်းချုပ်သည့် ကိရိယာများ အသုံးပြုခြင်း၊
- ■ လျှပ်စစ်ဓာတ်အား ယာယီသိုလှောင်စက်များအသုံးပြုခြင်း၊
- ■ အရန်သင့် လျှပ်စစ်မီးစက် ထားရှိခြင်း၊
- ■ အိုင်တီပစ္စည်းဖြင့် လုပ်ငန်းလည်ပတ်သည့် အခန်းတွင် အပူချိန်လွန်ကဲခြင်း မရှိစေရန် အပူချိန် ထိန်းချုပ်ပေးခြင်း
- ■ အိုင်တီအချက်အလက်များကို နေ့စဉ် ဘက်ခ်အပ်လုပ်ခြင်း၊
- ■ အိုင်တီဝန်ထမ်းများအား သင်ဆိုင်ရာ သင်တန်းများကို တက်ရောက်သင်ယူစေခြင်း၊
- ■ ကွန်ပျူတာ စကားဝှက်များထားရှိခြင်းနှင့် စကားဝှက်များကို မကြာမကြာ ပြောင်းပေးခြင်း၊
- ■ မီးငြိမ်းသတ်ဗူးများ ထားရှိခြင်း၊ မီးငြိမ်းသတ်ဗူးများကို မကြာမကြာ စစ်ဆေးပေးခြင်းနှင့်
- ■ အဆောက်အအုံတွင်းသို့ သက်ဆိုင်သူများသာ ဝင်ရောက်နိုင်စေခြင်း စသည်တို့ဖြစ်သည်။

## စက်ပစ္စည်းချွတ်ယွင်းချိန် ကာကွယ်မှု ဆောင်ရွက်ချက်

ဂရိတ်ဟော်ခမ်း၏ လုပ်ငန်း သဘောသဘာဝသည် များသောအားဖြင့် စက်ယန္တရားများဖြင့် လုပ်ငန်းလည်ပတ်သည့် လုပ်ငန်း မျိုးဖြစ်ခြင်းကြောင့် လုပ်ငန်းလည်ပတ်နေစဉ်အတွင်း စက်ယန္တရားများ ချွတ်ယွင်းခြင်းသည် လုပ်ငန်းလည်ပတ်မှုကို ရပ်တန့်သွားစေနိုင်သည်။ ထို့ကြောင့် ယန္တရားများ ချွတ်ယွင်းချိန် မရှိစေရန် သို့မဟုတ် ချွတ်ယွင်းချိန် နည်းပါးစေရန် ကုမ္ပဏီ၏စီမံခန့်ခွဲရေးအဖွဲ့သည် ချွတ်ယွင်းချိန် ကာကွယ်တားဆီးခြင်း မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများ ချမှတ်ပြီး ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည်။ သက်ဆိုင်ရာဌာနအလိုက် ကျွမ်းကျင်ဝန်ထမ်းများအားတာဝန်ပေးအပ်ပြီး အနီးကပ် ကြီးကြပ်ဆောင်ရွက်ပေး မှုများမှာ -

- လိုအပ်သော အပိုပစ္စည်းများ ထားရှိခြင်း၊
- အမှတ်တံဆိပ်တူ စက်ပစ္စည်းများသာ ဦးစားပေး ဝယ်ယူအသုံးပြုခြင်း၊
- လိုအပ်လျှင် ချက်ချင်း ပစ္စည်းပေးသွင်းနိုင်မည့် အရောင်းဌာနများကို စာရင်းပြုစုထားခြင်း၊
- စက်ပစ္စည်းများ၏ လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေကို သုံးသပ် ကြည့်ရှုစစ်ဆေးခြင်း၊
- စက်ယန္တရားများကို ပြုပြင်ထိန်းသိမ်းခြင်း၊
- လိုအပ်လျှင် စက်ယန္တရား၏ တရားဝင်ကိုယ်စားလှယ်များမှ စက်ပြုပြင်ခြင်း ဝန်ဆောင်မှုကို ငှားရမ်းအသုံးပြုခြင်း စသည်တို့ဖြစ်သည်။

စက်ယန္တရားများ ချွတ်ယွင်းခြင်းကြောင့် လုပ်ငန်းများ လိုအပ်သလောက် ခရီးမရောက်နိုင်ခြင်းသည် ကုမ္ပဏီနှင့် ကုမ္ပဏီ ၏ လုပ်ငန်း လုပ်ဖော်ကိုင်ဖက်များကို နစ်နာစေနိုင်သည်။ စက်ယန္တရားများကို ပြုပြင်ရာတွင် အရည်အသွေးနှင့် တိကျမှု ပိုမိုရရှိစေရန် တရားဝင်ကိုယ်စားလှယ်မှ စက်ပြုပြင်ခြင်း ဝန်ဆောင်မှုကို ငှားရမ်း အသုံးပြုခဲ့ပါသည်။

### တာဝန်ရှိသူ

လုပ်ငန်းများ ရပ်တန့်မှု မဖြစ်စေရေးအတွက်လည်းကောင်း၊ ဖြစ်ပေါ်ခဲ့သော လုပ်ငန်းရပ်တန့်မှုအား အရေးပေါ် ပြုပြင်ဆောင်ရွက်နိုင်ရန်လည်းကောင်း ဌာနတိုင်း၏ စီမံခန့်ခွဲသူများတွင် အဓိကတာဝန်ရှိသည်။

## ပစ္စည်းဝယ်ယူမှု လုပ်ထုံးလုပ်နည်း

လုပ်ငန်းလည်ပတ်နိုင်ရေးအတွက် ပစ္စည်းဝယ်ယူမှုသည် မရှိမဖြစ် လိုအပ်သော ဆောင်ရွက်မှုတစ်ခုဖြစ်သည်။ သို့သော် ဝယ်ယူမှုတိုင်းတွင် ကောင်းကျိုးဖြစ်နိုင်ခြေ ရှိသကဲ့သို့ ဆိုးကျိုးဖြစ်နိုင်ခြေလည်းရှိနေသည်။ ထို့ကြောင့် ဝယ်ယူမှုတွင် ဆိုးကျိုးဖြစ်နိုင်ခြေ နည်းပါးစေရန်အတွက်ဂရိတ်ဟော်ခမ်းသည် ဝယ်ယူမှု မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများ ပြုစုထားပြီး ဖြစ်ပါသည်။

ပစ္စည်းများ ဝယ်ယူရာတွင် ပစ္စည်း၏ အရည်အသွေးနှင့် ဈေးနှုန်းများကို အရင်စစ်ဆေးသုံးသပ်သည်။ အရည်အသွေးတူ၊ ဈေးနှုန်းတူလျှင် အရစ်ကျဖြစ် ပေးချေနိုင်ခြင်း ရှိမရှိ စသည့် အခြားအခွင့်အရေးများကို ထည့်တွက်စဉ်းစားမည်ဖြစ်သည်။ အခွင့်အရေး ပိုပေးနိုင်သည့် ပစ္စည်းပေးသွင်းသူထံမှ ဦးစားပေး ဝယ်ယူမည်ဖြစ်သည်။ ပစ္စည်းဝယ်ယူရာတွင် ဈေးနှုန်းချိုသာမှု တစ်ခုတည်းကိုပဲ ဦးစားပေး ဝယ်ယူခြင်းမျိုးမဟုတ်ဘဲ ရေရှည်ကုန်ကျမှုစရိတ်ကိုပါ ထည့်တွက်စဉ်းစားပြီးမှ ဝယ်ယူသည်။

စီမံကိန်းအလိုက် လုပ်ငန်း ပြီးဆုံးသည်အထိ ပစ္စည်း

များဝယ်ယူတင်သွင်းရမည့် ကိစ္စမျိုးတွင် ပစ္စည်းဈေးနှုန်း အတက်အကျဖြစ်ခြင်းကြောင့် စီမံကိန်းအား ထိခိုက်မှု မရှိစေရန် ပစ္စည်းပေးသွင်းသူများနှင့် အချိန်ကာလ တစ်ခုအထိ ပုံသေဈေးနှုန်းဖြင့် ရောင်းဝယ်မှုစာချုပ် ချုပ်ဆို ထားခြင်းများလည်း ရှိပါသည်။

### တာဝန်ရှိသူ

စီမံခန့်ခွဲသည့် အရာရှိများအားလုံး ပစ္စည်းဝယ်ယူမှု လုပ်ထုံးလုပ်နည်းများကို နားလည်ထားရန် လိုအပ်ပါသည်။ ဝယ်ယူရေးဌာနမှဝန်ထမ်းများသည်ဝယ်ယူမည့်ပစ္စည်း/ဝန်ဆောင်မှုနှင့် ယင်း၏ ဈေးကွက်များကို နားလည်ရမည်။ ပစ္စည်းဝယ်ယူဖြည့်တင်းခြင်းနှင့် ပတ်သက်ပြီး အစဉ်မပြတ် လေ့လာသင်ယူမှု ရှိနေရမည်။

## လူ့စွမ်းအားအရင်းအမြစ်နှင့် စီမံခန့်ခွဲမှု

ကုမ္ပဏီ၏ လုပ်ငန်းများ ထိရောက်စွာ လည်ပတ်နိုင်ရေးသည် လူ့စွမ်းအားအရင်းအမြစ်ပေါ် များစွာ မူတည်ကြောင်း ကျွန်တော်တို့ ယုံကြည်သည်။ လိုအပ်သည့် ဝန်ထမ်းအင်အားကို ရှာဖွေခေါ်ယူခြင်း၊ လက်ရှိဝန်ထမ်းများကို လူမှန်နေရာမှန်ဖြစ်အောင် စီမံခြင်း၊ ဝန်ထမ်းများ၏ လုပ်ရည်ကိုင်ရည်ကို အကဲဖြတ်ခြင်း၊ ဝန်ထမ်းများအား ထိုက်တန်သည့် ခံစားခွင့်ကို စီမံ ဆောင်ရွက်ပေးခြင်း၊ ဝန်ထမ်းများ၏ အန္တရာယ်ကင်းရှင်းရေး၊ သက်သာချောင်ချိရေး၊ အရည်အသွေးများ မြှင့်တင်ရေး၊ အငြင်းပွားမှုများ ဖြေရှင်းရေး စသည့် အရေးပေါင်းများစွာကို စီမံခန့်ခွဲရခြင်းသည် လွယ်ကူသည့် ကိစ္စရပ် မျိုးမဟုတ်ပေ။ လူ့စွမ်းအားအရင်းအမြစ်ကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ခြင်းသည် ကုမ္ပဏီ လုပ်ငန်းရည်မှန်းချက် ပန်းတိုင်သို့ ရောက်နိုင်ရေးအတွက် များစွာ အထောက်အကူပြုသည်။

လူ့စွမ်းအား အရင်းအမြစ်ကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ရေးအတွက် ကုမ္ပဏီသည်လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်၏ မူဝါဒနှင့်လုပ်ထုံးလုပ်နည်းများကို ပြုစုထားပြီးဖြစ်သည်။ ယင်း၏ ရည်ရွယ်ချက်မှာ -

ဝန်ထမ်းများအားလုံး

- ကုမ္ပဏီ၏မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများကို နားလည်သိရှိစေရန်၊
- ကုမ္ပဏီနှင့် သက်ဆိုင်သော သတင်း အချက်အလက်များကို အကျွမ်းတဝင် ရှိစေရန်၊
- လုပ်ငန်း တိုးတက်အောင်မြင်ရေးအတွက် တက်ညီ လက်ညီ ပူးပေါင်းကြိုးစား လုပ်ဆောင်ကြရန်၊
- ကျင့်သုံးရမည့် စည်းကမ်းများ၊ အကျိုးခံစားခွင့်များနှင့် ပတ်သက်သော အချက်အလက်များကို သိရှိနိုင်ရန် တို့ဖြစ်ပါသည်။

လူ့စွမ်းအားအရင်းအမြစ်၏ မူဝါဒနှင့် လုပ်ထုံးလုပ်နည်း များ၊ ဝန်ထမ်းများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ဝန်ထမ်းတိုင်း နားလည်သိရှိနိုင်ရန် ဝန်ထမ်းလက်စွဲစာအုပ် ပြုစုပြီး ဝန်ထမ်းများအား ထုတ်ပေးထားပြီး ဖြစ်ပါ သည်။

## ရာထူးဆက်ခံမည့်သူကို ပြုစုပျိုးထောင်ခြင်း

ဒါရိုက်တာဘုတ်အဖွဲ့ဥက္ကဋ္ဌ၊ အုပ်ချုပ်မှုဒါရိုက်တာနှင့် စီမံခန့်ခွဲရေးအရာရှိများ၏ ရာထူးနေရာဆက်ခံမည့်သူများကို ရှာဖွေပြုစု ပျိုးထောင်ခြင်းသည် ကုမ္ပဏီအတွက် ခဲယဉ်းသည့် တာဝန်တစ်ခုဖြစ်သည်။ ဒါရိုက်တာဘုတ်အဖွဲ့သည် ၂-နှစ်တစ်ကြိမ် အလှည့်ကျစနစ်ဖြင့် ရွေးချယ်ရမည်ဖြစ်ရာ ဥက္ကဋ္ဌနှင့် အုပ်ချုပ်မှုဒါရိုက်တာ ရာထူးဆက်ခံမည့်သူကို ဆုံးဖြတ်ရွေး ချယ်ခြင်းသည် ကုမ္ပဏီ၊ အစုရှယ်ယာရှင်များနှင့် ပတ်သက်သူများအားလုံးအတွက် အရေးပါသော ဆုံးဖြတ်ချက် တစ်ခုဖြစ်သည်။ ယင်းနှင့်ပတ်သက်ပြီးကုမ္ပဏီသည် အလားအလာရှိသူများအတွက် ဆက်ခံမည့်ရာထူးနှင့် သင့်လျော်သော ကြိုတင် ပြင်ဆင်မှုများ၊ စွမ်းရည်မြှင့်တင် ပေးမှုများကို စသည်တို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ဒါရိုက်တာဘုတ်အဖွဲ့သည် ကုမ္ပဏီ အုပ်ချုပ်မှုပိုင်းတွင် အဓိကတာဝန်ရှိခြင်းကြောင့် ရာထူးဆက်ခံမည့်သူများကို ပြုစုပျိုးထောင် ရွေးချယ်ခြင်းသည်လည်း ယင်း၏ အရေးပါသော တာဝန်တစ်ခုဖြစ်သည်။ ဂရိတ်ဟော်ခမ်း၏ အရာရှိများ အဓိကအားဖြင့် အုပ်ချုပ်မှုဒါရိုက်တာနှင့် ဥက္ကဋ္ဌ ရာထူး ဆက်ခံမည့်သူကို ပြုစုပျိုးထောင် ရွေးချယ် ခြင်းတွင် အပိုင်း ၂ ပိုင်းပါဝင်သည်။ ယင်းတို့မှာ -

### ၁) သုံးသပ် အကဲဖြတ်ခြင်း

- ကုမ္ပဏီ၏ အနာဂတ်လိုအပ်ချက်များကို ရှုမျှော်သုံးသပ်ပြီး ရာထူးဆက်ခံမည့်သူတွင် ရှိသင့်ရှိထိုက်သည့် အရည်အချင်းကို သုံးသပ်ခြင်း၊
- ရေတို ရေရှည်အားဖြင့် ကုမ္ပဏီတွေ့ကြုံလာနိုင်ဖွယ် ရှိသည့် ပြဿနာ အခက်အခဲများကို ဖော်ထုတ်ပြီး ကုမ္ပဏီကို ဦးဆောင်မည့်သူ၏ အတွေ့အကြုံများနှင့် ချိန်ထိုးကာ ထိရောက်စွာ ဦးဆောင်နိုင်ဖွယ် ရှိမရှိ သုံးသပ်ခြင်း၊

- ရာထူးဆက်ခံမည့်သူ၏ အတွေ့အကြုံ၊ အရည်အချင်း၊ ကိုယ်ကျင့်စာရိတ္တ၊ စိတ်နေစိတ်ထား စသည့်အချက်များကို သုံးသပ်အကဲဖြတ်ခြင်း စသည်တို့ဖြစ်သည်။

### ၂) ပြုစုပျိုးထောင်မှု

ပြီးပြည့်စုံသော ခေါင်းဆောင်မှု အရည်အချင်းသည် နေ့ချင်းညချင်း ပေါ်ပေါက်လာနိုင်သော အရာမျိုး မဟုတ်ကြောင်း ကုမ္ပဏီ ကောင်းစွာနားလည်သည်။ ထို့ကြောင့်ပင်လျှင် ပြီးပြည့်စုံသော ခေါင်းဆောင်တစ်ဦး ရရှိရေးကို ကုမ္ပဏီက

- ဝန်ထမ်းအကဲဖြတ်ခြင်းပုံစံ ချမှတ်ပြီး ဌာနတိုင်းမှ လစဉ်အကဲဖြတ်ပုံစံ တင်စေခြင်း၊
- အလားအလာရှိသူများကို အတွေ့အကြုံ ပိုမို များပြားလာစေရန် ဌာနပြောင်းရွှေ့ပြီး လုပ်ငန်း ဆောင် ရွက်စေခြင်း၊
- သင်တန်းများ တက်ရောက်စေခြင်းနှင့် သင်တန်းပို့ချ ပေးခြင်း၊
- ပြင်ပမှ အလားအလာရှိသူများကို ရှာဖွေခြင်း စသည့်နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်နေလျက် ရှိသည်။



# ဒါရိုက်တာအဖွဲ့၏ အခန်းကဏ္ဍနှင့် လုပ်ငန်းတာဝန်များ

ဒါရိုက်တာ၏ အခန်းကဏ္ဍနှင့် လုပ်ငန်းတာဝန်များ၊ အခွင့်အာဏာများကို ၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေတွင်လည်းကောင်း၊ ဥပဒေနှင့်အညီ ရေးဆွဲထားသော ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင်လည်း အပြည့်အစုံ ဖော်ပြထားပါသည်။ အောက်ပါ ဖော်ပြချက်များသည် ကုမ္ပဏီ၏ ကုမ္ပဏီစီမံအုပ်ချုပ်မှုစနစ်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထုတ်နုတ်ဖော်ပြ ထားခြင်းဖြစ်ပါသည်။

အောက်ဖော်ပြပါ စကားရပ်တစ်ရပ်ရပ်သည် ဥပဒေနှင့်ကွဲလွဲခြင်း သို့မဟုတ် ညီညွတ်မှုမရှိခြင်းများရှိပါက ယင်းကွဲလွဲခြင်း၊ မညီညွတ်ခြင်းနှင့်စပ်လျဉ်း၍ ဥပဒေကလွှမ်းမိုးသည်။

### နည်းဗျူဟာ

ကုမ္ပဏီ၏ ရေရှည်ရည်မှန်းချက်များနှင့် စီမံအုပ်ချုပ်မှု လုပ်ငန်းအစီအစဉ်များကို စောင့်ကြည့် စစ်ဆေးပြီး အတည်ပြုပေးခြင်း။

### လက်ခံနိုင်ဖွယ်ရှိသော ဆုံးရှုံးမှုများ

အသေးစိတ် ရည်မှန်းချက်များ၊ ကန့်သတ်ချက်များ သို့မဟုတ် အညွှန်းကိန်းများ အပါအဝင် ကုမ္ပဏီအတွက် လက်ခံနိုင်ဖွယ် ရှိသော ဆုံးရှုံးမှုများသတ်မှတ်ခြင်း။

### လုပ်ငန်းဆောင်ရွက်မှုများအား စောင့်ကြည့်စစ်ဆေးခြင်း

ကုမ္ပဏီမှ မဟာဗျူဟာကျသောရည်မှန်းချက်များအတိုင်း အောင်မြင်စေရန် ဆောင်ရွက်ရာတွင် ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုများအားလုံးကို ခြုံငုံ၍ စောင့်ကြည့် စစ်ဆေးခြင်းနှင့် သတ်မှတ်ထားသည့် လက်ခံနိုင်ဖွယ်ရှိသော ဆုံးရှုံးမှုများကို ခွဲခြမ်းစိတ်ဖြာခြင်း။

### ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု

ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု မူဘောင်အား ကြီးကြပ်ခြင်းနှင့် အတည်ပြုပေးခြင်း။

### အကြီးတန်းအရာရှိများ ခန့်အပ်ခြင်း

အမှုဆောင်အရာရှိချုပ် ခန့်အပ်ရန် ထောက်ခံပေးခြင်း၊ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲရေး အရာရှိချုပ်နှင့် စာရင်းစစ်ချုပ် (သို့မဟုတ်) ကုမ္ပဏီတွင်း စာရင်းစစ် တို့အား ခန့်အပ်ခြင်းနှင့် ထုတ်ပယ်ခြင်း။

### အမှုဆောင်အရာရှိချုပ် ခန့်ထားခြင်း

အမှုဆောင်အရာရှိချုပ်ခန့်အပ်ခြင်းနှင့် တာဝန်မှ ရပ်နားရန်လိုအပ်သည့်အခါ တာဝန်မှ ရပ်နားစေခြင်း။

### ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာတင်ပြမှုများ

ဘဏ္ဍာရေးရှင်းတမ်း ပေါင်းချုပ်များအား ကြီးကြပ် ကွပ်ကဲခြင်း

### ကုမ္ပဏီပြင်ပမှ စာရင်းစစ်ဆေးခြင်း

ပြင်ပစာရင်းစစ်များ၏ လုပ်ငန်းဆောင်ရွက်မှုများ နှင့် အရည်အချင်း ပြည့်မီမှုများရှိ၊ မရှိကြီးကြပ်ခြင်း နှင့် လွတ်လပ်စွာ စာရင်းစစ်ဆေးစေခြင်း။

### ကုမ္ပဏီတွင်း စာရင်းစစ်ဆေးခြင်း

ကုမ္ပဏီတွင်း စာရင်းစစ်ဆေးခြင်း လုပ်ငန်းဆောင်ရွက်ချက်များကို ကြီးကြပ်ကွပ်ကဲခြင်း။

### ကုမ္ပဏီတွင်း ထိန်းချုပ်ကွပ်ကဲရေးစနစ်များ

ကုမ္ပဏီတွင်း ထိန်းချုပ်ကွပ်ကဲရေးမူဘောင်ကို ကြီးကြပ် ကွပ်ကဲခြင်း။

### လူ့စွမ်းအား အရင်းအမြစ်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ

လူ့စွမ်းအား အရင်းအမြစ်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ကြီးကြပ်ခြင်းနှင့် အတည်ပြုပေးခြင်း။

### ကုမ္ပဏီ၏ လုပ်ငန်းများနှင့် ကြွေးမြီဆုံးဖြတ်ချက်များ

သတ်မှတ်ထားသော လုပ်ပိုင်ခွင့်ဇယားအတိုင်း ကုမ္ပဏီ၏ အဓိကလုပ်ငန်းကိစ္စများနှင့် ကြွေးမြီရယူရန် လျှောက်ထား ချက်များကို သုံးသပ်ဆုံးဖြတ်ချက်ချခြင်း။

### အရာရှိများ၏ ခံစားခွင့်

အကြီးတန်းအရာရှိများ၏ လုပ်ငန်းဆောင်ရွက်မှုသုံးသပ်ချက် ညွှန်းတမ်းများ အပါအဝင် ဆုငွေနှင့် ခံစားခွင့်များ ပေးရေးအစီအစဉ်များအား ဆုံးဖြတ်ခြင်း။

### အရာရှိများ၏ လုပ်ငန်းဆောင်ရွက်မှု

အခိကကျသော အကြီးတမ်းအရာရှိများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ခြုံငုံသုံးသပ် အကဲဖြတ်ခြင်း။

### အရိုက်အရာ ဆက်ခံရေးအစီအစဉ်များ

ဥက္ကဋ္ဌနှင့် အကြီးတမ်းအရာရှိရာထူးနေရာများ အတွက် အရိုက်အရာ ဆက်ခံရေးအစီအစဉ်များ တိုးတက်ဖွံ့ဖြိုးရန်ဆောင်ရွက်ခြင်း။

### နောင်လာမည့်ကာလအတွက် ဒါရိုက်တာအဖွဲ့ဝင်များ ရှေ့ရှုခန့်ထားခြင်း

ဒါရိုက်တာအဖွဲ့ဝင်များ ထပ်မံရွေးချယ် တင်မြှောက်ရန်အတွက် ဖြစ်နိုင်ခြေရှိသောအဖွဲ့ဝင်များအား သိရှိနားလည်ပြီး ထောက်ခံပေးခြင်း။

### ဒါရိုက်တာအဖွဲ့၏ ခံစားခွင့်

ဒါရိုက်တာအဖွဲ့၏ ခံစားခွင့် မူဝါဒကို ရှယ်ယာရှင်များထံမှ ခွင့်ပြုချက်တောင်းရာတွင် ထောက်ခံပေးရန်။

### ဒါရိုက်တာအဖွဲ့အား အကဲဖြတ်ခြင်း

ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ထိရောက် အောင်မြင်မှုများကို ခြုံငုံသုံးသပ်ခြင်း။

### ကုမ္ပဏီစီမံအုပ်ချုပ်မှု

ကုမ္ပဏီ၏ ကုမ္ပဏီစီမံအုပ်ချုပ်မှု မူဘောင်ကို ကြီးကြပ်ကွပ်ကဲခြင်း။

### ကုမ္ပဏီ၏ စံချိန်စံနှုန်းများ

ကုမ္ပဏီ၏စံချိန်စံနှုန်းများချမှတ်ခြင်း၊ ရှယ်ယာရှင်များနှင့်အခြားအကျိုးစပ်ဆိုင်သူများအပေါ် ကုမ္ပဏီမှတာဝန်သိစိတ် ရှိသည်ကို သိရှိနားလည်စေခြင်း။

### ကျင့်ဝတ်

ကုမ္ပဏီအကျိုးစပ်ဆိုင်သူများ၏ အလေးထားမှုများ ရရှိစေရန်ပြုလုပ်ခြင်းနှင့် ကုမ္ပဏီမှ ၎င်း၏ လုပ်ငန်းများ ချဲ့ထွင် ဆောင်ရွက်ရာတွင် လူမှုရေးဆိုင်ရာ တာဝန်ယူမှုရှိစွာ ဆောင်ရွက်စေခြင်း။

### လေးစားလိုက်နာမှု

ကုမ္ပဏီမှ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်စေခြင်း။



# ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ၏ အခန်းကဏ္ဍနှင့် လုပ်ငန်းတာဝန်များ

### ဒါရိုက်တာအဖွဲ့အား ဦးဆောင်နိုင်မှု

ဒါရိုက်တာအဖွဲ့ အစည်းအဝေးများကို အုပ်ချုပ်မှုဒါရိုက်တာ နှင့်အတူအကွ ပူးပေါင်း၍ အစည်းအဝေးအစီအစဉ်များ ချမှတ်ကျင်းပခြင်း၊ ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းဆောင်တာများကို ထိရောက်စွာ ဆောင်ရွက်နိုင်ခြင်း။

### လူမှုဆက်ဆံရေး

ဒါရိုက်တာများအားရှင်းလင်းတိကျသောအချက်အလက်များပေးနိုင်ခြင်း၊ ရှယ်ယာရှင်များအပါအဝင် လုပ်ငန်းနှင့်ပါဝင်ပတ်သက်နေသော အကျိုးစပ်ဆိုင်သူများကို ထိရောက်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ခြင်း။

### လုပ်ငန်းဆောင်ရွက်မှုများအား အကဲဖြတ်ခြင်း

ကော်မတီများ၊ ဒါရိုက်တာများနှင့် အမှုဆောင်အရာရှိချုပ် အပါအဝင် ဒါရိုက်တာအဖွဲ့တစ်ဖွဲ့လုံး ၏ လုပ်ငန်းဆောင် ရွက်မှုများအား အကဲဖြတ်ခြင်း။ ဒါရိုက်တာအဖွဲ့နှင့် အဖွဲ့ ဝင်များ၏ ကိုယ်ပိုင်အကဲဖြတ်သုံးသပ်ချက်ပုံစံများကို ပြန်လည် သုံးသပ်ခြင်း။

### အကောင်အထည်ဖော် ဆောင်ရွက်ခြင်း

ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်များအား ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

### ဒါရိုက်တာအဖြစ် ပါဝင်ဆောင်ရွက်ခြင်း

ဒါရိုက်တာအဖွဲ့ဝင်များ၏ လုပ်ရှားဆောင်ရွက်မှုများ တိုးတက်လာစေရန် ကြိုးကြပ်ဆောင်ရွက်ခြင်း၊ အမှုဆောင် ဒါရိုက်တာများနှင့် လွတ်လပ်ဒါရိုက်တာများ အကြား ကောင်းမွန်ခိုင်မာသော ဆက်ဆံရေး ဖြစ်လာ စေရန် တည်ဆောက်ခြင်း။

### အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခွင့်ပြုခြင်း

ဒါရိုက်တာ အသစ်များ ခန့်ထားရေးအတွက် ဒါရိုက်တာအဖွဲ့၏ အတွင်းရေးမှူးနှင့် ပူးပေါင်း၍ ပြည့်စုံသော အဖွဲ့ဝင်ခွင့် လမ်းညွှန်ချက်တစ်ခုရေးဆွဲခြင်း။

### ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များ

ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးချင်းစီနှင့် အဖွဲ့တစ်ခုလုံး၏ ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များကို သိရှိနားလည်ပြီး ညွှန်ကြား ဆောင်ရွက်ခြင်း။

- ဒါရိုက်တာအဖွဲ့မှ အခန်းကဏ္ဍအားလုံးအား ဆောင်ရွက်ရာတွင် ထိရောက်မှုရှိစေရန် ရှုထောင့်ပေါင်းစုံမှကြည့်ရှုပြီး အဖွဲ့တစ်ခုလုံးအား ဦးဆောင်နိုင်ခြင်း။
- ဒါရိုက်တာအဖွဲ့ဝင်အသစ်များ ခန့်ထားရာတွင် အဖွဲ့ဝင်ခွင့် လမ်းညွှန်ချက်အတိုင်း ပါဝင်ဆင်နွှဲစေခြင်းနှင့် လိုအပ်လျှင် ထပ်ဆောင်း လေ့ကျင့်ရေးအစီအစဉ်များ ဖန်တီးပေးခြင်း။
- ဒါရိုက်တာအဖွဲ့ဝင်များအား လိုအပ်သော သတင်းအချက်အလက်များကို သိရှိစေခြင်း။
- ဒါရိုက်တာအဖွဲ့အားဆွေးနွေးညှိနှိုင်းရန်နှင့်ဆုံးဖြတ်ချက်ချရန်အတွက် လုံလောက်သောအချိန်ပေးခြင်း။
- ဒါရိုက်တာအဖွဲ့ အစည်းအဝေးများကျင်းပရန်အတွက် အစီအစဉ်များ သတ်မှတ်ထားခြင်း၊ ထိုအစည်းအဝေးများ၌ သဘာပတိအဖြစ် ဆောင်ရွက်ခြင်းနှင့် အစည်းအဝေး မှတ်စုများအား ထိန်းသိမ်းထားစေခြင်း။
- ဒါရိုက်တာအဖွဲ့တွင် ပွင့်လင်းမြင်သာစွာ ဝေဖန်ဆွေးနွေးခြင်း အလေ့အထ တိုးတက်ဖြစ်ထွန်းလာစေရန် ဆောင်ရွက်ခြင်း။
- ဒါရိုက်တာအဖွဲ့နှင့်ကော်မတီများ လုပ်ငန်းတာဝန်များ လုပ်ဆောင်ရာတွင် မှန်ကန်သောနည်းလမ်းများဖြင့် ဆောင်ရွက်စေခြင်း။
- ဒါရိုက်တာအဖွဲ့ဝင်များကို ၎င်းတို့၏ ထင်မြင်ယူဆချက်များအတိုင်း အပြည့်အဝ လုပ်ကိုင်ဆောင်ရွက်ခွင့်ရရှိ ရန် ဆောင်ရွက်ခြင်း။
- စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဒါရိုက်တာအဖွဲ့ဝင်များ၏ လုပ်ငန်း ဆောင်ရွက်မှုများကို တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ် အကဲဖြတ်ခြင်း။
- ဒါရိုက်တာအဖွဲ့နှင့် စီမံအုပ်ချုပ်ရေးအဖွဲ့တို့ မှန်ကန်လျော်ညီ သော အဆက်အသွယ်များ ဖြစ်စေခြင်း။
- ဒါရိုက်တာအဖွဲ့အား ၎င်းတို့၏ လုပ်ငန်းတာဝန်များနှင့် ပတ်သက်၍ ကျေနပ်မှုရှိစေရန်ပြုလုပ်ခြင်း။
- လိုအပ်လျှင် ဒါရိုက်တာအဖွဲ့မှ ခန့်အပ်ထားသည့် ပြင်ပ အကြံပေးအရာရှိများနှင့် ဆွေးနွေးကာ အကြံဉာဏ်များ ရယူခြင်း။

creating a better life

- ဒါရိုက်တာအဖွဲ့ဝင် တစ်ဦးချင်းစီ၏ လုပ်ငန်းဆောင်ရွက်မှု များနှင့်ပတ်သက်၍ မပြေလည်မှုများအား ညှိနှိုင်းကြားဆောင် ရွက်ခြင်း။
- ကုမ္ပဏီအတွင်း အငြင်းပွားမှုများနှင့် ဒါရိုက်တာအဖွဲ့ဝင် တစ်ဦးချင်းစီ၏ အကျိုးစီးပွားနှင့် ပတ်သက်သော ပဋိပက္ခများကို ညှိနှိုင်းကြားဆောင်ရွက်ခြင်း။
- ဒုတိယဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ရာတွင် ဒါရိုက်တာအဖွဲ့မှ ရွေးကောက်တင်မြှောက်စေခြင်း။
- အဆင့်မီသော ကုမ္ပဏီ၏ စွမ်းဆောင်ရည်နှင့် စီမံအုပ်ချုပ်မှု စနစ်ကို တိုးတက်ကောင်းမွန်အောင် ပြုလုပ်ခြင်း။

စိန်ဆိုသည်မှာ မီးကျီးခဲကဲ့သို့သော အရာဝတ္ထုသာ ဖြစ်သည်။ နှစ်ပေါင်းများစွာ အပူရှိန်၏ ဖိစီးမှုကို ခံခဲ့ရပြီးနောက် စိန်ရတနာအဖြစ်သို့ ပြောင်းလဲသွားခြင်းဖြစ်သည်။

အခက်အခဲပြဿနာများ၏ ဖိစီးမှုများကြောင့် နောက်မဆုတ်ဘဲ ကျွန်တော်တို့အားလုံး စိန်ရတနာကဲ့သို့ တန်ဖိုးကြီးစေအံ့။

| ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌသည် အောက်ပါတို့ကို ဆောင်ရွက်ရပါမည်။ | အမှုဆောင်အရာရှိချုပ်သည် အောက်ပါတို့ကို ဆောင်ရွက်ရပါမည်။ |
| --- | --- |

- ဒါရိုက်တာအဖွဲ့အား မဟာဗျူဟာ ဖွဲ့စည်းပုံအတိုင်း လုပ်ရှားဆောင်ရွက်စေခြင်း။
- ဒါရိုက်တာအဖွဲ့ အစည်းအဝေးများနှင့် ရှယ်ယာရှင် အစည်း အဝေးများတွင် သဘာပတိအဖြစ် ဆောင်ရွက်ခြင်း၊ အစည်းအဝေး အစီအစဉ်များ သတ်မှတ်ထားခြင်း၊ အရေးပါသော စဉ်းစားစရာကိစ္စရပ်များနှင့်(ပဋိပက္ခများ)ကို လွယ်ကူချောမွေ့စေခြင်း။
- ဆွေးနွေးပွဲများတွင်ဒါရိုက်တာများအားလုံး ပါဝင်ဆွေးနွေး၍ ဆုံးဖြတ်ချက်များ ချစေခြင်း။
- ကုမ္ပဏီ စီမံအုပ်ချုပ်မှုဖွဲ့စည်းပုံများနှင့် လုပ်ငန်းစဉ်များကို ဦးဆောင်ဆုံးဖြတ်နိုင်ခြင်း။
- ဒါရိုက်တာအဖွဲ့မှ စေ့စပ်မှန်ကန်သော အချက်အလက်များ ရရှိစေခြင်း။
- ဒါရိုက်တာအဖွဲ့၊ ရှယ်ယာရှင်များနှင့် အကျိုးစပ်ဆိုင်သူများအကြား ကောင်းမွန်သောဆက်ဆံရေး ဖြစ်ထွန်းစေခြင်း။
- ဒါရိုက်တာအဖွဲ့နှင့် စီမံခန့်ခွဲရေးအဖွဲ့တို့အကြား ရှင်းလင်း ပြတ်သားသော စည်းမျဉ်းစည်းကမ်းများ ရေးဆွဲထားခြင်း။

- ကုမ္ပဏီတစ်ခုလုံးရှိ ဝန်ထမ်းများတက်ကြွစွာ လုပ်ငန်းဆောင်ရွက်မှုရှိစေရန် ပြုလုပ်ခြင်း။
- အဖွဲ့အစည်း၏ လုပ်ငန်းများအား ကြီးကြပ်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ်နှင့် ငွေသားအရင်းအမြစ်များအား စီမံခန့်ခွဲခြင်း။
- ဒါရိုက်တာအဖွဲ့နှင့်ပူးပေါင်း၍ မူဝါဒများ ရေးဆွဲခြင်းနှင့် ထောက်ခံချက်များ စီစဉ်ခြင်း။
- ဒါရိုက်တာအဖွဲ့အား အချက်အလက်များ အချိန်မှီစီစဉ်ပေးခြင်း၊ ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ အကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု ရှိစေခြင်း။
- ကုမ္ပဏီ၊ အဖွဲ့အစည်းနှင့် အကျိုးစပ်ဆိုင်သူများ အချင်းချင်း ကောင်းမွန်သော ဆက်ဆံရေးဖြစ်ထွန်းစေခြင်း။
- ဒါရိုက်တာအဖွဲ့နှင့် စီမံခန့်ခွဲရေးအဖွဲ့တို့အကြား ရှင်းလင်း ပြတ်သားသော စည်းမျဉ်းစည်းကမ်းများ ရေးဆွဲထားခြင်း။
- အုပ်ချုပ်မှုဒါရိုက်တာ၏ အဓိကကဏ္ဍမှာ ကုမ္ပဏီရှယ်ယာ ရှင်များ၊ ဒါရိုက်တာအဖွဲ့၊ ဖောက်သည်များနှင့် ဝန်ထမ်းများ ၏ ရည်မှန်းချက်များကို ဖြည့်ဆည်းရန် အလို့ငှာ ကုမ္ပဏီမှ ကျင့်ဝတ်၊ ဥပဒေနှင့်အညီ အကျိုးအမြတ်များစွာရရှိအောင် ပြုလုပ်ဆောင်ရွက်စေခြင်း။

# စီးပွားရေးလည်ပတ်မှုကဏ္ဍ


ကုမ္ပဏီ၏ စီးပွားရေးမူဝါဒနှင့် ခြုံငုံသုံးသပ်ချက် ........ 59
လုပ်ငန်းဆောင်ရွက်မှု ကျင့်ဝတ် ........ 62
စီးပွားရေးလည်ပတ်မှု၏ သဘောသဘာဝ ........ 66
၁။ ကန်ထရိုက်လုပ်ငန်း ........ 67
၂။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ........ 68
နမ့်ပေါ်ရေအားလျှပ်စစ်စီမံကိန်း ........ 69




# ကုမ္ပဏီ၏ စီးပွားရေးမူဝါဒနှင့် ခြုံငုံသုံးသပ်ချက်

## ရည်မှန်းချက်

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၊ တည်ဆောက်ရေးလုပ်ငန်းနှင့် ကုန်သွယ်မှုလုပ်ငန်းများတွင် နိုင်ငံတကာအဆင့်မီ ကောင်းမွန်သော လုပ်ငန်းအရည်အသွေး၊ ထိုက်တန်သောအကျိုးအမြတ်နှင့် မျှတပြီးပွင့်လင်းမြင်သာသော မူဝါဒ စည်းမျဉ်းများဖြင့် အစုရှယ်ယာရှင်များနှင့် လုပ်ငန်းအပ်နှံသူများအား စိတ်ကျေနပ်မှု ရရှိစေရန်။

”

## မျှော်မှန်းချက်

- ဆောက်လုပ်ရေးလုပ်ငန်းများကို အရည်အသွေး ကောင်းမွန်မှုဖြင့် ဦးဆောင်နိုင်ရန်၊
- အာဆီယံတစ်ခွင်၏ အခြေခံအဆောက်အအုံများကို နိုင်ငံတကာအဆင့်မီ တာဝန်ယူဆောင်ရွက်နိုင်ရန်၊
- နည်းပညာစွမ်းရည်ဖြင့် လူမှုဝန်းကျင်နှင့် ဘဝ အရည်အသွေး တိုးတက်မှုကို အထောက်အကူ ပြုနိုင်ရန်၊
- ကုန်သွယ်ရေးလုပ်ငန်းဖြင့် စီးပွားရေးကဏ္ဍ အရှိန်အဟုန် မြှင့်တင်နိုင်ရန်။

”

## မဟာဗျူဟာများ

- လူ့အသိုင်းအဝိုင်းနှင့် မိမိတိုင်းပြည်အပေါ် အကျိုးဖြစ်ထွန်းစေသော စီမံကိန်းလုပ်ငန်းများကို သင့်တင့်မျှတသော အကျိုးအမြတ်များဖြင့် ရွေးချယ်လုပ်ကိုင်ဆောင်ရွက်ခြင်း။
- ထိရောက်မှုရှိသော စီမံခန့်ခွဲမှုစနစ်၊ ကောင်းမွန်သော လုပ်ငန်းအရည်သွေးနှင့် သတ်မှတ်အချိန်အတွင်း ပြီးမြောက်အောင် ဆောင်ရွက်ခြင်းခြင်းစသည့် မူများဖြင့် တည်ဆောက်ရေး စီမံကိန်းများအား စီမံခန့်ခွဲခြင်း။
- ဆုံးရှုံးမှုဖြစ်နိုင်ခြေ(risk) နည်းပါးပြီး တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူ ဖြစ်စေသော ဆောက်လုပ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ရှယ်ယာရှင်များအတွက် ရေရှည်အကျိုးအမြတ်များကို ဖြစ်ထွန်းစေခြင်း။
- အာဆီယံနိုင်ငံများကို အဓိကထားပြီး ဒေသဈေးကွက် များ တိုးချဲ့ခြင်း။
- ကုမ္ပဏီ၏ ယှဉ်ပြိုင်နိုင်စွမ်းများ ပိုမိုတိုးတက်လာစေရန် လူ့စွမ်းအားအရင်းအမြစ်နှင့် အုပ်ချုပ်မှုပုံစံ စသည့် ကုမ္ပဏီတစ်ခုလုံး၏ စွမ်းဆောင်ရည်ကို မြှင့်တင်ခြင်း။
- ကုမ္ပဏီ၏ နိုင်းယှဉ်နိုင်စွမ်း ပိုမိုမြင့်မားလာစေရန် ဖွံ့ဖြိုး တိုးတက်လာသော နည်းပညာများနှင့် အသိပညာများကို အချိန်မီ လက်တွေ့အသုံးချနိုင်ရန် စီမံဆောင်ရွက်ခြင်း။

ဂရိတ်ဟော်ခမ်းသည် အထက်ဖော်ပြပါ ရည်မှန်းချက်၊ မျှော်မှန်းချက်နှင့် မဟာဗျူဟာများဖြင့် လုပ်ငန်းလည်ပတ်ခဲ့ပြီး ၉ နှစ်တာ ကာလအတွင်းတွင် ဆောက်လုပ်ရေးလုပ်ငန်း ကဏ္ဍတွင်း - အဆောက်အအုံများ၊ လမ်းနှင့် တံတားများ၊ အကြီးစားဆောက်လုပ်ရေးစီမံကိန်းများ၊ အိမ်ယာစီမံကိန်းများ၊ အခြေခံအဆောက်အအုံများဖြစ်သည့် ရေကာတာနှင့် တမံများ၊ ရေအားလျှပ်စစ်စက်ရုံများ စသည်ဖြင့် လုပ်ငန်းအတွေ့အကြုံများနှင့် ကျွမ်းကျင်မှုများစွာ ရှိခဲ့ပြီးဖြစ်သည်။

ကုမ္ပဏီသည် အစိုးရအဖွဲ့အစည်းနှင့် ပုဂ္ဂလိကများအတွက် အထက်ဖော်ပြပါ လုပ်ငန်းများဆောင်ရွက်ပြီး ဝင်ငွေကို ဖော်ဆောင်ခဲ့ပါသည်။ ထို့ပြင် ကုမ္ပဏီသည် ဆောက်လုပ်ရေးနှင့် သက်ဆိုင်သော ရင်းနှီးမြှုပ်နှံမှုများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး စက်ပစ္စည်းကိရိယာများကို ကုန်သွယ်မှုများဖြင့်လည်း အခြားဝင်ငွေများကို ဖော်ဆောင်ခဲ့ပါသည်။

အထက်ပါလုပ်ငန်းများအပြင် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် မူဆယ်မြို့ အမှိုက်နှင့်မိလ္လာသိမ်းဆည်းရေး ဝန်ဆောင်မှုကဲ့သို့သော ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့်လည်း တစ်ဖက်တစ်လမ်း ဝင်ငွေများကို ဖော်ဆောင်ခဲ့ပါသည်။

ဤကဲ့သို့ ရင်းနှီးမြှုပ်နှံမှုမှတစ်ဖက်တစ်လမ်း ဝင်ငွေများသည် စီးပွားရေးလုပ်ငန်းကဏ္ဍတစ်ခုမှ ဖြစ်ပေါ်လာနိုင်သည့် ဆုံးရှုံးမှုများကို အခြားလုပ်ငန်းကဏ္ဍမှ ကျောထောက်နောက်ခံအဖြစ် ကာကွယ်ပေးနိုင်ပြီး ဆုံးရှုံးနိုင်ခြေ လျော့နည်းစေပါသည်။



# ပူးပေါင်းဆောင်ရွက်မှု

- လုပ်ငန်းဝန်ဆောင်မှုအရည်အသွေး ကောင်းမွန်မှု၊
- လုပ်ငန်းမိတ်ဖက်များ၏ စိတ်တိုင်းကျမှု၊
- ရိုးသားကြိုးစားမှု၊
- လုပ်ငန်းတာဝန်နှင့် လုပ်ဖော်ကိုင်ဖက်များအပေါ် လေးစားမှုနှင့် အလေးထားမှု၊
- လူမှုဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင် တာဝန်ယူမှု၊
- လုပ်ငန်းအပေါ်တာဝန်ယူခြင်း တာဝန်ခံခြင်းရှိမှု၊
- ဖြစ်မြောက်အောင်မြင်စေရန် လက်တွဲကူညီမှု။

ကုမ္ပဏီသည် ယင်း၏ လုပ်ငန်းမူဝါဒများနှင့်အညီ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည် -

၁။ အချိန်ဇယားအတိုင်း လုပ်ငန်းများကို ပြီးစီးစေရန် ဆောင်ရွက်ခြင်း၊

၂။ လုပ်ငန်းစာချုပ်များ၏ သတ်မှတ်ချက် လုပ်ထုံးလုပ်နည်းအတိုင်း လိုက်နာဆောင်ရွက်ခြင်း၊

၃။ စီမံကိန်းများတွင် ဖြစ်မြောက်နိုင်စွမ်းစူးစမ်းလေ့လာမှုကို ပြုလုပ်ပြီးမှ လုပ်ငန်းဆောင်ရွက်ခြင်း၊

၄။ ရေတိုရေရှည်ရင်းနှီးမြှုပ်နှံမှုများကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ခြင်းဖြင့် ကုမ္ပဏီ၏ ငွေကြေးဖြစ်လွယ်မှုကို အတိုင်းအတာတစ်ခုအထိ ထိန်းသိမ်းထားနိုင်ခြင်း၊

၅။ ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် စီမံကိန်းတိုင်းတွင် ပွင့်လင်းမြင်သာမှုကိုအဓိကထား ဆောင်ရွက်ခြင်း တို့ဖြစ်သည်။



# လုပ်ငန်းဆောင်ရွက်မှု ကျင့်ဝတ်

## တန်ဖိုးထားမှုများ


လုပ်ငန်းခွင် လုံခြုံမှု

ကွဲပြားခြားနားခြင်းပေါ် တန်ဖိုးထားလေးစားမှု

သဘာဝပတ်ဝန်းကျင်ပေါ် တာဝန်ယူမှု

စီးပွားရေးမိတ်ဖက်များ စိတ်ကျေနပ်မှု

မျှတစွာပြိုင်ဆိုင်ဆောင်ရွက်မှု

အကျိုးစီးပွားဆိုင်ရာ ပဋိပက္ခဖြစ်ခြင်းကင်းရှင်းမှု ...


### လုပ်ငန်းခွင်

ဂရိတ်ဟော်ခမ်းသည် ကောင်းမွန်သပ်ရပ်ပြီး ဝန်ထမ်းတိုင်း အချင်းချင်း ပူးပေါင်းဆောင်ရွက်လိုမှုကို တွန်းအားပေးသော၊ နိုင်ငံ၏ တည်ဆဲဥပဒေများကို လေးစားလိုက်နာသောလုပ်ငန်းခွင်မျိုးကို တန်ဖိုးထားသည်။ အရောင်အဆင်း၊ လူမျိုး၊ အသက်အရွယ်၊ ဘာသာစကား၊ ဘာသာတရား၊ အမြင်နှင့် အယူအဆ၊ နေရာဒေသ၊ ဆင်းရဲချမ်းသာမှု စသည့် အချက်အလက်များပေါ် မူတည်ပြီး ခွဲခြားဆက်ဆံခြင်း၊ မျက်နှာသာပေးခြင်းများကို သည်းခံခွင့်လွှတ်မည်မဟုတ်ပါ။ လုပ်ငန်းခွင်တွင် ဝန်ထမ်းများအားလုံး တရားမျှတမှုရှိစေရန် အကောင်းဆုံး ဆောင်ရွက်မည်ဖြစ်သည်။

### ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် လုံခြုံရေး

ဂရိတ်ဟော်ခမ်းသည် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှု စံချိန်စံညွှန်းများအတိုင်း လေးစားလိုက်နာပါသည်။ ဝန်ထမ်းတိုင်းတွင် လုပ်ငန်းနှင့်ဘဝနေထိုင်မှု နှစ်ခုအကြား ချိန်ခွင်လျှာမျှတမှုရှိစေရန် အစဉ် အလေးထားဆောင်ရွက်ပါသည်။ ထို့ပြင် ဝန်ထမ်းတိုင်းအတွက် လူမှုဖူလုံရေးအာမခံကို မဖြစ်မနေ ထားရှိပေးပါသည်။



## ကွဲပြားခြားနားမှု၊ ယဉ်ကျေးမှုနှင့် အခြေခံလူ့အခွင့်အရေး

အချင်းချင်း လေးစားမှု၊ အလေးထားမှုနှင့် ဂုဏ်သိက္ခာ စောင့်သိမှု စသည့်အချက်များသည် လူသားတိုင်းရှိသင့် ရှိထိုက်သည့် အခြေခံအခွင့်အရေးများဖြစ်သည်။ ဂရိတ်ဟော်ခမ်းသည် အခြေခံလူ့အခွင့်အရေး၊ ဝန်ထမ်းများအကြား လူမျိုး၊ ယုံကြည်မှု၊ ယဉ်ကျေးမှု၊ ဘာသာရေးနှင့် အခြားကွဲပြားခြားနားမှုများကို အလေးထား အသိအမှတ်ပြုခြင်းများအပေါ် အခြေခံပြီး စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်မှသာလျှင် ရေရှည်တည်တံ့သော အောင်မြင်မှုကို ရယူနိုင်မည်ဟု ယုံကြည်ပါသည်။

## သဘာဝပတ်ဝန်းကျင်

တာဝန်သိသော မြန်မာနိုင်ငံသားများပိုင်ကုမ္ပဏီ တစ်ခုအနေဖြင့် ဂရိတ်ဟော်ခမ်းသည် မိမိတို့၏ ရေမြေတောတောင် သဘာဝပတ်ဝန်းကျင်ကို အလေးထားပါသည်။ မိမိတို့၏ လုပ်ရပ်များမှ သဘာဝပတ်ဝန်းကျင်အား မည်သို့မည်ပုံ ထိခိုက်မည်ကို ကောင်းစွာနားလည်သည်။ ထို့ကြောင့် ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်ချက်တိုင်းတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံးဖြစ်အောင် အလေးထားဆောင်ရွက်ပါသည်။

သဘာဝပတ်ဝန်းကျင်အား ထိခိုက်မှုအနည်းဆုံးဖြစ်စေသော နည်းပညာနှင့် ပစ္စည်းကိရိယာများကိုသာ ဦးစားပေးအသုံးပြုပါသည်။ လုပ်ငန်းဆောင်ရွက်မှုမှထွက်ရှိလာသော ကာဗွန်အခိုးအငွေ့များ၊ ဖုန်များနှင့် အခြားစွန့်ပစ်ပစ္စည်းများကို နိုင်ငံတကာစံချိန်စံညွှန်းအတိုင်း စီမံခန့်ခွဲမှုပြုပါသည်။

## ဖောက်သည်များ

ပိုမိုကောင်းမွန်သော ဘဝကို တည်ဆောက်ခြင်းဆိုသည့် ကုမ္ပဏီ၏ ဆောင်ပုဒ်နှင့်အညီ လူသားတိုင်းအား ပိုမိုကောင်းမွန်သော ဘဝကို တည်ဆောက်ပေးစွမ်းနိုင်ခြင်းသည် ကုမ္ပဏီ၏ ဆန္ဒသဘောထားဖြစ်သည်။

ဂရိတ်ဟော်ခမ်းသည် အကောင်းဆုံးအရည် အသွေး၊ အသင့်တော်ဆုံး ဈေးနှုန်းဖြင့် ဖောက်သည်များ၏ ရည်မှန်းချက်နှင့် လိုရာဆန္ဒအား ဖြည့်စွမ်းပေးနိုင်ခြင်းကို တန်ဖိုးထားပါသည်။ ဖောက်သည်များအား လေးစားခြင်း၊ အလေးထားခြင်း၊ နားလည်ခြင်း၊ သတ်မှတ်ချိန်အတိုင်း လုပ်ငန်းများ ပြီးမြောက်စေခြင်း၊ အရည်အသွေးပြည့်မီသော ဝန်ဆောင်မှုများပေးခြင်းသည် ကုမ္ပဏီ၏လုပ်ငန်းအမူအကျင့်ဖြစ်သည်။ ဝန်ထမ်းတိုင်းတွင် ယုံကြည်အားထား နိုင်မှု၊ တာဝန်ယူခြင်း တာဝန်ခံခြင်းရှိမှု၊ စံပြဖြစ်စေမှု၊ လုပ်ငန်းပေါ်ရှိသေလေးစားစိတ်ရှိမှုဖြစ်ရန် အစဉ်အလေးထား ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်၏ ဥပဒေနှင့် ပြဋ္ဌာန်းချက်များ၊ စည်းမျဉ်းစည်းကမ်းများ၊ ကုမ္ပဏီ၏ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများကို လေးစားလိုက်နာပြီး ဖောက်သည်များအား စိတ်ကျေနပ်မှု အကောင်းဆုံးဖြစ်အောင် အစဉ်မပြတ်ကြိုးစားဆောင်ရွက်မည်ဖြစ်သည်။

## ပစ္စည်းပေးသွင်းသူများ

အရည်အသွေးပြည့်မီသော ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို ဖောက်သည်များအား ပေးစွမ်းနိုင်ရေးအတွက် ကုမ္ပဏီသည် ပစ္စည်းကိရိယာ၊ နည်းပညာ၊ ဝန်ဆောင်မှုနှင့် အခြားအရင်းအမြစ် ပေးသွင်းသူများကို အမှီပြုရပြန်သည်။ အရည်အသွေးပြည့်မီသော ပစ္စည်းပေးသွင်းသူများ မရှိလျှင် ကုမ္ပဏီသည်လည်း ဖောက်သည်များအား အရည်အသွေးပြည့်မီသော ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို ပေးစွမ်းနိုင်မည် မဟုတ်ကြောင်း သိရှိနားလည်သည်။

ထို့ကြောင့် ပစ္စည်းအရည်အသွေး၊ ဈေးနှုန်း၊ အချိန်တိကျမှု စသည်ဖြင့် ယုံကြည်စိတ်ချရသော ပစ္စည်းတင်သွင်းသူများ ရနိုင်ရန်၊ပစ္စည်းပေးသွင်းသူအတွက်လည်း တရားမျှတသော လုပ်ငန်းလုပ်ဖော်ကိုင်ဖက်ဖြစ်ရန်၊ ပစ္စည်းပေးသွင်းသူကို ရွေးချယ်ရာတွင် အများ၏ယုံကြည်မှု မပျက်စီးစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ဝယ်ယူရေး လုပ်ထုံးလုပ်နည်းနှင့် မူဝါဒများ ချမှတ်ထားပြီးဖြစ်သည်။ ပစ္စည်းပေးသွင်းသူသည် အဆိုပါ ဂရိတ်ဟော်ခမ်း၏ဝယ်ယူရေး လုပ်ထုံးလုပ်နည်းနှင့် မူဝါဒများ၏ ဖော်ပြသတ်မှတ်ချက်များနှင့် ကိုက်ညီရမည်ဖြစ်သည်။



## လုပ်ငန်းပြိုင်ဘက်များ

လုပ်ငန်းသဘောသဘာဝတိုင်းတွင် မိမိတို့နှင့် ယှဉ်ပြိုင် မည့် ပြိုင်ဘက်များရှိခြင်းသည် မိမိတို့၏ လုပ်ငန်းအရည်အသွေးကို တိုးတက်စေသည့် အရာဖြစ်ကြောင်း ယုံကြည်သည်။ ထို့ပြင် ဖောက်သည်များအတွက် ဈေးနှုန်းမျှတမှုကိုလည်း ပိုမိုပေးစွမ်း နိုင်မည်ဖြစ်သည်။

ဂရိတ်ဟော်ခမ်း၏ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုဈေးနှုန်းသည် အရည်အသွေးနှင့် ဝန်ဆောင်မှုအပေါ်မူတည်ပါသည်။ ပြိုင်ဘက်များပေါ်ကိုလည်း အချင်းချင်း လေးစားသော၊ ရိုးသားသော၊ တရားမျှတသော၊ စီးပွားရေးကျင့်ဝတ်အသိစိတ် ရှိသော၊ ဥပဒေလိုက်နာမှုရှိသော အမူအကျင့်များဖြင့် ဆောင်ရွက် မည် ဖြစ်သည်။

## အကျိုးစီးပွားဆိုင်ရာ ပဋိပက္ခဖြစ်မှု

ကုမ္ပဏီ အရာရှိများ၏ကိုယ်ရေးကိုယ်တာ အကျိုးစီးပွားနှင့် ကုမ္ပဏီ၏အကျိုးစီးပွားများ အပြိုင်အဆိုင်ဖြစ်ပြီး ပဋိပက္ခဖြစ်ခြင်းသည် ပဋိပက္ခဖြစ်နေသူ၏ မှန်ကန်မျှတစွာ ဆုံးဖြတ်နိုင်စွမ်းကို ထိခိုက်စေပါသည်။ ထိုကဲ့သို့ ပဋိပက္ခမျိုး ရှိနေလျှင် မှန်ကန်မျှတစွာ ဆုံးဖြတ်နိုင်သော်လည်း ကုမ္ပဏီပေါ် အများပြည်သူ၏ ယုံကြည်မှုကို လျော့နည်းစေနိုင်သည်။

ဂရိတ်ဟော်ခမ်းသည် ထိုကဲ့သို့သော ပဋိပက္ခမျိုး မရှိစေရပါ။ အကျိုးစီးပွားဆိုင်ရာပဋိပက္ခမျိုး ဖြစ်နိုင်မည့် အလားအလာရှိလျှင် ကုမ္ပဏီ၏ စီမံအုပ်ချုပ်သူများမှ လျော်ကန်စွာ ဖြေရှင်းမည်ဖြစ်သည်။

## ကိုယ်ပိုင်အကျိုးစီးပွားနှင့် လှုပ်ရှားမှုများ

ဂရိတ်ဟော်ခမ်း၏ စီမံခန့်ခွဲသူများနှင့် ဝန်ထမ်းများသည် ပြင်ပလုပ်ငန်းများ၊ ပြင်ပရာထူးနှင့် လှုပ်ရှားမှုများကြောင့် ကုမ္ပဏီ၏ လုပ်ငန်းတာဝန်များ ကျေပွန်စွာ ထမ်းဆောင်နိုင်စွမ်းကို ထိခိုက်စေနိုင်ပါသည်။ ထို့ကြောင့် စီမံခန့်ခွဲသူများအနေဖြင့် ကုမ္ပဏီမှပေးအပ်သည့် မိမိ၏ တာဝန်ထမ်းဆောင်နိုင်မှုကို ထိခိုက်နိုင်မည့် ပြင်ပလုပ်ငန်းများ၊ ရာထူးများနှင့် လှုပ်ရှားမှုများကို ကုမ္ပဏီက တားမြစ်သည်။

## လျှို့ဝှက် အချက်အလက်များ

ဂရိတ်ဟော်ခမ်းသည် အများနှင့်သက်ဆိုင်သောကုမ္ပဏီ ဖြစ်သည်နှင့်အညီ ကုမ္ပဏီ၏ အစုရှယ်ယာဈေးနှုန်းနှင့် ယုံကြည်မှုပုံရိပ်ကို ထိခိုက်ခြင်းမရှိစေရန် လျှို့ဝှက်သတင်း အချက်အလက်များကိုလုံခြုံစွာကိုင်တွယ်ရန်လိုအပ်ကြောင်း ယုံကြည် နားလည်သည်။ အရေးကြီးသော သတင်းအချက်အလက်များကို လူတစ်ဦးတစ်ယောက်က မိမိကိုယ်တိုင်ကောင်းစားရေးအတွက် အသုံးချနိုင်သည်ဖြစ်ရာ လျှို့ဝှက်သတင်းအချက်အလက်များကို အများပြည်သူသို့ ဖွင့်ဟ

အသိမပေးမီ မသက်ဆိုင်သူအား ဝင်ရောက်ကြည့်ရှုနိုင်ခြင်း မရှိစေရန် လိုအပ်သော အစီအမံနှင့် လုပ်ထုံးလုပ်နည်းများ ဆောင်ရွက်ထား ပြီးဖြစ်သည်။



## ကုမ္ပဏီစီမံအုပ်ချုပ်မှုစနစ်အတိုင်း ပြုကျင့်လိုက်နာမှု

လက်ရှိအချိန်တွင် အခက်အခဲအမျိုးမျိုးကြောင့် ကောင်းမွန်သော ကုမ္ပဏီစီမံအုပ်ချုပ်မှုစနစ်အတိုင်း ရာနှုန်းပြည့် လိုက်နာနိုင်ရန် အားနည်းချက်များ ရှိနေနိုင်မည်ဖြစ်သည်။ အနာဂတ်တွင် ကောင်းမွန်သော ကုမ္ပဏီစီမံအုပ်ချုပ်မှု စနစ်ကို ပိုမိအကျိုး ရှိစွာလိုက်နာအသုံးချနိုင်ရေး ဂရိတ်ဟော်ခမ်းက အစဉ်မပြတ်ကြိုးစားအားထုတ်လျက်ရှိပါသည်။

၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ကုမ္ပဏီ၏ စီမံအုပ်ချုပ်သူများ လိမ်လည်လှည့်ဖြားခြင်း၊ ကျင့်ဝတ်ပျက်ပြားခြင်းများ အလျဉ်းမရှိပါ။ လွတ်လပ်ဒါရိုက်တာများ၏ နုတ်ထွက်ခြင်းလည်း မရှိပါ။ ဒါရိုက်တာအဖွဲ့၏ ဘဏ္ဍာရေးတာဝန် ဆောင်ရွက်ချက်များပျက်ကွက်မှုကြောင့် ကုမ္ပဏီ၏ ဂုဏ်သတင်းထိခိုက်မှုများ မရှိပါ။



# စီးပွားရေးလည်ပတ်မှု၏ သဘောသဘာဝ

ဂရိတ်ဟော်ခမ်း၏ စီးပွားရေးလုပ်ငန်းသည် လက်ရှိအချိန်အထိ ဆောက်လုပ်ရေးလုပ်ငန်းများကိုသာ ပင်မစီးပွားရေးအဖြစ် ဆောင်ရွက်လာခဲ့သည်။ သို့ရာတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် မှစပြီး လုပ်ငန်းနယ်ပယ်ကို ဆောက်လုပ်ရေးလုပ်ငန်းသာမက ကုန်သွယ်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍများသို့လည်း တိုးချဲ့ကာ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

ကုန်သွယ်ရေးလုပ်ငန်းအနေဖြင့် ဆောက်လုပ်ရေးနှင့် ဆောက်လုပ်ရေးဓာတ်ခွဲခန်းသုံး အထောက်အကူပြုပစ္စည်းများကို နိုင်ငံခြားရှိ မိတ်ဖက်ကုမ္ပဏီများနှင့် လက်တွဲကာ ပုဂ္ဂလိကအားသော်လည်းကောင်း၊ အစိုးရအဖွဲ့အစည်းအားသော်လည်းကောင်း ဖြန့်ချိရောင်းချပေးခြင်းမျိုးဖြစ်သည်။

ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍအတွက် လက်ရှိအချိန်၌ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းတွဲဖက်ခြင်း (PPP) အနေဖြင့် ဆောင်ရွက်ပါသည်။

ပင်မစီးပွားရေးဖြစ်သည့် ဆောက်လုပ်ရေးလုပ်ငန်းများကို ပုဂ္ဂလိကအဖွဲ့အစည်း၊ အစိုးရကိုယ်စားပြုအဖွဲ့အစည်းများမှ လုပ်ငန်းများကိုလည်း ပင်မကန်ထရိုက် သို့မဟုတ် လက်ခွဲကန်ထရိုက်ယူ၍ သတ်မှတ်ဈေးနှုန်း သို့မဟုတ် ညှိနှိုင်း သတ်မှတ်ဈေးနှုန်းတို့ဖြင့် ဆောင်ရွက်ပါသည်။ ထို့အပြင် အကျိုးတူ လုပ်ကိုင်ဆောင်ရွက်သည့် လုပ်ငန်းအဖွဲ့ဝင် အသီးသီးအတွက် လုပ်ငန်းအပိုင်းလိုက် သို့မဟုတ် အပုံလိုက် ပိုင်းခြားနိုင်ခြင်းမရှိသည့် ဖက်စပ်တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းပုံစံဖြင့်လည်း ဒေသခံကန်ထရိုက် ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်သည်။ မိမိလုပ်ဆောင်ရမည့် လုပ်ငန်းအပိုင်းလိုက် သဘောတူညီချက်အရ အစုအစပ်အဖွဲ့ဝင်တစ်ဖွဲ့ချင်းစီသည် လုပ်ငန်း၏ အရှုံးအမြတ် ရလဒ်အတွက် ခံစားခွင့်အချိုးအလိုက် တာဝန်ယူရပါမည်။ အစုအစပ် ရင်းနှီးမြှုပ်နှံမှုသည် ယာယီစုပေါင်းလုပ်ဆောင်ရသည့် ပုံစံမျိုး (consortium) လည်း ဖြစ်နိုင်သည်။ ဤပုံစံဖြင့် လုပ်ဆောင်ရသည့် စီမံကိန်းလုပ်ငန်းအား လုပ်ငန်းအဖွဲ့ဝင်အသီးသီးအတွက် လုပ်ငန်းအပိုင်းလိုက်နှင့် အပုံလိုက် ခွဲဝေပေးနိုင်ပါသည်။

ယင်းအဖွဲ့ဝင်အသီးသီးတို့မှလည်း အရှုံးအမြတ် ရလဒ်ကို လွတ်လပ်စွာဖြင့် တာဝန်ယူရပါမည်။ ဤလုပ်ငန်းတို့မှာ များသောအားဖြင့် အစိုးရနှင့်ဆက်စပ်သည့် စီမံကိန်းလုပ်ငန်းများ ဖြစ်ကြပါသည်။ ဥပမာ အကြီးစား အခြေခံအဆောက်အအုံစီမံကိန်းကြီးများ၊ လူနေအဆောက်အအုံတည်ဆောက်ရေး စီမံကိန်းကြီးများ အပါအဝင် ခွဲကျောက်ထုတ်လုပ်ခြင်း လုပ်ငန်းများနှင့် ကွန်ကရစ်ထုတ်လုပ်ခြင်း လုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး အခြေခံအဆောက်အအုံကြီးများ တည်ဆောက်ရေး လုပ်ငန်းများနှင့် ဆက်နွယ်နေသော အစိုးရနှင့် ဖက်စပ်ပူးပေါင်း လုပ်ဆောင်ရသည့် လုပ်ငန်းများ ဖြစ်ကြပါသည်။

> ဂရိတ်ဟော်ခမ်းနှင့် ယင်း၏ လက်အောက်ခံကုမ္ပဏီများနှင့် အစုအစပ်ကုမ္ပဏီများသည် တည်ဆောက်ရေးလုပ်ငန်းများကို ကိုယ်ပိုင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့် ကန်ထရိုက်လုပ်ငန်းဟူ၍ နှစ်ပိုင်းခွဲခြားပါသည်။ တစ်ဖန် ကန်ထရိုက်လုပ်ငန်းတွင်လည်း ပင်မကန်ထရိုက်လုပ်ငန်း နှင့် လက်ခွဲကန်ထရိုက်လုပ်ငန်း ဟူ၍ အပိုင်း ၂ ပိုင်း ခွဲခြားပါသည်။ ”

# ၁။ ကန်ထရိုက်လုပ်ငန်း

## (က) ပင်မကန်ထရိုက်လုပ်ငန်း

စီမံကိန်းလုပ်ငန်းပိုင်ရှင်ထံမှ စီမံကိန်းတစ်ခုလုံးအတွက် သို့မဟုတ် စီမံကိန်းအပိုင်းလိုက်အတွက် မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှု၊ စီမံခန့်ခွဲမှု၊ လုပ်သားအင်အား၊ စက်ယန္တရားအင်အား၊ ဝန်ဆောင်မှုစသည်များဖြင့် အပြီးအစီး ဆောင်ရွက်ရန် တင်ဒါစနစ်ဖြင့်သော်လည်းကောင်း၊ ညှိနှိုင်းသတ်မှတ်ဈေးနှုန်းဖြင့်သော်လည်းကောင်း ဆောင်ရွက်ရသော လုပ်ငန်းစာချုပ်အမျိုးအစားဖြစ်သည်။ သက်ဆိုင်ရာ ကန်ထရိုက်စာချုပ်၏ လုပ်ငန်းလည်ပတ်မှု၊ လုပ်ငန်းအရည်အသွေးနှင့် လုပ်ငန်းပြီးစီးချိန်များကို စီမံကိန်းလုပ်ငန်းရှင်နှင့် မိမိတို့ကုမ္ပဏီအကြား တိုက်ရိုက်ချိတ်ဆက်ညှိနှိုင်းပါသည်။

ကန်ထရိုက်စာချုပ် ချုပ်ဆိုရာတွင် စီမံကိန်းလုပ်ငန်းပိုင်ရှင်မှ ကန်ထရိုက်လုပ်ငန်းအတွက် အာမခံအပါအဝင် ထည့်သွင်းဆောင်ရွက်ရန် တောင်းခံလာလျှင် မိမိတို့ကုမ္ပဏီသည် ကန်ထရိုက်အာမခံကို သက်ဆိုင်ရာဘဏ်မှတစ်ဆင့် ဆောင်ရွက်ပါသည်။ ထိုသို့ အာမခံဖြင့်ဆောင်ရွက်ရာတွင် စီမံကိန်း ကန်ထရိုက်စာချုပ်မူဘောင်နှင့် သက်တမ်းကာလအတွင်း ဖြစ်ပွားနိုင်သော ဆုံးရှုံးမှုများ၊ ဥပဒေဆိုင်ရာ အငြင်းပွားမှုများနှင့် ဥပဒေဆိုင်ရာအသုံးစရိတ်များကို အာမခံ၏ လျော်ကြေးမူဝါဒအတိုင်း ဆောင်ရွက်မည်ဖြစ်သည်။

ကုမ္ပဏီသည် စီမံကိန်းလုပ်ငန်းရှင်မှ အပ်နှံထားသော လုပ်ငန်းကို ချောမွေ့စွာ ပြီးမြောက်စေရေးအတွက် အခြားကုမ္ပဏီများ၏ သို့မဟုတ် အခြားပညာရှင်များ၏ ဝန်ဆောင်မှု၊ လူအင်အား၊ စက်ယန္တရားအင်အား စသည်များကို လိုအပ်လျှင် လက်ခွဲကန်ထရိုက်တာစာချုပ်ဖြင့် ထပ်ဆင့်ငှားရမ်းအသုံးပြုပါသည်။ ထိုကဲ့သို့ လက်ခွဲကန်ထရိုက်တာငှားရမ်းအသုံးပြုရာတွင် ၎င်းတို့၏ သက်ဆိုင်ရာ လုပ်ငန်းလည်ပတ်မှု၊ လုပ်ငန်းအရည်အသွေး၊ လုပ်ငန်းပြီးစီးချိန်၊ လုပ်အားခပေးချေမှုနှင့် အခြားလုပ်ငန်းဆိုင်ရာ အမှုကိစ္စများကို ဂရိတ်ဟော်ခမ်းမှ တိုက်ရိုက် စီမံခန့်ခွဲပါသည်။

## (ခ) လက်ခွဲကန်ထရိုက်လုပ်ငန်း

စီမံကိန်း လုပ်ငန်းပိုင်ရှင်များမှ တိုက်ရိုက်ချပေးလာသော လုပ်ငန်းများရရှိထားသည့် အခြားကန်ထရိုက်တာများထံမှ လုပ်ငန်းများကို မိမိတို့ကုမ္ပဏီမှ အပိုင်းကဏ္ဍအလိုက် ဆောင်ရွက်ရန်လက်ခံခြင်းဖြစ်သည်။ ဤသဘောသဘာဝရှိသော လုပ်ငန်းမျိုးသည် သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် ကျွမ်းကျင်ပိုင်နိုင်မှုစွမ်းရည် လိုအပ်သော လုပ်ငန်းမျိုးဖြစ်သည်။

ပင်မကန်ထရိုက်တာတစ်ဦးအနေဖြင့် အဆင့်ဆင့်သော လုပ်ငန်းများကို တစ်ဦးတည်းအပြီးဆောင်ရွက်ရန်အတွက် လုံလောက်သော ကျွမ်းကျင်မှုစွမ်းရည်၊ လူအင်အား၊ စက်အင်အားအရင်းအမြစ်များ ပြည့်စုံရန် ခဲယဉ်းသည်။ ဤဖြစ်ရပ်မျိုးတွင် ဂရိတ်ဟော်ခမ်းအနေဖြင့် ပင်မကန်ထရိုက်တာများထံမှ လက်ခွဲကန်ထရိုက် လုပ်ငန်းများကို ဆောင်ရွက်နိုင်သည်။ ထိုသို့ ဆောင်ရွက်ရာတွင်လည်း ပင်မကန်ထရိုက်ရရှိသောကုမ္ပဏီ၏ ဘဏ္ဍာရေး၊ လုပ်ငန်းဆိုင်ရာကျင့်ဝတ်စည်းမျဉ်းစည်းကမ်းများ၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုများစသည့် အချက်များကို သုံးသပ်ပြီး သင့်လျော်မှသာ ဆောင်ရွက်ပါသည်။

လက်ခွဲကန်ထရိုက်အနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် မိမိတို့ကုမ္ပဏီအတွက် ငွေကြေးပိုင်းသာမက အခြားကောင်းကျိုးများကိုလည်း လက်ခံရရှိစေနိုင်ပါသည်။ အထူးသဖြင့် အကြီးစားစီမံကိန်းများတွင် အင်ဂျင်နီယာလုပ်ငန်း၊ ထုတ်လုပ်မှုလုပ်ငန်းနှင့် စီမံခန့်ခွဲမှုစနစ်များစသည့် နည်းပညာများ လွှဲပြောင်းရယူနိုင်ခွင့် ရရှိစေပါသည်။ ထို့ပြင် အနာဂတ်တွင် ပိုမိုတိုးတက်သည့် နည်းပညာများလိုအပ်သော အကြီးစားစီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းစွမ်းဆောင်ရည် လုံလုံလောက်လောက်ရှိသော လုပ်ငန်းအသိုင်းအဝိုင်းများ ဖန်တီးလုပ်ဆောင်နိုင်ခွင့်လည်း ရရှိစေနိုင်ပါသည်။

creating a better life

# ၂။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း

## ရင်းနှီးမြှုပ်နှံမှု မူဝါဒ

ဂရိတ်ဟော်ခမ်းသည် အစုရှယ်ယာရှင်များအတွက် ဆုံးရှုံးနိုင်ခြေနည်းပါသော၊ ရေရှည်အကျိုးအမြတ်ခိုင်မာသော၊ ရေရှည်ကုန်ကျစရိတ်သက်သာသော၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ထိခိုက်မှု နည်းပါးသော လုပ်ငန်းအမျိုးအစားများကို ရွေးချယ်ပြီး ရင်းနှီးမြှုပ်နှံပါသည်။ လက်ရှိရင်းနှီးမြှုပ်နှံမှုများတွင် ရေအားလျှပ်စစ် ထုတ်လုပ်ရေးလုပ်ငန်း၊ ကွန်ကရစ်ဓာတ်အားတိုးဆေးရည် ထုတ်လုပ်ရေးလုပ်ငန်း၊ အမှိုက်နှင့်မိလ္လာသိမ်းဆည်းရေးလုပ်ငန်း၊ ကုန်ချောထုတ်လုပ်မှုလုပ်ငန်း၊ မြေရာနှင့် အခြေခံအဆောက်အအုံလုပ်ငန်းများ ပါဝင်ပါသည်။

### စာရွက်စာတမ်း ပြင်ဆင်မှု

ရင်းနှီးမြှုပ်နှံမှုမပြုမီတွင် လိုအပ်သောဥပဒေပိုင်းနှင့် လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာများ၊ သက်ဆိုင်ရာ အစိုးရဌာနအလိုက် လိုအပ်သော ပါမစ် ခွင့်ပြုချက်များ၊ သတ်မှတ်စံချိန်စံညွှန်းများနှင့် စာချုပ်စာတမ်းများကို ပြီးပြည့်စုံစေရန် ကြိုတင်ပြင်ဆင်ထားပါသည်။

### ရင်းနှီးမြှုပ်နှံမှုပမာဏ

ရင်းနှီးမြှုပ်နှံမည့် စီမံကိန်းများအလိုက် သင့်လျော်သော မတည်ရင်းနှီးငွေပမာဏကို ဒါရိုက်တာဘုတ်အဖွဲ့က စီမံဆုံးဖြတ်ပါသည်။

### အကျိုးအမြတ်

ရင်းနှီးမြှုပ်နှံမည့် စီမံကိန်းလုပ်ငန်းတစ်ခုခုကို ဒါရိုက်တာဘုတ်အဖွဲ့က စိစစ်ဆုံးဖြတ်ရာတွင် ဘဏ္ဍာရေးဆိုင်ရာ လေ့လာဆန်းစစ်ချက်အရ ရင်းနှီးမြှုပ်နှံသော စီမံကိန်းလည်ပတ်မှုကာလတစ်လျှောက် နှစ်စဉ် IRR ၈ % အထက်ရှိသော လုပ်ငန်းမျိုးဖြစ်သည်ဟု ဆန်းစစ်ချက်အရ တွေ့ရှိရသော စီမံကိန်းမျိုးကိုသာ ရင်းနှီးမြှုပ်နှံပါသည်။

### အကျိုးအမြတ်ဖြစ်ထွန်းမည့်ကာလ

လက်ရှိအချိန်တွင် ရင်းနှီးမြှုပ်နှံမှု၏ အကျိုးအမြတ်ဖြစ်ထွန်းမည့်ကာလကို သတ်မှတ်ထားခြင်းမရှိသေးပါ။ သို့သော် ကုမ္ပဏီ၏ ပထမအကြီးဆုံးရင်းနှီးမြှုပ်နှံမှုဖြစ်သည့် နမ့်ပေါ် ရေအားလျှပ်စစ်စီမံကိန်းမှာ တည်ဆောက်ရေးကာလသုံးနှစ်ပြီးဆုံး၍ စီမံကိန်းစတင်လည်ပတ်ချိန်မှစပြီး ဝင်ငွေဖြစ်ထွန်းစေမည်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုအသီးသီး၏ အကျိုးအမြတ်ဖြစ်ထွန်းချိန်သည် သက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု အမျိုးအစားနှင့် စီမံကိန်းအရွယ်အစားပမာဏပေါ် မူတည်ပါသည်။

### ရင်းနှီးမြှုပ်နှံသော ဒေသ

လက်ရှိအချိန်တွင် ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံသော ဒေသမှာ ရှမ်းပြည်အတွင်းရှိ စီမံကိန်းလုပ်ငန်းများ ဖြစ်ပါသည်။ သို့သော် ဒါရိုက်တာဘုတ်အဖွဲ့၏ သုံးသပ်ဆုံးဖြတ်ချက်အရ အများအတွက် ကောင်းကျိုးရှိပြီး သင့်တော်ပါက အခြားဒေသများတွင်လည်း ရင်းနှီးမြှုပ်နှံမည်ဖြစ်ပါသည်။

### ရင်းနှီးမြှုပ်နှံမှု ဖွဲ့စည်းပုံ

ရင်းနှီးမြှုပ်နှံရာတွင် ဂရိတ်ဟော်ခမ်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီဖြင့် ဖြစ်စေ၊ လက်အောက်ခံကုမ္ပဏီများ၏ အမည်ဖြင့် ဖြစ်စေ၊ အခြားသောကုမ္ပဏီတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်နှင့် တွဲဖက်ပူးပေါင်း၍ဖြစ်စေ၊ အစုအစပ်ဝင်အနေဖြင့် ဖြစ်စေ ရင်းနှီးမြှုပ်နှံမှု ပြုပါသည်။

# နမ့်ပေါ်ရေအားလျှပ်စစ်စီမံကိန်း

ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုစေရန်လည်းကောင်း၊ ဒေသခံ ပြည်သူလူထု အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိစေရန်လည်းကောင်း၊ နိုင်ငံတော်၏ ဓာတ်အားလိုအပ်မှုကို တစ်ဖက် တစ်လမ်းမှ ပံ့ပိုးပေးနိုင်စေရန်လည်းကောင်း၊ အစုရှယ်ယာရှင်များအတွက် သင့်တင့်မျှတသော အကျိုးအမြတ်များ ဖြစ်ထွန်းစေရန်လည်းကောင်း  စသည့်ရည်ရွယ်ချက်များဖြင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ လမ်းညွှန်မှုနှင့်အညီ လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာနနှင့် ဂရိတ်ဟော်ခမ်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် တို့အကြား BOT (Build, Operate, Transfer) စနစ်ဖြင့် တပ်ဆင်စက်အင်အား ၂၀ မဂ္ဂါဝပ်ရှိ နမ့်ပေါ် ရေအားလျှပ်စစ် စီမံကိန်းကို ၂၀၁၃ ခုနှစ်မှ စတင်ပြီး ရင်းနှီးမြှုပ်နှံ အကောင်အထည်ဖော်ဆောင်လာခဲ့ပါသည်။

ကုမ္ပဏီအနေဖြင့် နမ့်ပေါ်ရေအားလျှပ်စစ်စီမံကိန်းကို နိုင်ငံတော်နှင့် လျှပ်စစ်နှင့်စွမ်းအားဝန်ကြီးဌာနတို့မှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ အောက်ပါအတိုင်း အဆင့်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည် -

| | |
|---|---|
| ( က ) စီမံကိန်းအဆိုပြုတင်ပြခြင်း | - ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ |
| ( ခ ) နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခြင်း | - ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ |
| ( ဂ ) စီမံကိန်းဖြစ်မြောက်နိုင်စွမ်းအစီရင်ခံစာတင်ပြခြင်း | - ၂၀၁၅ ခုနှစ်၊ ဇွန်လ |
| ( ဃ ) ပဋိညာဉ်စာချုပ်လက်မှတ်ရေးထိုးခြင်း | - ၂၀၁၆ ခုနှစ်၊ မတ်လ |
| ( င ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့်ရရှိခြင်း | - ၂၀၁၇ ခုနှစ်၊ မေလ |
| ( စ ) ESIA Scoping Proposal ခွင့်ပြုမိန့်ရရှိခြင်း | - ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ |
| ( ဆ ) အကြိုအင်ဂျင်နီယာလုပ်ငန်းဆောင်ရွက်ပြီးစီးခြင်း | - ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ |
| ( ဇ ) ဓာတ်အားဝယ်ယူရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း | - ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ |
| ( ဈ ) ဘဏ္ဍာရေးစီမံခန့်ခွဲခြင်း | - ဆောင်ရွက်ဆဲ |
| ( ည ) တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း | - ဆောင်ရွက်ဆဲ |

၂၀၁၆ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့တွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ပဋိညာဉ်စာချုပ် လက်မှတ်ရေးထိုး ပြီးနောက် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့၌ မြေသန့်မင်္ဂလာအခမ်းအနားပြုလုပ်ခဲ့ပြီး အောက်ဖော်ပြပါ အကြိုအင်ဂျင်နီယာလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပါသည်။

( က ) **စီမံကိန်းချဉ်းကပ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း** - ကျောက်ကြမ်းခင်း ယာဉ်သွားလမ်းအကျယ် ၆ မီတာ၊ အလျား ၁.၆ ကီလိုမီတာရှိ စီမံကိန်းချဉ်းကပ်လမ်းကို ဖောက်လုပ်ပြီးဖြစ်ပါသည်။

( ခ ) **စီမံကိန်းအတွင်းလမ်းဖောက်လုပ်ခြင်းလုပ်ငန်း** - ကျောက်ကြမ်းခင်း ယာဉ်သွားလမ်းအကျယ် ၈ မီတာရှိ စီမံကိန်း

အတွင်းလမ်းကို ၂.၇ ကီလိုမီတာ ဖောက်လုပ်ပြီး ဖြစ်ပါသည်။

( ဂ ) **အဆောက်အဦးမြေနေရာပြင်ဆင်ခြင်းလုပ်ငန်း** - တမံတည်ဆောက်ရေးလုပ်ငန်းအတွက် လိုအပ်သည့် ရှင်းလင်းဆောင်မြေနေရာဖော်ထုတ်ခြင်း၊ စီမံကိန်းရုံးမြေနေရာဖော်ထုတ်ခြင်း၊ ကွန်ကရစ် ဖျော်စက်မြေ နေရာဖော်ထုတ်ခြင်း၊ စက်ပြင်အလုပ်ရုံမြေနေရာဖော်ထုတ်ခြင်း စသည်တို့ကိုလည်း ဆောင်ရွက်ပြီးစီးပြီး ဖြစ်ပါသည်။

( ဃ ) **ချောင်းကူးဘေလီတံတားတည်ဆောက်ခြင်းလုပ်ငန်း** - တမံတည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း တံတား ခံနိုင်ဝန်တန် ၆၀၊ ခန်းဖွင့် ၃၀ မီတာ၊ ယာဉ်သွားလမ်းအကျယ် ၁၂ ပေရှိ ဘေလီတံတားကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ဆောက်လုပ်ပြီးစီးခဲ့ပြီး ဒေသခံစိုက်ပျိုးတောင်သူများအတွက်လည်း နမ့်ပေါ်ချောင်းတစ်ဖက်ရှိ တောင်ယာလုပ်ငန်းခွင်သို့ သွားရောက်ရာတွင် များစွာအထောက်အကူပြုသော တံတားတစ်စင်းလည်း ဖြစ်ပါသည်။

( င ) **သံကူကွန်ကရစ်ရေပြွန်တည်ဆောက်ခြင်းလုပ်ငန်း** - စီမံကိန်းချဉ်းကပ်လမ်းနှင့် စီမံကိန်းအတွင်း လမ်းများ အပေါ်တွင် သံကူကွန်ကရစ်ရေပြွန် ၁၃ စင်း တည်ဆောက်ရန် ပြင်ဆင်ထားသည့်အနက် ၄ စင်း တည်ဆောက်ပြီးစီးပြီး ဖြစ်ပါသည်။

( စ ) **စခန်းတည်ဆောက်ခြင်းလုပ်ငန်း** - စီမံကိန်းဧရိယာအတွင်း စက်ပြင်အလုပ်ရုံနှင့် ဝန်ထမ်း အိပ်ဆောင်များ၊ စတိုနှင့် စားဖိုဆောင် တည်ဆောက်ခြင်းလုပ်ငန်းများအား စုစုပေါင်းအဆောက်အဦ ကြမ်းခင်းဧရိယာ ၁၅၂၁.၅၅ စတုရန်းမီတာ ဆောင်ရွက်ပြီးစီးပြီး ဖြစ်ပါသည်။

( ဆ ) **သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်း** - နမ့်ပေါ်ရေအားလျှပ်စစ်စီမံကိန်းဧရိယာ အတွင်း ဝဲယာချဉ်းကပ်လမ်း ၂ ဖက်၌ ၈ ဧကခန့်ရှိသော တောင်ကြောများပေါ်တွင် ၂၀၂၀ ခုနှစ်၊ ဇွန်လမှစ၍ ပေါ်လိုးနီးယာ ၁,၀၂၂ ပင်၊ သံပုရာ ၁၉၃ ပင်၊ စိန်ပန်း ၁၀၆ ပင်၊ တရုတ်စကား ၈၀ ပင်၊ ဒညင်း ၈ ပင်၊ ကုက္ကို ၂၈ ပင်၊ ထင်းရှူး ၈ ပင်၊ ပိန္နဲ ၃၈ ပင်၊ သရက် ၉၉ ပင် စသည်ဖြင့် အရိပ်ရသစ်ပင်၊ ပန်းပင်နှင့် အခြားသီးပင်ပေါင်း ၁,၅၈၂ ပင် စိုက်ပျိုးခဲ့ပါသည်။

( ဇ ) တည်ဆောက်ရေးလုပ်ငန်းသုံး ၁၁ ကေဗွီ ဓာတ်အားလိုင်းဆောင်ရွက်ခြင်းလုပ်ငန်း- ယခုအခါ တည်ဆောက်ရေးလုပ်ငန်းသုံးရန်အတွက် ၁.၅ ကီလိုမီတာအရှည်ရှိသော ၁၁ ကေဗွီ ဓာတ်အားလိုင်းကို သွယ်တန်းပြီးဖြစ်၍ စီမံကိန်းရုံးဧရိယာအတွင်းတွင် ၄၀၀ ဗို့၊ ၁၅၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံး တပ်ဆင် ဆောင်ရွက်ပြီးဖြစ်ပါသည်။ ကွန်ကရစ်ဖျော်စက်တွင် အသုံးပြုရန်အတွက် ၁၁ ကေဗွီ/ ၄၀၀ ဗို့၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံး တပ်ဆင်ရန်အတွက်လည်း ခွင့်ပြုမိန့်ရရှိပြီး ဖြစ်ပါသည်။

( ဈ ) လုပ်ငန်းသုံးရေရရှိရေးလုပ်ငန်း- တည်ဆောက်ရေးလုပ်ငန်းသုံးရေအတွက် ဧရိယာ ၁.၁၁ ဧက ရှိသော ၇၀၀,၀၀၀ ဂါလံဆံ့ မြေသားရေလှောင်ကန်အား တည်ဆောက်ပြီး ဖြစ်ပါသည်။

ပင်မတမံစီမံကိန်းလုပ်ငန်းများအား ဆောင်ရွက်နိုင်ရန်အတွက် ဘဏ္ဍာရေးစီမံခန့်ခွဲမှုမှာ အရေးပါသော ကဏ္ဍတစ်ရပ်ဖြစ်ပါသည်။ နိုင်ငံခြားငွေဈေးနှုန်းမြင့်တက်လာမှုအခြေအနေ၊ နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိသည့် အခြေအနေ၊ ကိုဗစ်-၉ ကပ်ရောဂါအခြေအနေနှင့် နိုင်ငံရေးအခြေအနေများကြောင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုအား ဆောင်ရွက်ရန် အခက်အခဲများစွာ ကြုံတွေ့ခဲ့ရပါသည်။

ထိုသို့သော အခက်အခဲများစွာကြားမှ ပင်မတမံမြေဖြတ်ခြင်းလုပ်ငန်းအား ၇.၂.၂၀၂၁ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ပြီး တမံဝဲဘက်ခြမ်းတွင် ၂၅,၀၅၀ ကုဗမီတာ ဆောင်ရွက်ပြီးစီးပြီ ဖြစ်ပါသည်။ ပင်မတမံမြေဖြတ်ခြင်းလုပ်ငန်းအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေစဉ် ၂၈.၃.၂၀၂၁ ရက်နေ့တွင် နမ့်ပေါ်ရေအားလျှပ်စစ်စီမံကိန်းဧရိယာအတွင်း တပ်မတော်နှင့် အမည်မသိလက်နက်ကိုင်အဖွဲ့အစည်းတို့ တိုက်ပွဲဖြစ်ပွားခဲ့ရာ လုပ်ငန်းတာဝန်ထမ်းဆောင်နေသော မိမိတို့ ကုမ္ပဏီဝန်ထမ်း ၄ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ပါသည်။

စီမံကိန်းအတွက် မူလသတ်မှတ်ထားသော တည်ဆောက်ရေးကာလ ၃၆ လဖြင့် ၂၀၂၀ ခုနှစ်၊ မေလ၊ ၂၅ ရက်နေ့တွင် တည်ဆောက်ရေးလုပ်ငန်းများ ပြီးဆုံးရမည်ဖြစ်သော်လည်း ကုမ္ပဏီအနေဖြင့် ပဋိညာဉ်စာချုပ်လက်မှတ်ရေးထိုးပြီး နောက်

နိုင်ငံခြားငွေကြေး လဲလှယ်မှုနှုန်းထား အဆမတန်မြင့်တက်လာခြင်း၊ ဒေသတွင်း လက်နက်ကိုင်ပဋိပက္ခများ မကြာခဏ ဖြစ်ပွားခြင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါနှင့် နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် ဆောင်ရွက်ရန် အခက်အခဲ များစွာ ကြုံတွေ့ခဲ့ရ ပါသည်။

အထက်ဖော်ပြပါ အခက်အခဲများကြောင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှတစ်ဆင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ စီမံကိန်းသက်တမ်း တိုးမြှင့်ပေးပါရန် ပထမအကြိမ် တင်ပြမှုတွင် စီမံကိန်းတည်ဆောက်ရေးကာလကို ကော်မရှင်က ၁၈ လ တိုးမြှင့်ပေးခဲ့ပြီး ဒုတိယအကြိမ် တင်ပြမှုတွင်လည်း တည်ဆောက်ရေးကာလ နောက်ထပ် ၁၈ လ တိုးမြှင့်ပေးခဲ့ပါသည်။ ထို့ပြင် ကိုဗစ်-၁၉ ကပ်ရောဂါ၏ သက်ရောက်မှုကြောင့် အမှန်တကယ် ထိခိုက်နစ်နာရသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ အပေါ် ကုစားပေးနိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ပြည်တွင်းကုမ္ပဏီ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအား ၂၀ လအထိ တည်ဆောက်ရေးကာလအဖြစ် ထည့်သွင်းရေတွက်ခြင်း မပြုရန် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ဆုံးဖြတ်ခဲ့သည်။

ထို့ကြောင့် မိမိတို့ နမ့်ပေါ်ရေအားလျှပ်စစ်၏ တည်ဆောက်ရေးကာလမှာ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၂၄ ရက်အထိ တည်ဆောက်ခွင့် ရရှိမည်ဖြစ်သည်။

လက်ရှိနိုင်ငံခြားငွေလဲလှယ်နှုန်းအရ ဓာတ်အားဝယ်ယူရေးသဘောတူညီမှုစာချုပ်ပါ ဓာတ်အားခဈေးနှုန်း ၁ ယူနစ် ၆၅ ကျပ်အတိုင်းဆိုလျှင် ရင်းနှီးမြှုပ်နှံမှုမှာ တွက်ခြေမကိုက်ဖြစ်နေလျက်ရှိသည်။ ရင်းနှီးမြှုပ်နှံမှုအတွက် တွက်ခြေကိုက်မှုရှိစေရန်နှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုများကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်သွားနိုင်ရန် ဓာတ်အားဝယ်ယူရေး သဘောတူညီမှု စာချုပ်ပါ အချက်အလက်များနှင့်အညီ ဓာတ်အားခတိုးမြှင့်ပေးနိုင်ရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသို့ တင်ပြ လမ်းညွှန်မှု ခံယူထားကြောင်း အစီရင်ခံအပ်ပါသည်။



# နမ့်ပေါ် ရေအားလျှပ်စစ်ဆိုင်ရာ အချက်အလက်များ

| | | | |
|---|---|---|---|
| စီမံကိန်းအမည် | - | နမ့်ပေါ်ရေအားလျှပ်စစ် စီမံကိန်း | |
| တည်နေရာ | - | မန်းဟန်ကျေးရွာဟောင်း၊ စယ်လန့်ကျေးရွာအုပ်စု၊ မူဆယ်မြို့ | |
| ရင်းနှီးမြှုပ်နှံသည့်ကုမ္ပဏီ | - | ဂရိတ်ဟော်ခမ်း များပိုင်းကုမ္ပဏီ လီမိတက် | |
| ချောင်းအမည် | - | နမ့်ပေါ်ချောင်း | |
| တပ်ဆင်စက်အင်အား | - | ၂၀ | မဂ္ဂါဝပ် (၃ ယူနစ် x ၆.၆၇ မဂ္ဂါဝပ်) |
| တစ်နှစ်ပျမ်းမျှ အပူချိန် | - | ၂၀.၁၀ | °C |
| တစ်နှစ်ပျမ်းမျှမိုးရေချိန်လက်မ | - | ၁,၄၀၀ | မီလီမီတာ |
| နမ့်ပေါ်ချောင်းရေဆင်းဧရိယာ | - | ၁,၀၆၈ | စတုရန်းကီလိုမီတာ |
| တမံအထက်ရေဆင်းဧရိယာ | - | ၁,၀၂၅ | စတုရန်းကီလိုမီတာ |
| တစ်နှစ်ပျမ်းမျှရေစီးဆင်းမှု | - | ၃၂.၆၀ | ကုဗမီတာ/စက္ကန့် |
| တမံရေပြည့်အမှတ် | - | ၈၀၅ | မီတာ |
| တမံရေသေအမှတ် | - | ၇၉၅ | မီတာ |
| တမံရေပြည့်ရေလှောင်ပမာဏ | - | ၄၈.၀၂ | ကုဗမီတာသန်းပေါင်း |
| တစ်နှစ်ပျမ်းမျှထုတ်လုပ်မှု | - | ၈၅.၃၉ | ကီလိုဝပ်နာရီသန်းပေါင်း |
| စက်လည်ပတ်မှုအခြေအနေ | - | နေ့စဉ် | |
| တစ်နှစ်ထုတ်လုပ်မှုအချိန် | - | ၄,၂၆၉ | နာရီ |
| တမံအမြင့် | - | ၅၄ | မီတာ |
| အသားတင်ရေအမြင့် | - | ၃၈.၇၅ | မီတာ |
| တမံအလျား | - | ၂၁၁ | မီတာ |
| တည်ဆောက်ရေးကာလ | - | ၃၆ | လ |
| စုစုပေါင်းရင်းနှီးမြှုပ်နှံမှု | - | ၃၉.၇ | အမေရိကန်ဒေါ်လာသန်းပေါင်း (1 USD = 1,218 Kyats) |
| ပဋိညာဉ်စာချုပ်(MOA) ချုပ်ဆိုသည့်နေ့ | - | ၂၀၁၆ ခုနှစ်၊ မတ်လ ၁၆ ရက် | |
| ဒီဇိုင်းပြုကုမ္ပဏီ | - | Hunan Hydro & Power Design Institute (HHPDI) | |
| E.S.I.A စူးစမ်းလေ့လာသည့် ကုမ္ပဏီ | - | မြန်မာစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး အင်ဂျင်နီယာဝန်ဆောင်မှု ကုမ္ပဏီလီမိတက် | |
| Dam Breaking Analysis | - | SYDRO Consult, Germany | |



# ကုမ္ပဏီခွဲများနှင့် အစုအစပ်ဝင်ကုမ္ပဏီများ


အမြွှာစက်မှုလုပ်ငန်းလီမိတက် ..... 74
စက်ယာဉ်ယန္တရားများစာရင်း ..... 75

# TWINS
INDUSTRY LIMITED

## အမြွှာစက်မှုလုပ်ငန်းလီမိတက်
(TWINS Industry Limited)

Twins Industry Limited (အမြွှာစက်မှုလုပ်ငန်းလီမိတက်) သည် ဂရိတ်ဟော်ခမ်း ၁၀၀% ပိုင်ဆိုင်သော ကုမ္ပဏီခွဲတစ်ခုဖြစ်ပြီး ၂၀၁၁ ခုနှစ်၊ ဇူလိုင်လတွင် မှတ်ပုံတင်ရရှိခဲ့သည့်ကုမ္ပဏီတစ်ခုဖြစ်ပါသည်။

အမြွှာစက်မှုလုပ်ငန်းလီမိတက်သည် ယခင်ကမြစ်ဆုံ၊ ချီဖွေနှင့် သံလွင် (ကွမ်းလုံ) ရေအားလျှပ်စစ်စီမံကိန်း များတွင် ခွဲကျောက်ထုတ်လုပ်သည့်လုပ်ငန်း အတွေ့အကြုံများရှိပြီး ဂရိတ်ဟော်ခမ်းအား အထောက်အပံ့ပြုနိုင်ရေး အတွက် ၂၀၁၅ ခုနှစ်တွင် ဂရိတ်ဟော်ခမ်း၏ ကုမ္ပဏီခွဲတစ်ခုအဖြစ် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

ရေ့ဆက်လုပ်ငန်းစဉ်များတွင် တည်ဆောက်ရေးအတွက် ခွဲကျောက်ထုတ်လုပ်သည့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်သွားရန်နှင့် ဒေသအထောက်အကူပြုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန် ရည်ရွယ်ဖွဲ့စည်းထားသည့်အလျောက် လက်ရှိတွင် မူဆယ်မြို့ပုဂ္ဂလိကအမှိုက်နှင့်မိလ္လာသိမ်းဆည်းရေးဝန်ဆောင်မှုလုပ်ငန်းအား ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိပါသည်။

### ကုမ္ပဏီဆိုင်ရာ အချက်အလက်များ

| | |
|---|---|
| ကုမ္ပဏီအမည် | : အမြွှာစက်မှုလုပ်ငန်းလီမိတက် |
| ကုမ္ပဏီမှတ်ပုံတင်အမှတ် | : ၁၀၈၈၈၆၁၁၆၉ |
| ထုတ်ပေးသည့်ရက်စွဲ | : ၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၁ |





ဂရိတ်ဟော်ခမ်းအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

# စက်ယာဉ်ယန္တရားများစာရင်း

| စဉ် | စက်ယာဉ်ယန္တရားအမျိုးအစား | အစီးရေ |
|---|---|---|
| | **ယန္တရားများစာရင်း** | |
| ၁ | Hydraulic Excavator | 4 စီး |
| ၂ | Bull Dozer | 1 စီး |
| ၃ | Motor Grader | 1 စီး |
| ၄ | Wheel Loader | 3 စီး |
| ၅ | Multi Pad Foot Roller | 2 စီး |
| ၆ | Backhoe Loader | 1 စီး |
| | **တည်ဆောက်ရေးယာဉ်များ** | |
| ၇ | Transportor | 1 စီး |
| ၈ | Dump Truck (6x4) | 7 စီး |
| ၉ | Water Bowser | 3 စီး |
| ၁၀ | Fuel Bowser | 2 စီး |
| | **အမှိုက်သိမ်းယာဉ်များ** | |
| ၁၁ | Garbag Compactor Truck | 7 စီး |
| ၁၂ | Dump Truck (6x4) | 3 စီး |
| ၁၃ | Tipper (4x2) | 3 စီး |
| ၁၄ | Hook Garbag Truck | 2 စီး |
| ၁၅ | Three Wheel Garbag Truck | 5 စီး |
| ၁၆ | ပုစဉ်းခေါင်းထော်လာဂျီ | 3 စီး |
| ၁၇ | Sewage Truck | 1 စီး |
| | **ကွန်ကရစ်ဖျော်စက်နှင့်ယာဉ်များ** | |
| ၁၈ | Batching Plant (60 m3/hr.) | 1 စုံ |
| ၁၉ | Batching Plant (30 m3/hr.) | 1 စုံ |
| ၂၀ | Boom Pump Truck | 1 စီး |
| ၂၁ | Concrete Mixer (AG Truck) | 4 စီး |

# စီမံကိန်းနှင့်လုပ်ငန်းများ


သုဝဏ္ဏမိဂဒါ မဟာစေတီတော် ပဉ္စမအဆင့်တည်ဆောက်ရေးလုပ်ငန်း ..... 77

ငွေဇင်ယော်အိမ်ရာစီမံကိန်း ဒုတိယအပိုင်း၏ လမ်းတည်ဆောက်ခြင်းလုပ်ငန်း ..... 80

နှောင်မော်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ..... 82

သကြားအရည်ဖျော်စက်ရုံ မြေနေရာဖော်ထုတ်ခြင်းလုပ်ငန်း ..... 83

နမ့်ဆန်ရေလှောင်တမံစီမံကိန်း ..... 84

မြို့တွင်းဆောက်လုပ်ရေးလုပ်ငန်းများအတွက် ကွန်ကရစ်ထုတ်လုပ်ရောင်းချခြင်း ..... 87

ရေသဲထုတ်လုပ်ရေးလုပ်ငန်း ..... 88

ပုဂ္ဂလိက အမှိုက်နှင့်မိလ္လာသိမ်းဆည်းရေး ဝန်ဆောင်မှုလုပ်ငန်းအခြေအနေ ..... 89






# သုဝဏ္ဏမိဂဒါ မဟာစေတီတော် ပဉ္စမအဆင့်တည်ဆောက်ရေးလုပ်ငန်း

သုဝဏ္ဏမိဂဒါ မဟာစေတီတော်တည်ဆောက်ရေး စီမံကိန်းသည် မူဆယ်မြို့အတွင်းမှ ပို့ငှ် ၃၁၂၇ တောင်ကုန်း၊ လွယ်တိန်ခမ်းတောင်ပေါ်တွင်တည်ရှိပြီး ကြီးကျယ်ခမ်းနားလှသည့် စီမံကိန်းဖြစ်ကြောင်း၊ ၂၀၁၃ ခုနှစ်တွင် စေတီတော်တည်ဆောက်သည့်ကုန်းမြေကို စတင်ဖြတ်ညှိပြုပြင်ခြင်း၊ ချဉ်းကပ်လမ်းဖောက်လုပ်ခြင်းမှသည် အလှူ့ဘဏ္ဍာငွေကောက်ခံရရှိမှုပမာဏအလိုက် လုပ်ငန်းများကို အဆင့်ဆင့်ဖော်ဆောင်ခဲ့ရာတွင် နောက်ဆုံးအနေဖြင့် စတုတ္ထအဆင့်တည်ဆောက်ရေးဖြစ်သော စေတီတော်ဗဟိုမဏ္ဍိုင်နှင့် တိုင်လုံးကြီးများကို တည်ဆောက်သည့်အဆင့်ထိ ဆောင်ရွက်ခဲ့ရကြောင်း ၂၀၂၀ ခုနှစ်အစီရင်ခံတွင် ဖော်ပြခဲ့ပါသည်။ ထိုနောက်ပိုင်း ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေကြောင့်လည်းကောင်း၊ နိုင်ငံရေးအခြေအနေကြောင့်လည်းကောင်း ၂၀၂၁ ခုနှစ်အတွင်း စေတီတော်တည်ဆောက်ရေးလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါ။

၂၀၂၂ ခုနှစ် မေလ ၂၈ ရက်နေ့တွင် လွယ်တိန်ခမ်းကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော်ဘုရားကြီး ဘဒ္ဒန္တသုခမိန္ဒ (စဝ်ဆုခမ်း) မှ စေတီတော်၏ ပဉ္စမအဆင့် တည်ဆောက်ရေးလုပ်ငန်း စတင်နိုင်ရေးအတွက် ဩဝါဒမြွက်ကြား လမ်းညွှန်ခဲ့ပါသည်။ ဆရာတော်ဘုရားကြီး၏ လမ်းညွှန်ချက်နှင့်အညီ ပဉ္စမအဆင့် တည်ဆောက်ရေးလုပ်ငန်း အတွက် ဒီဇိုင်းပိုင်းဆိုင်ရာနှင့် ကုန်ကျစရိတ်ပိုင်းဆိုင်ရာများ ပြန်လည်သုံးသပ်တွက်ချက်ခြင်း၊ တည်ဆောက်ရေးလုပ်ငန်းနှင့်ဆက်စပ်လျက် တစ်ပါတည်း ပြင်ဆင်ဆောင်ရွက်သွားရမည့် Mechanical & Electrical Engineering (M&E) အပိုင်းတို့ကို Htun Lashio ကုမ္ပဏီနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း စသည်တို့ကို အမြန်ဆုံး ဆောင်ရွက်ခဲ့ပါသည်။ ဆက်လက်၍ ၂၀၂၂ ခုနှစ် ဇွန်လအတွင်း စေတီတော်တည်ဆောက်ရေးကော်မတီနှင့် ကုမ္ပဏီတို့အကြား အပြန်ပြန်အလှန်လှန်တွေ့ဆုံခဲ့ပြီး ဒီဇိုင်းပိုင်းဆိုင်ရာကိစ္စ၊ တည်ဆောက်ရေးပစ္စည်းများ ဝယ်ယူစုဆောင်းမှုကိစ္စ၊ ငြမ်း

creating a better life

လိုအပ်ချက်ကိစ္စ၊ လုပ်ငန်းခွဲဝေမှုကိစ္စနှင့် ဘဏ္ဍာရေးကိစ္စတို့ကို အကြေအလည်ဆွေးနွေးခဲ့ကြကာ ၂၉-၆-၂၀၂၂ ရက်နေ့တွင် ပဉ္စမအဆင့်တည်ဆောက်ရေးလုပ်ငန်းစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ပါသည်။ တည်ဆောက်ရေးအတွက် လိုအပ်သည့် သံဖရိန်ပြမ်းများကို တည်ဆောက်ရေးကော်မတီမှ သီးခြားဝယ်ယူပံ့ပိုးပေးခြင်းဖြစ်ပြီး ဤအဆင့်အတွက် စာချုပ်လုပ်ငန်းတန်ဖိုးသည် ကျပ်သိန်းပေါင်း ၁၄,၁၀၀ ဖြစ်ပါသည်။ စေတီတော်စီမံကိန်းအတွက် သက်ဆိုင်ရာအဆင့်တည်ဆောက်ရေးနှင့် လုပ်ငန်းကာလများကို ဖော်ပြအပ်ပါသည် -

| တည်ဆောက်ရေး အဆင့် | လုပ်ငန်းဆောင်ရွက်သည့်ကာလ | | အကောင်အထည်ဖော်မှုလုပ်ငန်း |
|---|---|---|---|
| | မှ | ထိ | |
| ပထမအဆင့် | 2013 May | 2013 May | မြေနေရာတိုင်းတာခြင်း၊ မြေပုံထုတ်လုပ်ခြင်း |
| | 2013 Oct | 2013 Nov | ယာဉ်၊ စက်ယန္တရားများဖြင့် စေတီကုန်းအတွက် မြေနေရာဖော်ထုတ်ခြင်း၊ ချဉ်းကပ်လမ်းဖောက်လုပ်ခြင်း |
| | 2013 Nov | 2013 Dec | အုတ်မြစ်ဒီဇိုင်းအတွက် အင်ဂျင်နီယာဘူမိဆိုင်ရာစူးစမ်းလေ့လာခြင်း |
| ဒုတိယအဆင့် | 2014 Oct | 2015 Jul | စေတီတော်အုတ်မြစ်တည်ဆောက်ခြင်း |
| တတိယအဆင့် | 2018 Oct | 2019 Feb | စေတီတော်ပလ္လင်အဆင့်ထိ တည်ဆောက်ခြင်း၊ ရင်ပြင်တော်အတွက် မြေဖြတ်/ ဖို့ခြင်း၊ Master Plan ရေးဆွဲခြင်း |
| စတုတ္ထအဆင့် | 2020 Feb | 2020 Jun | စေတီတော်မဏ္ဍိုင်နှင့် တိုင်များတည်ဆောက်ခြင်း |
| ပဉ္စမအဆင့် | 2022 July | ဆောင်ရွက်ဆဲ | အထွတ်တင်စေတီတော်အထိ စေတီတော်၏ထုပ်တန်းနှင့် အထက်ပိုင်း အကြမ်းထည်အဆောက်အအုံအား အပြီးသတ် တည်ဆောက်ခြင်း |



ပထမအဆင့် (မြေကြီးလုပ်ငန်းနှင့် ချဉ်းကပ်လမ်း)

လုပ်ငန်းစာချုပ်ချုပ်ဆိုပြီးသည်နှင့်တပြိုင်နက် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် လုပ်ငန်းစတင်ခဲ့ပြီး လုပ်သားအင်အား ၁၀၀ ခန့်ဖြင့် လုပ်ငန်းတာဝန်များကို ခွဲဝေဆောင်ရွက်ခဲ့ရာ လက်ရှိအနေအထားတွင် စေတီတော်၏ တတိယအလွှာ အမြင့်အထိ တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။ စေတီတော်တည်ဆောက်မှုလုပ်ငန်းတွင် ဒီဇိုင်းအရ တည်ဆောက်မှုအထပ်လွှာအားဖြင့် ၇ လွှာရှိပြီး ပဉ္စမအဆင့်တည်ဆောက်ရေးသည် ဒုတိယအလွှာမှ အမြင့်ဆုံး ၇ လွှာအထိ သံကူကွန်ကရစ်အဆောက်အအုံပိုင်း တည်ဆောက်မှုဖြစ်ပါသည်။ စေတီတော်၏ အပြင်ဆုံးအဝန်းအဝိုင်းအပိုင်းသည် လုပ်ငန်းထုထည်အများဆုံးဖြစ်သည်နှင့်အညီ လက်ရှိလုပ်ငန်းပြီးစီး သည့်အပိုင်းမှာ အပြင်ဆုံးအဝန်းအဝိုင်းအတွင်းကျရောက်နေ၍ လုပ်ငန်းပြီးစီးမှုသည် အထပ်အလွှာအားဖြင့် တတိယအလွှာအထိသာဖြစ်သော်လည်း

လုပ်ငန်းပမာဏအားဖြင့် ၆၀% ခန့်ပြီးစီးနေပြီဖြစ်ပါသည်။ ဤသို့ လုပ်ငန်းဆောင် ရွက်ချက် တွင်ကျယ်မြန်ဆန်မှုရှိစေရန် တည်ဆောက်ရေးအတွက် အသုံးပြုမည့် အရည်အသွေးမီ သံချောင်းများကို လိုအပ်သည့်အရေအတွက်အတိုင်း အားလုံးဝယ်ယူ၍ သံချည်ကွေးထုတ်လုပ်ထားရှိပြီးဖြစ်ခြင်း၊ သံပုံပြား သစ်ပုံပြားများအတွက် လိုအပ်သည့်သစ်များကို ဝယ်ယူပြင်ဆင်ထားရှိပြီးဖြစ်ခြင်း၊ အုတ် သဲ ကျောက်များကို အချိန်မီမှာယူစုပုံထားပြီးဖြစ်ခြင်း၊ သံငြမ်းများကိုလည်း တည်ဆောက်ရေးကော်မတီမှ လိုအပ်ချက်အတိုင်း ဖြည့်တင်းပံ့ပိုးထားရှိပြီးဖြစ်ခြင်းတို့ကြောင့် ဖြစ်ပါသည်။ ထို့အတူ တိုင်းတာမှု၊ တည်ဆောက်မှု၊ အရည်အသွေးထိန်းသိမ်းမှု စသည့်အပိုင်းများကို တာဝန်ယူဆောင်ရွက်ကြသည့် အင်ဂျင်နီယာများကလည်း အနီးကပ်ကြီးကြပ်ဆောင်ရွက်နေသည့်အပြင် စေတီတော်တည်ဆောက်ရေး လုပ်ငန်းခွင်တွင် ကွန်ကရစ်ဖျော်စပ်မှုအတွက် တစ်နာရီလျှင် ၃၀ ကုဗမီတာ ဖျော်စပ်နိုင်စွမ်းရည်ရှိသည့် ကုမ္ပဏီပိုင် ရွှေ့လျားကွန်ကရစ်ဖျော်စက်တစ်လုံးကို တည်ဆောက်တပ်ဆင်ဖျော်စပ်၍ လုပ်ငန်းများအား ထိထိရောက်ရောက် စီမံပံ့ပိုးလျက်ရှိပါသည်။

ပဉ္စမအဆင့်တည်ဆောက်ရေးလုပ်ငန်းပါ သံကူကွန်ကရစ်တည်ဆောက်မှုနှင့်အတူ တစ်ဖက်တွင်လည်း အထွတ်တင်စေတီတော်နှင့် အရံစေတီတော်များ၊ စေတီပလ္လင်တော်၊ စေတီအတက်လှေခါးဘောင်၊ အတွင်းပလ္လင်တော်များ စသည်တို့ကို ဗိသုကာဒီဇိုင်းပုံစံအတိုင်း အကြမ်းပုံဖော်အုတ်စီခြင်း စသည်တို့ကိုလည်း မြို့နယ်သံဃမဟာနာယကဆရာတော်ဘုရားကြီးများ၏ ဩဝါဒကိုခံယူ၍ အခြေအနေပေးလာလျှင် တစ်ပါတည်းဆက်လက်ဆောင်ရွက်သွားမည့် အနေအထားမျိုးရှိနေပြန်ပါသည်။ ပဉ္စမအဆင့်တည်ဆောက်ရေးလုပ်ငန်းအရ စေတီတော်ကြီး၏ လိုဏ်တော်ကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့တွင် GHK၊ CGC နှင့် TEG ကုမ္ပဏီတို့ပူးပေါင်း၍ လူအင်အား တစ်ရာကျော်နှင့်အတူ စက်ယာဉ်ယန္တရားအင်အားများ အပြည့်ဖြင့် ကွန်ကရစ်လောင်းနိုင်ခဲ့ပါသည်။ များမကြာမီကာလအတွင်းမှာပင် ထုနှင့်ထည်နှင့် ငွားငွားစွင့်စွင့် ရုပ်လုံးပေါ်လာတော့မည်ဖြစ်သလို မြို့နယ်အတွင်းရှိ တိသန္တကဆရာတော်ဘုရားကြီးများနှင့် လွယ်တိန်ခမ်းတောင်တော် ပဓာနနာယကဆရာတော်ဘုရားကြီး၏ မေတ္တာဓာတ်တို့ကြောင့်လည်းကောင်း၊ အနယ်နယ်အရပ်ရပ်မှ အလှူရှင်မိဘပြည်သူအပေါင်း၏ စေတနာသဒ္ဓါတရားများကြောင့်လည်းကောင်း စေတီတော်ကြီး၏ အကြမ်းထည်တည်ဆောက်မှုလုပ်ငန်းသာမက ဗိသုကာအချောထည်တည်ဆောက်မှုနှင့်တကွ အခြားသောဘက်စုံတည်ဆောက်မှု လုပ်ငန်းကဏ္ဍအသီးသီးမှာလည်း အလျင်အမြန်အကောင်အထည်ပေါ်လာတော့မည်ဟု ယုံကြည်မိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။





# ငွေဇင်ယော်အိမ်ရာစီမံကိန်း ဒုတိယအပိုင်း၏ လမ်းတည်ဆောက်ခြင်းလုပ်ငန်း

ငွေဇင်ယော်အိမ်ရာစီမံကိန်းသည် ဒေသအတွင်းရှိ လုပ်ငန်းရှင်မှ အကောင်အထည်ဖော်လျက်ရှိသော လူနေအိမ်ကွက်ဖော်ထုတ်ရေးစီမံကိန်းတစ်ခုဖြစ်ကြောင်း၊ စီမံကိန်းတည်နေရာသည် မူဆယ်မြို့နယ်၊ နမ့်ပန်းကျေးရွာအုပ်စု၊ နမ့်ခွမ်ကျေးရွာ၏ နယ်နိမိတ်အတွင်းဖြစ်ပြီး စက်မှုကွက်သစ်၏ အနီးဝန်းကျင်တွင် တည်ရှိကြောင်း ယခင်နှစ်အစီရင်ခံစာတွင် တင်ပြခဲ့ပြီးဖြစ်ပါသည်။ ယခုနှစ်တွင် အဆိုပါစီမံကိန်း၏ ဒုတိယအပိုင်းအတွက် အိမ်ရာဖော်ထုတ်မှုကို ရင်းနှီးမြှုပ်နှံသူဖက်မှ ဆက်လက်ဖော်ဆောင်လျက်ရှိရာ ဂရိတ်ဟော်ခမ်းအနေဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအပိုင်းကို ဆောင်ရွက်ခွင့်ရရှိခဲ့ပါသည်။

## လုပ်ငန်းဆိုင်ရာအချက်အလက်များ

| | | |
|---|---|---|
| • လုပ်ငန်းအမျိုးအစား | - | ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း |
| • လုပ်ငန်းတည်နေရာ | - | နမ့်ခွမ်ကျေးရွာ၊ နမ့်ပန်းကျေးရွာအုပ်စု၊ မူဆယ်မြို့ |
| • စုစုပေါင်းလမ်းအရှည် | - | ၁.၇၆ ဖာလုံ |
| **• ပင်မလမ်းအကျယ်** | | |
| ‣ လမ်းအမှတ် (၁) | - | ၂၆ ပေ |
| ‣ လမ်းအမှတ် (၂) | - | ၂၀ ပေ |
| ‣ လမ်းအမှတ် (၃) | - | ၂၆ ပေ |
| • ကွန်ကရစ်လမ်းသားအထူ | - | ၆ လက်မ |
| • ဖြုန်းအခြေခံလွှာအထူ | - | ၉ လက်မ |
| • လမ်းအမျိုးအစား | - | ကွန်ကရစ်လမ်း |
| • ကွန်ကရစ်မာခြင်းအဆင့် | - | C-30 |
| • လုပ်ငန်းကာလ | - | ၂၀၂၂ ခုနှစ် မေမှ ဇွန် |

# ကျင်ခန်းကျော့ ကုန်ချိန်းပြောင်း ကားကြီးကွင်းစီမံကိန်း

ကိုဗစ်-၁၉ တတိယလှိုင်းကာလတွင် မြန်မာ - တရုတ် နယ်စပ်ကုန်သွယ်မှုအား ၂၀၂၁ ခုနှစ်၊ မတ်လ၌ စတင်ရပ်ဆိုင်းထားခဲ့သဖြင့် ပြည်ပပို့ကုန်/သွင်းကုန်ကိုအခြေခံပြီး လုပ်ငန်းဆောင်ရွက်နေသော စိုက်ပျိုးတောင်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများနှင့် နယ်စပ်နေပြည်သူလူထုတို့ အခက်အခဲ အကြပ်အတည်းများစွာ ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။

အဆိုပါ အခက်အခဲ အကြပ်အတည်းများကို ကိုဗစ်-၁၉ ကပ်ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းစဉ်များနှင့်အညီ ဖြေရှင်းနိုင်ရန်အတွက် နှစ်နိုင်ငံအစိုးရ ညှိနှိုင်းမှုများဆောင်ရွက်ခဲ့ပြီးနောက် မူဆယ်မြို့နယ်၊ လွယ်အင်ကျေးရွာတွင် Close Loop Management စနစ်ဖြင့် နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန် ရွှေလွယ်အင်ကုမ္ပဏီမှ ယာယီခေါက်တိုကုန်ချိန်းပြောင်း ကားကြီးကွင်းစီမံကိန်းအား ရင်းနှီးမြှုပ်နှံဆောင်ရွက်ခဲ့ပါသည်။

သွင်းကုန်/ထုတ်ကုန် ချိန်းပြောင်းကွင်းများပါဝင်သည့် ဧက ၂၀ အကျယ်အဝန်းရှိသော အဆိုပါစီမံကိန်းအား မိမိတို့ဂရိတ်ပဟော်ခမ်းမှ ကန်ထရိုက်စနစ်ဖြင့် ၄ လအတွင်းအပြီးဆောင်ရွက်ခဲ့ပြီး ၂၂.၁၁.၂၀၂၁ ရက်နေ့မှ ၂၅.၁၁.၂၀၂၁ ရက်နေ့အထိ ကွန်တိန်နာများဖြင့် စမ်းသပ် ကုန်သွယ်မှုဆောင်ရွက်ခဲ့ကာ ၂၆.၁၁.၂၀၂၁ ရက်နေ့မှစ၍ နှစ်နိုင်ငံကုန်သွယ်မှုအား ကွန်တိန်နာများဖြင့် စတင်လည်ပတ် ဆောင်ရွက်နေပြီဖြစ်ပါသည်။

## စီမံကိန်းဆိုင်ရာအချက်အလက်များ

| | | |
|---|---|---|
| • ရင်းနှီးမြှုပ်နှံသူ | - | ရွှေလွယ်အင်ကုမ္ပဏီလီမိတက် |
| • လုပ်ငန်းတည်နေရာ | - | မူဆယ်မြို့နယ်၊ လွမ်အင်ကျေးရွာ |
| • စီမံကိန်းဧရိယာ | - | ၂၀ ဧက |
| • တည်ဆောက်ရေးကာလ | | ၂၀၂၁ ၊ အောက်တိုဘာလမှ ၂၀၂၂ ၊ ဇန်နဝါရီလအထိ |
| • လုပ်ငန်းအမျိုးအစား | - | အခြေခံအဆောက်အအုံဖြစ်သည့် ကားပါကင်၊ ကုန်ပစ္စည်းဖလှယ်ကွင်းနှင့် Container Yard များ၏ မြေသားလုပ်ငန်းနှင့် ကွန်ကရစ်ခင်းခြင်းလုပ်ငန်း |
| • **လုပ်ငန်းပမာဏ** | | |
| မြေသားလုပ်ငန်း | - | ၈၅,၅၈၄.၇၅ ကုဗမီတာ |
| CS3 | - | ၁၀,၇၂၄.၅၄ ကုဗမီတာ |
| ကွန်ကရစ်ခင်းခြင်း | - | ၅,၄၂၇.၈ ကုဗမီတာ |



creating a better life

# နောင်မော်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း

နောင်မော်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းသည် နောင်မော်ရွာသူရွာသားများမှ ရွာအတွင်း ကိုယ်ထူကိုယ်ထ အလှူငွေ ထည့်ဝင်ဆောင်ရွက်သည့်လုပ်ငန်းဖြစ်သည်။ နောင်မော်ကျေးရွာသည် မူဆယ်မြို့နယ်၊ ပန်ခမ်းကျေးရွာအုပ်စုအတွင်း တည်ရှိပြီး အိမ်ခြေ ၁၀၀ ကျော်ရှိသည့်ရွာတစ်ရွာဖြစ်ပါသည်။ ဤလမ်းအား ခင်းကျင်းဆောင်ရွက်ဖြစ်ခဲ့သည့်အကြောင်းရင်းမှာ ပြည်ထောင်စုလမ်းမကြီးမှ နောင်ရမ်းကျေးရွာကိုဖြတ်၍ နောင်မော်ကျေးရွာသို့ဝင်ရောက်သည့် ရွာချဉ်းကပ်လမ်းကို အလှူရှင်တစ်ဦးမှ ကွန်ကရစ်ခင်းပေးခဲ့ရာမှအစပြုသည်ဟု ဆိုနိုင်ပါသည်။ ရွာချဉ်းကပ်လမ်းကို အလှူရှင်မှခင်းပေးပြီးသည့်နောက်ပိုင်း ကျေးရွာတာဝန်ရှိသူများအနေဖြင့် ဆက်စပ်နေသည့်ရွာအတွင်း ပင်မလမ်းတစ်လမ်းကိုလည်း ရွာအင်အားဖြင့် ကွန်ကရစ်လမ်းအဖြစ် ခင်းကျင်းဆောင်ရွက်နိုင်ရန် ဦးဆောင်နှိုးဆော်၍ လမ်းတည်ဆောက်ရေးကော်မတီဖွဲ့စည်းလှုပ်ရှားခဲ့ပါသည်။ ကောက်ခံရရှိသည့် အလှူငွေအနေအထားအလျောက် အရည်အသွေးမီကွန်ကရစ်လမ်းအား အကောင်အထည်ဖော်နိုင်ရန် ဂရိတ်ဟော်ခမ်းထံသို့ လုပ်ငန်းအပ်နှံဆောင်ရွက်စေခဲ့ပါသည်။

## လုပ်ငန်းဆိုင်ရာအချက်အလက်များ

| | | |
|---|---|---|
| • လုပ်ငန်းအမျိုးအစား | - | ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း |
| • လုပ်ငန်းတည်နေရာ | - | နောင်မော်ကျေးရွာ၊ ပန်ခမ်းကျေးရွာအုပ်စု၊ မူဆယ်မြို့။ |
| • စုစုပေါင်းလမ်းအရှည် | - | ၂၃၀၀ ပေ |
| • ယာဉ်သွားလမ်းအကျယ် | - | ၁၆ ပေ |
| • ကွန်ကရစ်လမ်းသားအထု | - | ၈ လက်မ |
| • ဖြုန်းအခြေခံလွှာအထု | - | ၆ လက်မ (ပျမ်းမျှသိပ်သည်းပြီး) |
| • လမ်းအမျိုးအစား | - | ကွန်ကရစ်လမ်း |
| • ကွန်ကရစ်မာခြင်းအဆင့် | - | C-30 |
| • လမ်းပုခုံးအမျိုးအစားနှင့်အကျယ် | - | ဖြုန်းကျောက်၊ တစ်ဖက်လျှင် ၃ ပေအကျယ် |
| • လုပ်ငန်းကာလ | - | ၂၀၂၂ ခုနှစ် ဇွန်လ |



# သကြားအရည်ဖျော်စက်ရုံ မြေနေရာဖော်ထုတ်ခြင်းလုပ်ငန်း

သကြားအရည်ဖျော်စက်ရုံတည်ဆောက်နိုင်ရန်အတွက် လုပ်ငန်းရှင်တစ်ဦးမှ မူဆယ်မြို့နယ်၊ ပန်ဆိုင်း (ကြူကုတ်) မြို့နယ်ခွဲ၊ ကျင်းဆန်းကျော့နယ်စပ်ဂိတ်အနီးရှိ လွမ်အင်ကျေးရွာဧရိယာအတွင်းရှိ တောင်စောင်းကုန်းမြေတစ်နေရာတွင် မြေနေရာဖော်ထုတ်ခြင်းလုပ်ငန်းကို ဂရိတ်ပေါ်ခမ်းအား လုပ်ငန်းအပ်နှံဆောင်ရွက်စေခဲ့ပါသည်။ လုပ်ငန်းပမာဏအားဖြင့် အနည်းငယ်သာရှိသော်လည်း လုပ်ငန်းတည်နေရာသည် ရေစိမ့်ထွက်စီးဆင်းရာ တောင်ကြောလမ်းကြောင်းအနီးတွင် တည်ရှိပြီး နေရာတော်တော်များတွင် နွံပျော့မြေများရှိနေသည့်အတွက် ၎င်းတို့ကို ဖယ်ထုတ်ဖို့ကြိတ်ရခြင်းဖြစ်သည်ကတစ်ကြောင်း၊ ဒီဇိုင်းအရ ဆောင်ရွက်ပြီးသားအနေအထားကို ထပ်မံပြုပြင်ဖြတ်ထုတ်သည်များရှိသည်ကတစ်ကြောင်း စသည်တို့ကြောင့် လုပ်ငန်းအား ဖြစ်သင့်သည်ထက် အချိန်ယူဆောင်ရွက်ခဲ့ရပါသည်။

## စီမံကိန်းဆိုင်ရာအချက်အလက်များ

| | | |
|---|---|---|
| • လုပ်ငန်းအမျိုးအစား | - | မြေနေရာဖော်ထုတ်ခြင်းလုပ်ငန်း |
| • လုပ်ငန်းတည်နေရာ | - | လွမ်အင်ကျေးရွာ၊ ကျိန်းယန်းတုံကျေးရွာအုပ်စု၊ ပန်ဆိုင်း (ကြူကုတ်) မြို့နယ်ခွဲ၊ မူဆယ်မြို့နယ်။ |
| • လုပ်ငန်းပမာဏ | - | ၁၄,၇၉၅ ကျင်း |
| • လုပ်ငန်းကာလ | - | ၂၀၂၂ ခုနှစ် ဇန်နဝါရီမှ မတ် |



creating a better life

# နမ့်ဆန်ရေလှောင်တမံစီမံကိန်း




Cornerstone Resources (Myanmar) Limited မှ ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးခရိုင်၊ လားရှိုးမြို့နယ်၊ ခေးနင်း အုပ်စု၊ ခါးသျှိကျေးရွာအနီးတွင် လည်ပတ်ထုတ်လုပ်လျက်ရှိသော သတ္တုသန့်စင်စက်ရုံအတွက် လိုအပ်သော စက်ရုံသုံးနှင့် သောက်သုံးရေများကို မြေအောက်ရေ (အဝီစိရေ)ဖြင့် အသုံးပြုနေရလျက်ရှိရာ အနာဂတ်တွင် သဘာဝပတ်ဝန်းကျင်ထိခိုက် မှုမရှိစေရေးအတွက် လားရှိုးမြို့နယ်၊ ခေးနင်းကျေးရွာအုပ်စု၊ နမ့်ဆန်ကျေးရွာ အနီးရှိ နမ့်မွန်ချောင်း ရေအရင်းအမြစ်ကို အသုံးပြုကာ မြေသားတမံတည်ဆောက်၍ မြေပေါ်ရေများစုဆောင်းပြီး စက်ရုံသုံးရေနှင့် သောက်သုံးရေများအဖြစ် အသုံးပြု နိုင်ရန် မိမိတို့ Great Hor Kham Public Co., Ltd.နှင့် Energy Reliable Ace Co., Ltd.တို့မှ ကျွမ်းကျင်ပညာရှင် များဖြင့် စီမံကိန်းဖြစ်မြောက်နိုင်စွမ်း စူးစမ်းလေ့လာမှုများဆောင်ရွက်ခဲ့ပါသည်။

## နမ့်ဆန်ရေလှောင်တမံစီမံကိန်း၏ ရည်ရွယ်ချက်များ

- ဒေသဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေရန်၊
- ဒေသခံပြည်သူလူထု အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိစေရန်၊
- ရေရှားသည့်ကာလတွင် ရေလှောင်တမံမှ စုဆောင်းရေဖြင့် ဒေသအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နိုင် စေရန် နှင့်
- စက်ရုံ၏ ရေလိုအပ်ချက်အား ပံ့ပိုးပေးနိုင်ရန် တို့ဖြစ်သည်။

## စီမံကိန်းဆိုင်ရာအချက်အလက်များ

| | |
|---|---|
| • စီမံကိန်းအမည် | - နမ့်ဆန်ရေလှောင်ကန်စီမံကိန်း |
| • တည်နေရာ | - နမ့်ဆန်ကျေးရွာ၊ ခေးနင်းအုပ်စု၊ လားရှိုးမြို့ (22°48'10" N 97°42'17" E) |
| • ချောင်းအမည် | - နမ့်မွန်ချောင်း |
| • ရေဖမ်းဧရိယာ | - ၃၀ စတုရန်းကီလိုမီတာ |
| • တစ်နှစ်ပျှမ်းမျှရေစီးနှုန်း | - ၀.၆၂ ကုဗမီတာ/စက္ကန့် |
| • နှစ်စဉ်စီးဝင်ရေ | - ၁၉.၅ ကုဗမီတာသန်းပေါင်း |
| • တမံအမျိုးအစား | - မြေသားတမံ |
| • တမံအမြင့် | - ၁၄ မီတာ |
| • တမံထိပ်အလျား | - ၁၇၈ မီတာ |
| • အနိမ့်ဆုံးရေအမြင့် (ပင်လယ်ရေမျက်နှာပြင်) | - ၇၄၀ မီတာ |
| • တမံရေပြည့်အမြင့် (ပင်လယ်ရေမျက်နှာပြင်) | - ၇၅၀ မီတာ |
| • အမြင့်ဆုံးရေမျက်နှာပြင် (ပင်လယ်ရေမျက်နှာပြင်) | - ၇၅၂.၈ မီတာ |
| • ရေသိုလှောင်နိုင်မှုပမာဏ | - ၁ ကုဗမီတာသန်းပေါင်း |
| • ရေလွှမ်းဧရိယာ | - ၀.၂၃ စတုရန်းကီလိုမီတာ |
| | - ၅၆.၈၁ ဧက |
| • နေ့စဉ်အနည်းဆုံးအသုံးပြုနိုင်သော ရေပမာဏ | - ၇,၅၀၀ ကုဗမီတာ |
| • နေ့စဉ်အများဆုံးအသုံးပြုနိုင်သော ရေပမာဏ | - ၁၅,၀၀၀ ကုဗမီတာ |

## နမ့်ဆန်ရေလှောင်တမံစီမံကိန်း၏ ကောင်းကျိုးများ -

- ဒေသအတွင်း စိမ်းလန်းစိုပြေသောရပ်ဝန်းတစ်ခု ဖြစ်ပေါ်လာမည်။
- ရေလှောင်တမံအနီးရှိ ရာသီသီးနှံစိုက်ခင်းများတွင် စိုက်ပျိုးရေလိုအပ်မှု အခက်အခဲအား ဖြေရှင်းပေးနိုင်မည်။
- မြေအောက်ရေမျက်နှာပြင်အား မြှင့်တင်ပေးနိုင်မည်။
- ငါးမွေးမြူရေးအား ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ဒေသဝမ်းစာကို တစ်ဖက်တစ်လမ်းမှ ကူညီနိုင်မည်။
- မြေအောက်ရေကို အသုံးမပြုခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းလာမည်။
- စက်ရုံအတွက်လိုအပ်သော စက်ရုံသုံးရေနှင့် သောက်သုံးရေများရရှိနိုင်မည်။

ရေလှောင်တမံစီမံကိန်းအတွက် ဖြစ်နိုင်စွမ်းစူးစမ်းလေ့လာမှုများကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလမှ စတင်၍ မြေတိုင်းလုပ်ငန်းများ (Topographic Survey)၊ ရေတိုင်းတာခြင်းလုပ်ငန်း (Hydrology Survey)နှင့် ဘူမိဗေဒဆိုင်ရာ






စူးစမ်းလေ့လာမှု (Geological Investigation) လုပ်ငန်းများကို ဆောင်ရွက်ပြီးနောက် ဒီဇိုင်းပြုခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

၂၀၂၀ ခုနှစ် နှစ်ဆန်းပိုင်းမှ စတင်၍ ကိုဗစ်-၁၉ ကူးစက်ရောဂါ ပြန့်ပွားမှုကြောင့် တမံစီမံကိန်းအတွက် မြေယာ လျော်ကြေးဆိုင်ရာညှိနှိုင်းခြင်း၊ ရှမ်းပြည်နယ်အစိုးရထံသို့ ဆည်တည်ဆောက်ခွင့် လျှောက်ထားခြင်းစသည်တို့ကို မဆောင် ရွက်နိုင်ဘဲ လုပ်ငန်းများ ကြန့်ကြာခဲ့ရပါသည်။ ၂၀၂၁ ခုနှစ်၊ နှစ်ကုန်ပိုင်းမှသာ လုပ်ငန်းများကို ပြန်လည် စတင်နိုင်ခဲ့သည်။

ခွင့်ပြုချက် ရရှိပြီးနောက် တည်ဆောက်ရေးလုပ်ငန်းများ စတင်နိုင်ရေးအတွက် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ တတိယ ပတ်မှစ၍ စက်ယာဉ်ယန္တရားများကို ရွှေ့ပြောင်းခြင်း၊ စခန်းတည်ဆောက်ခြင်း စသည့် အကြိုအင်ဂျင်နီယာလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကာ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် စီမံကိန်း လုပ်ငန်းများကို စတင် အကောင်အထည်ဖော် ဆောင်ရွက် ခဲ့ပါသည်။

စီမံကိန်းကို ၂၀၂၂ ခုနှစ်၊ မေလကုန်တွင် အပြီးတည်ဆောက်ရန် လျာထားသော်လည်း ဧပြီလလယ်မှစ၍ မိုးများ အဆက်မပြတ် ရွာသွန်းမှုကြောင့် တည်ဆောက်ရေး လုပ်ငန်းများ ကြန့်ကြာခဲ့ရကာ ဩဂုတ်လကုန်မှသာ တမံကိုယ်ထည်ကို အပြီးတည်ဆောက်နိုင်ခဲ့ပါသည်။ တမံရေလှောင်ခြင်းလုပ်ငန်းကို ဩဂုတ်လ ၁ ရက်နေ့တွင် စတင် သိုလှောင်ခဲ့ကာ ကန်ရေ ပြည့် ရေသိုလှောင်နိုင်ရန် ကြာချိန်မှာ ၁ လခန့် ကြာမြင့်ခဲ့ပါသည်။

ထို့ပြင် လုပ်ငန်းရှင်၏ လမ်းညွှန်ချက်နှင့်အညီ ဒီဇိုင်းတွင် မပါဝင်သည့် နောက်တိုးလုပ်ငန်းများဖြစ်သော ၁၁ ကေဗွီ ဓာတ်အားလိုင်းရွှေ့ပြောင်းခြင်း၊ Dam Crest Parapet, Road side drainage, Downstream valley gutter drain, Down take drain, Spillway stilling basin & Water gate control room စသည်တို့ကို ထပ်တိုးတည်ဆောက်ခြင်း ကြောင့် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့မှသာ စီမံကိန်းလုပ်ငန်းများကို ၁၀၀% တည်ဆောက်ပြီးစီးခဲ့ပါသည်။











# မြို့တွင်းဆောက်လုပ်ရေးလုပ်ငန်းများအတွက် ကွန်ကရစ်ထုတ်လုပ်ရောင်းချခြင်း

ဂရိတ်ဟော်ခမ်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်အနေဖြင့် မူဆယ်-နမ့်ခမ်းလမ်း အဆင့်မြှင့်တင်ခြင်း စီမံကိန်း စတင်သည့် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ လမ်းတွင် အသုံးပြုမည့် အရည်အသွေးမီ အသင့်ဖျော်ကွန်ကရစ်များကို ထုတ်လုပ်နိုင်ရန်လည်းကောင်း၊ နောင်တွင် ကိုယ်ပိုင်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဖြစ်သည့် နမ့်ပေါ်ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများတွင် လိုအပ်မည့်ကွန်ကရစ်များကို ထုတ်လုပ်နိုင်ရန်အတွက်လည်းကောင်း၊ မြို့တွင်း တည်ဆောက်ရေးလုပ်ငန်းများအတွက် ထုတ်လုပ်ရောင်းချသွားရန်အတွက်လည်းကောင်း ရည်ရွယ်၍ HZS60 Concrete Batching Plant အမျိုးအစား ကွန်ကရစ်ဖျော်စက်ရုံတစ်လုံးကို ရင်းနှီးမြှုပ်နှံတည်ဆောက်ခဲ့ပါသည်။ ကွန်ကရစ်ဖျော်စက်၏ စွမ်းဆောင်ရည်မှာ တစ်နာရီလျှင် ၆၀ ကုဗမီတာဖျော်စပ်ထုတ်လုပ်နိုင်သည့် အလတ်စား Batching Plant ဖြစ်ပြီး ဒေသ၏ ဖွံ့ဖြိုးမှုအနေအထားနှင့် ကိုက်ညီအောင် ရင်းနှီးမြှုပ်နှံထားခြင်းဖြစ်ပါသည်။ လက်ရှိအချိန်တွင် ကန်ထရိုက်အဖြစ် တာဝန်ယူတည်ဆောက်နေသည့် စီမံကိန်းများ၊ တင်ဒါလုပ်ငန်းများ၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် အသုံးပြုရသည့် အသင့်ဖျော်ကွန်ကရစ်များကို ကိုယ်တိုင်ထုတ်လုပ်ပံ့ပိုးနိုင်ခဲ့သည်သာမက မြို့တွင်းမှ အခြားသော ဆောက်လုပ်ရေးလုပ်ငန်းများ၊ တင်ဒါလုပ်ငန်းများအတွက်လည်း ကွန်ကရစ်ထုတ်လုပ်ရောင်းချပေးလျက်ရှိပါသည်။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အတွင်း ကုမ္ပဏီမှ အဓိကတည်ဆောက်ပံ့ပိုးနေသောလုပ်ငန်းများတွက် စုစုပေါင်းကွန်ကရစ်ပမာဏ ၃,၀၁၇ ကုဗမီတာကို ထုတ်လုပ်ပံ့ပိုးနိုင်ခဲ့ပြီး အခြားအခြားသော ပြင်ပလုပ်ငန်းများအတွက် စုစုပေါင်း ကွန်ကရစ်ပမာဏ ၃၅၁ ကုဗမီတာ ထုတ်လုပ်ရောင်းချနိုင်ခဲ့ပါသည်။

# ရေသဲထုတ်လုပ်ရေးလုပ်ငန်း

အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများအတွက် မရှိမဖြစ်သောသဲကို တည်ဆောက်ရေးလုပ်ငန်းများနှင့် ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဖြစ်သည့် ရေအားလျှပ်စစ်စီမံကိန်းတည်ဆောက်ရေးအတွက် အထောက်အပံ့ ဖြစ်နိုင်စေရေးအတွက် သဲထုတ်လုပ်ရေးလုပ်ငန်းကို ၂၀၁၈ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် စတင်လုပ်ကိုင်ခဲ့ပါသည်။ ၂၀၂၁-၂၀၂၂ (၆လ) ဘဏ္ဍာရေးနှစ်အတွင်း အခြေအနေအရပ်ရပ်အရ မြို့နယ်တွင်းတည်ဆောက်ရေးလုပ်ငန်းမှာ တော်တော်များများ လျော့နည်းကျဆင်းသွားခဲ့သည်။ အဆိုပါ ၆ လ ဘဏ္ဍာရေးနှစ်အတွင်း ကုမ္ပဏီ၏ ကွန်ကရစ်ဖျော်စက်ရုံ၊ တည်ဆောက်ရေးကန်ထရိုက်လုပ်ငန်းနှင့် လက်လီလက်ကားဖောက်သည်များအတွက် စုစုပေါင်းထုတ်လုပ်ပံ့ပိုးရောင်းချမှုပမာဏမှာ ၄၀၅၇ ကျင်းရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။




# ပုဂ္ဂလိက အမှိုက်နှင့်မိလ္လာသိမ်းဆည်းရေး ဝန်ဆောင်မှုလုပ်ငန်းအခြေအနေ



အမြွာစက်မှုလုပ်ငန်းလီမိတက်၏ မူဆယ်မြို့၊ ပုဂ္ဂလိက အမှိုက်နှင့် မိလ္လာသိမ်းဆည်းရေးဝန်ဆောင်မှု လုပ်ငန်းအား ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂ ရက်နေ့မှ စတင်စာချုပ်ချုပ်ဆို လုပ်ငန်းဆောင်ရွက်ခဲ့သည်မှာ ၂နှစ်နှင့် ၆လ ပြည့်မြောက် ကျော်လွန်ခဲ့ပြီဖြစ်ပါသည်။

အမြွာစက်မှုလုပ်ငန်းလီမိတက်အနေဖြင့် ပုဂ္ဂလိက အမှိုက်နှင့် မိလ္လာသိမ်းဆည်းရေးလုပ်ငန်းအား စတင်ဆောင် ရွက်သည့် ၂၀၂၀ ပြည့်နှစ်မှစ၍ ယနေ့အစီရင်ခံတင်ပြချိန် အထိ ၂ နှစ်နှင့် ၆ လ ကာလအတွင်း ကုမ္ပဏီအနေဖြင့် အခက်အခဲများ၊ စိန်ခေါ်မှုများအား ကြံ့ကြံ့ခံရင်ဆိုင်တွန်း လှန်ဖြတ်ကျော်၍ လုပ်ငန်းများအား အောင်မြင်စွာဆောင် ရွက်ခဲ့ရမှုအား ဦးစွာအစီရင်ခံတင်ပြအပ်ပါသည်။

ပုဂ္ဂလိကအမှိုက်နှင့် မိလ္လာသိမ်းဆည်းရေးဝန်ဆောင်မှု လုပ်ငန်း စတင်ချိန်သည် ကိုဗစ်-၁၉ ကပ်ရောဂါ ဆိုးကြီး ပထမလှိုင်းနှင့် စတင်ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး ကိုဗစ်-၁၉ ကပ်ရောဂါ၏ ဒုတိယလှိုင်း၊ တတိယလှိုင်းများအား ထပ်မံ ရင်ဆိုင်ခဲ့ရကာ ယခု ကိုဗစ်-၁၉ ၏စတုတ္ထလှိုင်း အိုမီခရွမ် အား ရင်ဆိုင်ဖြတ်ကျော်လျက် ရှိပါသည်။ ၎င်းကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီးများအား ရင်ဆိုင်ဖြတ်သန်းနေရချိန်တွင် တစ်ပြိုင်တည်း တစ်ချိန်တည်း နိုင်ငံရေးအပြောင်းအလဲဖြစ် ပေါ်မှု အခြေအနေများ၏ စိန်ခေါ်မှုများနှင့်အတူ စီးပွားရေး ပြောင်းလဲ ဖြစ်ပေါ်မှုအခက်အခဲများ၊ ကုန်ဈေးနှုန်းမြင့်မား လာမှု၊ စက်သုံးဆီဈေးနှုန်း အဆမတန်ကြီးမားမှုနှင့် စက် သုံးဆီ ဝယ်ယူရန်ခက်ခဲလာမှုများ စသည့်ဘက်ပေါင်းစုံမှ အခြေအနေဆိုးများ၊ အခက်အခဲများကိုပါ တစ်ချိန်တည်း တစ်ပြိုင်တည်း ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။

၂၀၂၁- ၂၀၂၂ ခုနှစ်ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်း ပိုင်းအနေဖြင့် ရင်ဆိုင်ကြုံတွေ့ရသော စိန်ခေါ်မှု အခက်အခဲ




များကို ကြံ့ကြံ့ခံရင်ဆိုင်ဖြတ်ကျော်နိုင်ခဲ့သော်လည်း ဘဏ္ဍာ ရေးပိုင်းအနေဖြင့် ဆန်းစစ်ချက်များအရ စက်သုံးဆီဈေးနှုန်း မြင့်မားလာမှုကြောင့် လစဉ်အရှုံးနှင့်ရင်ဆိုင်ကြုံတွေ့ရလျက် ရှိသောကြောင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်းအရှုံးများ အား ကာမိစေရန် လက်ရှိ အမှိုက်နှင့်မိလ္လာ ဝန်ဆောင်ခ ကောက်ခံမှု နှုန်းထားများအား တိုးမြှင့်ကောက်ခံခွင့်ရရှိနိုင် ရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ တင်ပြလမ်းညွှန်မှု ခံယူခဲ့ကာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ လမ်းညွှန်မှု ဖြင့် တိုးမြင့်ကောက်ခံသင့်သော ဝန်ဆောင်ခနှုန်းထားများ အား ရာခိုင်နှုန်းများအလိုက် သတ်မှတ်တွက်ချက်၍ မူဆယ် မြို့ရှိ ရပ်ကွက်များမှ ဥက္ကဋ္ဌနှင့် ရပ်မိရပ်ဖများအား ဖိတ်ကြား

ရှင်းလင်းတင်ပြမှုနှင့် သဘောထားအကြံပြုချက်များ ရယူခြင်းအား ၁၁.၇.၂၀၂၂ ရက်နေ့တွင် တွေ့ဆုံမှုပြုလုပ်ခဲ့ပါသည်။



ရပ်ကွက်ဥက္ကဋ္ဌနှင့် မြို့မိမြို့ဖများအားလုံးမှ လက်ရှိကောက်ခံလျက်ရှိသော ဝန်ဆောင်ခ၏ ၇၅% တိုးမြှင့်ကောက်ခံသင့်ကြောင်း တညီတညွတ်တည်း ထောက်ခံအကြံပြုချက် ပေးခဲ့သည့်အတွက် မြို့နယ်စည်ပင် သာယာရေး ဌာနမှတစ်ဆင့် မူဆယ်မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီများသို့ ဆက်လက် တင်ပြ သဘောထားမှတ်ချက်ရယူရန် တင်ပြခဲ့ရာတွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက် သွားရန် သဘောထားမှတ်ချက်ပြန်ကြားမှုအရ ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးဌာနမှတဆင့် ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနသို့ ဆက်လက်တင်ပြခဲ့ပါသည်။

၃၀.၈.၂၀၂၂ ရက်နေ့တွင် ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနသို့ မူဆယ်မြို့နယ်စည်ပင် သာယာရေး ဌာနမှ အမှုဆောင်အရာရှိ ဦးကျော်မိုးထွန်းနှင့် အမြွာစက်မှုလုပ်ငန်းလီမိတက်မှ ဥက္ကဋ္ဌ ဦးစိုင်းအုန်မြင့်တို့ သွားရောက်ရှင်းလင်းတင်ပြချက်အရ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနမှ လက်ရှိ ဝန်ဆောင်ခနှုန်းထား သတ်မှတ်ချက်၏ ၇၅% တိုးမြှင့်ကောက်ခံရန်တင်ပြမှုအပေါ် သဘောတူညီခဲ့ပြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ဆက်လက်ထောက်ခံတင်ပြခဲ့သည့်အတွက် ၁၁.၁၀.၂၀၂၂ ရက်နေ့တွင် ၇၅% တိုးမြှင့်ကောက်ခံမှုအား ခွင့်ပြုချက်ရရှိခဲ့သည့်အတွက် ယခင်တင်ပြပါကာလတွင် မြို့နယ်စည်ပင်သာယာရေး ဌာနနှင့် ဈေးနှုန်းသစ်ပြင်ဆင်ကောက်ခံမှုအတွက် သဘောတူစာချုပ် ချုပ်ဆိုနိုင်ရေး စာချုပ်ပြင်ဆင် ဆောင်ရွက်လျက်ရှိပါသည်။



၎င်းအပြင် ဝင်ငွေတိုးပွားရေးအတွက် ၁၀၅ မိုင်၊ မိုင်းယုလေးကျေးရွာအား အမှိုက်နှင့်မိလ္လာသိမ်းဆည်းရေး ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ၂၂.၇.၂၀၂၂ ရက်နေ့တွင် ၁၀၅မိုင်၊ မိုင်းယုလေးကျေးရွာ ဥက္ကဋ္ဌနှင့် ရပ်မိရပ်ဖများ









အား တွေ့ဆုံရှင်းလင်းတင်ပြခဲ့ပြီး၊ ၇.၈.၂၀၂၂ ရက်နေ့တွင် မိုင်းယုလေးကျေးရွာ အုပ်ချုပ်ရေးရုံး တွင် ကျေးရွာအတွင်း ရှိ ပြည်သူလူထုများအားတွေ့ဆုံ၍ အမှိုက်သိမ်းဆည်းရေး ဝန်ဆောင်မှုပေးမည့် အစီအစဉ်များအား ရှင်းလင်းတင်ပြခဲ့ပြီး၊ ၁၂.၈.၂၀၂၂ ရက်နေ့တွင် ကျေးရွာလူထုနှင့် အမ္ဗြာစက်မှုလုပ်ငန်း လီမိတက် တို့ပူးပေါင်း၍ လူထုလှုပ်ရှားမှု တစ်ရပ်အနေဖြင့် တုန်ခန်ကျေးရွာ မောင်းတံဂိတ် မှ OHC တိုးလ်ဂိတ်ထိ ပြည်ထောင်စုလမ်းမကြီး ဝဲ/ယာရှိ စည်းကမ်းမဲ့အမှိုက်များ သိမ်းဆည်းရှင်းလင်းခြင်းအား ဆောင်ရွက်နိုင်ခဲ့ကာ ၁၂.၈.၂၀၂၂ ရက်နေ့မှစ၍ ၁၀၅ မိုင်၊ မိုင်းယုလေး ကျေးရွာရှိ နယ်မြေ ၅ ခုအား ပုဇဉ်းခေါင်း ထော်လာဂျီယာဉ် ၁ စီးဖြင့် အမှိုက်သိမ်းဆည်းရေး ဝန်ဆောင်မှုလုပ်ငန်းအား စတင်ဆောင်ရွက် လျက်ရှိပါသည်။

စေရန် အထောက်အကူဖြစ်စေရေးတို့အတွက် ၂၅.၈.၂၀၂၂ ရက်မှ ၂၆.၈.၂၀၂၂ ရက်ထိ ၂ ရက်တာ ရက်တိုသင်တန်းအား ဆင်းရွှေလီခန်းမတွင် သင်ကြားပို့ချခဲ့ကာ ဝန်ထမ်းများ၏အရည်အသွေးနှင့် စိတ်ဓာတ်မြှင့်တင်ရေးတို့အား ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ထို့အပြင် မူဆယ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဦးဆောင် လမ်းညွှန်ကြီးကြပ်မှုဖြင့် ၂၀၂၂ ခုနှစ် မေလ မှစ၍ လစဉ် အနည်းဆုံး ၁ ကြိမ် မှ ၂ ကြိမ်အထိ မူဆယ်မြို့အတွင်း ခရိုင်ပြည်သူ့ဆေးရုံ၊ စာသင်ကျောင်း၊ ရုံးဌာနများ အတွင်းနှင့် ရပ်ကွက်များအတွင်း ဌာနဆိုင်ရာအဖွဲ့အစည်းဝန်ထမ်းများပါဝင်သော စုပေါင်းသန့်ရှင်းရေး လူထု လှုပ်ရှားမှုများ ပြုလုပ်မှုတွင် အမ္ဗြာစက်မှုလုပ်ငန်းလီမိတက်မှ ဝန်ထမ်း ၂၁ ဦး အမှိုက်သိမ်းယာဉ် ၂ စီး Backhoe Loader ၁ စီး တို့ဖြင့်





ကုမ္ပဏီအနေဖြင့် အခက်အခဲများအား ရင်ဆိုင်ဖြတ်ကျော်ရလျက်ရှိသော်လည်း ဝန်ထမ်းများအတွက် စိတ်ဓာတ်မြင့်မားရေး၊ ခံယူချက်ခိုင်မာစေရေး၊ ပြည်သူလူထုနှင့် ဆက်ဆံရာတွင် ပိုမိုပြေပြစ်မှုရှိစေရေးနှင့် လုပ်ငန်းအောင်မြင်

ပါဝင်လုပ်ငန်းဆောင်ပေးလျက်ရှိပါသည်။

အမ္ဗြာစက်မှုလုပ်ငန်းလီမိတက်ရှိ ဝန်ထမ်းများအနေဖြင့် ပုဂ္ဂလိကအမှိုက်နှင့်မိလ္လာသိမ်းဆည်းရေး ဝန်ဆောင်မှုလုပ်ငန်းအား အခက်အခဲအမျိုးမျိုးကြားမှ လုပ်ငန်းများရပ်





တန့်မှုမရှိစေရေး ကြိုးပန်းဆောင်ရွက်ခဲ့ သလို လုပ်ငန်းအား အထောက်အကူဖြစ်စေမည့် အမှိုက်သိမ်းယာဉ် ပုဇဉ်းခေါင်း ထော်လာဂျီ ၃ စီး ကိုလည်း ကုမ္ပဏီအနေဖြင့် ဝယ်ယူအားဖြည့်ခဲ့ပြီး စက်ချို့ယွင်း၍ ပြုပြင်နေရသော အမှိုက်သိမ်းယာဉ် လမ်းကြောင်း များအား ပျက်ကွက်မှုမရှိစေရန် အစားထိုး လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ၁၀၅ မိုင်၊ မိုင်းယုလေးကျေးရွာ အတွက် ဝန်ဆောင်မှုပေးရန် အသုံးပြုခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

အချုပ်အားဖြင့်တင်ပြရမည်ဆိုပါက အမြွာစက်မှု လုပ်ငန်းလီမိတက်အနေဖြင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် အတွင်း ပုဂ္ဂလိကအမှိုက်နှင့်မိလ္လာသိမ်းဆည်းရေးဝန်ဆောင်မှု လုပ်ငန်းအား အခက်အခဲများကြားမှ ပျက်ကွက်ရက်မရှိစေဘဲ လုပ်ငန်းအား ကြိုးစားဆောင်ရွက်ခဲ့သည့်အတွက် လုပ်ငန်းအရ အောင်မြင်မှုရှိခဲ့ ကြောင်း သုံးသပ်တွေ့ရှိရပြီး၊ ကမ္ဘာနှင့်အဝှမ်း ကြုံတွေ့ရသော စက်သုံးဆီဈေးနှုန်းမြင့်မားမှုနှင့် ငွေကြေး ဖောင်းပွမှု ဂယက်လှိုင်းများ ရိုက်ခတ်မှုကြောင့် ဘဏ္ဍာရေးပိုင်းအနေဖြင့် အမြတ်အစွန်းမရရှိခဲ့သော်လည်း လုပ်ငန်းများ အားသွန်ခွန်စိုက်ဆောင်ရွက်ခဲ့မှုကြောင့် အရှုံးကြီးမားစွာမရှိခဲ့သည်ကိုလည်း တွေ့ရှိရပါသည်။

ယခုအခါ သတ်မှတ်ဝန်ဆောင်ခနှုန်းထားအသစ်များအား စာချုပ်ချုပ်ဆိုပြီးချိန်တွင် အမြွာစက်မှု လုပ်ငန်းကုမ္ပဏီလီမိတက်အနေဖြင့် ပိုမိုအောင်မြင်အကျိုးဖြစ်ထွန်းအောင် ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း သုံးသပ်အစီရင်ခံ တင်ပြအပ်ပါသည်။







# အစီရင်ခံစာကဏ္ဍ


ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု အစီရင်ခံစာ ........ 94

ဆက်စပ်ပတ်သက်သူများနှင့် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ ........ 97

ဒါရိုက်တာများအဖွဲ့ ပုံမှန်အစည်းအဝေးတွင် ဒါရိုက်တာများတက်ရောက်မှု အစီရင်ခံစာ ........ 98

လူ့စွမ်းအားအရင်းအမြစ် အစီရင်ခံစာ ........ 99

ဝန်ထမ်းဖွံ့ဖြိုးရေးသင်တန်း ........ 101

လူမှုဝန်းကျင်နှင့် သဘာဝဝန်းကျင်ပူးပေါင်းတာဝန်ယူမှု ........ 102







# ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု အစီရင်ခံစာ

လုပ်ငန်းတိုင်းသည် စွန့်စားမှုများ သို့မဟုတ် ဆုံးရှုံးနိုင်ခြေ အခြေအနေများ အနည်းနှင့်အများ ရှိကြမည်သာဖြစ်သည်။ ဂရိတ်ဟော်ခမ်းသည် လုပ်ငန်း၏ ဆုံးရှုံးနိုင်ခြေ အခြေအနေများနှင့် ပတ်သက်ပြီး စီမံခန့်ခွဲရန် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ ထားရှိခြင်း၊ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုကော်မတီများ ဖွဲ့စည်းပြီး အနီးကပ် အကဲဖြတ်သုံးသပ်ခြင်း စသည်ဖြင့် လုပ်ငန်းတွင် စွန့်စားမှုများ နည်းသထက်နည်းစေရန် စီမံဆောင်ရွက်ပါသည်။

လုပ်ငန်း၏ ဆုံးရှုံးနိုင်ခြေ အခြေအနေနှင့်ပတ်သက်ပြီး ဂရိတ်ဟော်ခမ်းသည် ကြိုတင်တိုင်ပင် ဖော်ထုတ်ပြီး စီမံခန့်ခွဲသည့် နည်းလမ်းကို ကျင့်သုံးပါသည်။ ကြိုတင်မခန့်မှန်းနိုင်သော ဆုံးရှုံးနိုင်ခြေများ ဖြစ်ပေါ်လာပါကလည်း ကုမ္ပဏီပေါ် သက်ရောက်မှု နည်းသထက်နည်းစေရန် နည်းလမ်းများကို တိုင်ပင်ဖော်ထုတ်ခြင်း၊ ပြင်ပပညာရှင်များထံမှ အကြံဉာဏ်များ ရယူခြင်းများ စသည်ဖြင့် လိုအပ်သည်အားလျော်စွာ ဆောင်ရွက် လျက် ရှိပါသည်။

၂၀၂၁ - ၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါ ပြန့်ပွားမှု ကျသွားသော်လည်း နိုင်ငံရေး မတည်ငြိမ်မှု၊ ငွေကြေးဖောင်းပွမှုနှင့် ကုန်ဈေးနှုန်း ဆီဈေးနှုန်း မြင့်မားမှုများမှု စသည်များကြောင့် ဂရိတ်ဟော်ခမ်းအတွက် အများနည်းတူ အခက်အခဲနှင့် စိန်ခေါ်မှုများစွာ ကြုံတွေ့နေရလျက်ရှိသည်။ အခက်အခဲများကို အိတ်ဖွင့်ပေးစာကဏ္ဍတွင်လည်း အထိုက်အလျောက်ဆိုခဲ့ပြီးဖြစ်ပါသည်။ ကုမ္ပဏီ၏ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု ကော်မတီမှလည်းကောင်း၊ ဒါရိုက်တာများအဖွဲ့၏ ပုံမှန် အစည်းအဝေးဖြင့်လည်းကောင်း ကုမ္ပဏီမှ ကြုံတွေ့ခဲ့ရသော အခက်အခဲ အမျိုးမျိုးနှင့် ကြုံတွေ့နိုင်ဖွယ်ရှိသော အခက်အခဲ ပြဿနာများကို ဝိုင်းဝန်းဆွေးနွေး အဖြေရှာခြင်းဖြင့် စီမံဆုံးဖြတ်ကြပါသည်။ ဆုံးရှုံးနိုင်ခြေများကို လျှော့ချရန် ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ချက်များမှာ အောက်ပါ အတိုင်းဖြစ်ပါသည် -

## ကိုဗစ်-၁၉ ကပ်ရောဂါ ကြိုတင်ကာကွယ်ခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဌာနများ၏ ထုတ်ပြန်ချက်များအတိုင်း ကိုဗစ်-၁၉ ကပ်ရောဂါကို ကာကွယ်ရန် ဆောင်ရွက်ချက်အဖြစ်ဖြင့်

- မလိုအပ်ဘဲ ဝန်ထမ်းများ အပြင်မထွက်ရန် ရုံးတွင်း အမိန့်ထုတ်ထားခြင်း၊
- နှာခေါင်းစည်းနှင့် မျက်နှာဖုံးများကို အခမဲ့ ပံ့ပိုးပေးခြင်း၊
- မကြာခဏလက်ဆေးရန်အတွက် လက်ဆေးဆပ်ပြာနှင့် ရေကို ပြင်ဆင်ထားပေးခြင်း၊
- ရေမလို လက်ဆေးရည် (hand gel) များ အခမဲ့ ပံ့ပိုးပေးခြင်း၊
- ရုံးသို့ အလုပ်ဆင်းတိုင် ကိုယ်ပူချိန် တိုင်းတာခြင်းများကို ဆောင်ရွက်ပါသည်။

အစီရင်ခံသည့် ဘဏ္ဍာရေးနှစ်အတွင်း ဝန်ထမ်းများ အားလုံး ကိုဗစ် ကာကွယ်ဆေး ထိုးပြီးဖြစ်ပါသည်။ အချို့ ဝန်ထမ်းများမှာ စတုတ္ထအကြိမ်ထိ ထိုးပြီးဖြစ်ပါသည်။

## စီမံခန့်ခွဲမှု အသုံးစရိတ်လျှော့ချခြင်း

ကုမ္ပဏီသည် စီမံခန့်ခွဲမှုမှ ဖြစ်နိုင်သော စွန့်စားမှုများကို ကောင်းစွာနားလည်သည့်အလျောက် စီမံခန့်ခွဲမှုအပိုင်း၏ အားနည်းချက်များ၊ အပိုအလိုမရှိရစေရန် ဆောင်ရွက်စီမံ လျက်ရှိသည်။

လွန်ခဲ့သော ဘဏ္ဍာရေးနှစ် သုံးနှစ်အတွင်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တည်ဆောက်ရေးလုပ်ငန်းများ အဆ မတန် နည်းပါးခဲ့ပါသည်။ ကုမ္ပဏီ၏ အသုံးစရိတ်များကို အတိုင်း အတာတစ်ခုအထိ လျှော့ချရန် လိုအပ်သည် အားလျော်စွာ အကြံပေးကော်မတီကို ဆက်လက်ဆိုင်းငံ့ထားပါသည်။ မရှိမဖြစ် လိုအပ်သော အကြံပေးများကိုလည်း စီမံကိန်း အလိုက်သာ ခံ့ထားခဲ့ရပါသည်။ စီမံခန့်ခွဲမှုများကိုလည်း လူစွမ်းအား အနည်းဆုံးဖြင့် ကျစ်လစ်စွာ လည်ပတ်နိုင်ရန် ဆောင်ရွက်ခဲ့ပါသည်။ စီမံခန့်ခွဲမှုစရိတ်များကိုလည်း အထူးလိုအပ်မှသာ အသုံးပြုခြင်းဖြင့် စီမံခန့်ခွဲမှုစရိတ်ကို အတိုင်းအတာတစ်ခုအထိ လျှော့ချနိုင်ခဲ့ပါသည်။

ထို့ပြင် တည်ဆောက်ရေးလုပ်ငန်းများ နည်းပါးလာခြင်း၊ နယ်စပ်ပိတ်ဆို့မှုကြောင့် ကုန်ကြမ်းများ ဝယ်ယူတင်သွင်းရာတွင် ခက်ခဲပြီး စရိတ်စကများလွန်းခြင်း စသည်တို့ကြောင့် ကုမ္ပဏီခွဲများဖြစ်သော ကွန်ကရစ်ဓာတ်အားတိုးဆေးရည် ထုတ်လုပ်သည့် HPA Con-Gent Co., Ltd နှင့် တည်ဆောက်ရေးကုမ္ပဏီဖြစ်သည့် Hor-Tech Co., Ltd တို့ နှစ်ခုကို ဤအစီရင်ခံသည့် ဘဏ္ဍာရေးနှစ်အတွင်း အပြီး ဖျက်သိမ်းခဲ့ပါသည်။

## မူဆယ်မြို့ အမှိုက်နှင့် မိလ္လာသိမ်းဆည်းရေးလုပ်ငန်း

မူဆယ်မြို့ ပုဂ္ဂလိက အမှိုက်နှင့်မိလ္လာသိမ်းဆည်းရေး လုပ်ငန်းကို စတင်လည်ပတ်ခဲ့သည်မှာ နှစ်နှစ်ကျော်ခဲ့ပြီးဖြစ်ပါသည်။ မိမိတို့ မြို့ရွာ သာယာလှပရေးအတွက်နှင့် မိမိတို့ ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်း အတွန့်ရှည်စွာ လည်ပတ်နိုင်ရေးတို့အတွက် အဖက်ဖက်မှ အဖက်ဖက်မှ အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့သော်လည်း အမြတ်မဖော်နိုင်သေးဘဲ ဖြစ်နေပါသည်။ အကြောင်းမှာ စက်သုံးဆီဈေးနှုန်း အဆမတန် မြင့်တက်ခြင်းကြောင့် အမှိုက်နှင့် မိလ္လာသိမ်းဆည်းရေး လုပ်ငန်းမှ ရရှိသော ဝင်ငွေ ၅၀% ခန့်သည် စက်သုံးဆီအတွက်သာ ဖြစ်သွားခဲ့ရပါသည်။

ထို့ကြောင့် လစဉ်ဖြစ်ပေါ်လျက်ရှိသော အရှုံးများကို ကာမိစေရန် အမှိုက်သိမ်းဝန်ဆောင်ခကို လက်ရှိကောက်ခံလျက်ရှိသော အမှိုက်သိမ်းဝန်ဆောင်ခထက် ၇၅% တိုးမြှင့်ကောက်ခံနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

အမှိုက်သိမ်းယာဉ်လမ်းကြောင်းများ ပျက်ကွက်မှု မရှိစေရန် လက်ရှိ အသုံးပြုလျက်ရှိသော စက်/ယာဉ်/ယန္တရားမျိုးစုံ ၂၇ စီးအပြင် စက်ယာဉ်များ ချွတ်ယွင်းမှု တစ်ခုခုရှိခဲ့ပါက အစားထိုးအသုံးပြုနိုင်ရန် အမှိုက်သိမ်းယာဉ် ပုဇဉ်းခေါင်းထော်လာဂျီ ၃ စီး ကိုလည်း ဝယ်ယူအားဖြည့်ထားပါသည်။

အထက်ဖော်ပြပါ အမှိုက်သိမ်းဝန်ဆောင်ခ ၇၅% တိုးမြှင့်ကောက်ခံနိုင်ခြင်းနှင့် ၁၀၅ မိုင်၊ မူဆယ်မြို့တွင်းအပြင် မိုင်းယုလေးကျေးရွာသို့ထိ ဝန်ဆောင်မှု တိုးလာခြင်းကြောင့် လစဉ် အရှုံးများကို ကာမိနိုင်ပြီး အမြတ်ဖော်ထုတ်နိုင်မည် ဖြစ်သည်။

## ငွေကြေးလဲလှယ်မှုနှုန်းထားမှ ဆုံးရှုံးနိုင်ခြေ

လက်ရှိအချိန်တွင် ကုမ္ပဏီသည် နိုင်ငံခြားငွေကြေးဖြင့် ရယူပြီး ဆောင်ရွက်သည့် လုပ်ငန်းများ မရှိသေးသော်လည်း စီမံကိန်းတွင် အသုံးပြုသည့် အချို့သောကုန်ကြမ်းများ၊ နိုင်ငံခြား ပညာရှင်ဌာနမ်းခများ၊ နိုင်ငံခြားကုမ္ပဏီများနှင့် အချို့သော ပြည်တွင်းကုမ္ပဏီများ၏ ဝန်ဆောင်ခများမှာ နိုင်ငံခြားငွေကြေးဖြင့် ပေးဆောင်နေရပါသည်။ ထိုသို့ နိုင်ငံခြားငွေ အသုံးပြုခြင်းများတွင်ငွေကြေးလဲလှယ်မှုနှုန်း တဟုန်ထိုး အတက်အကျ ဖြစ်ခြင်းများသည် ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်မှုများကို ထိခိုက်နစ်နာစေနိုင်သည်။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံခြားငွေ လဲလှယ်နှုန်းထားမှာ ၂၅၀% ခန့်အထိ အတက်အကျရှိခဲ့ပါသည်။

ဂရိတ်ဟော်ခမ်းအနေဖြင့် မိမိတို့၏ လုပ်ပိုင်ခွင့်ရ ၂၀ မဂ္ဂါဝပ် နမ့်ပေါ်ရေအား လျှပ်စစ်စီမံကိန်းသည် စီမံကိန်းအတွက် လိုအပ်သည့် MOA MIC စသည့် လုပ်ငန်းကဏ္ဍများအဆင့်ဆင့် ဆောင်ရွက်ပြီးစီးခဲ့ပြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ကုမ္ပဏီအကြား လျှပ်စစ်ဓာတ်အား ဝယ်ယူရေးသဘောတူစာချုပ် ချုပ်ဆိုခဲ့ပြီးဖြစ်သော်လည်း အဆိုပါ ငွေကြေးဖောင်းပွမှုကြောင့် ဓာတ်အားခနှုန်းထားမှာ

လက်တွေ့မဆန် ဖြစ်ခဲ့ပါသည်။

စက်ယာဉ်ယန္တရားနှင့် ဆက်စပ်ပစ္စည်းများကို လွန်ခဲ့သည့် ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံခြားငွေဖြင့် အရစ်ကျစနစ် ဝယ်ယူခဲ့ရသည်။ အဆိုပါ နိုင်ငံခြားငွေဖြင့် ပေးရန်ရှိများကို ငွေကြေးလဲလှယ်မှုနှုန်းထားကြောင့် ၃ ဆနီးပါး ပေးချေနေရသကဲ့သို့ဖြစ်သည်။

လက်ရှိအခြေအနေတွင် ငွေကြေးလဲလှယ်မှုနှုန်းထားကြောင့် နောက်ထပ်ဖြစ်ပေါ်လာနိုင်မည့် ဆုံးရှုံးနိုင်ခြေများကို ကြိုတင်ကာကွယ်တားဆီးနိုင်ရန် စီမံကိန်းအတွက် ပြည်တွင်းဝန်ဆောင်မှုများကို ဖြစ်နိုင်သမျှ ဆုံးဖြတ်ထားပြီး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ကုမ္ပဏီခွဲများ ဖျက်သိမ်းခြင်း

မိမိတို့၏ ကုမ္ပဏီခွဲဖြစ်သော HPA Con-Gent Co., Ltd. သည် မန္တလေးမြို့တွင် စက်ရုံတည်၍ ကွန်ကရစ်ဓာတ်အားတိုးဆေးရည်ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်လာခဲ့ပါသည်။

အဆိုပါ ကွန်ကရစ်ဓာတ်အားတိုးဆေးရည် ထုတ်လုပ်ခြင်း လုပ်ငန်းကို တရုတ်ပညာရှင်နှင့် ပူးပေါင်းလုပ်ဆောင်ခြင်းဖြစ်ရာ ၂၀၁၉-၂၀၂၂ ဘဏ္ဍာရေးနှစ် ၃ နှစ်အတွင်းတွင် ကိုဗစ်-၁၉ ကပ် ရောဂါကြောင့် နိုင်ငံခြားပညာရှင်များ မလာနိုင်ခြင်း၊ နယ်စပ်ကုန်သွယ်မှု ပိတ်ဆို့ခြင်းကြောင့် ကုန်ကြမ်းများ တင်သွင်းမှုတွင် အခက်အခဲများစွာရှိခြင်း၊ ငွေလဲလှယ်မှုနှုန်းထားကြောင့် ကုန်ကြမ်းဈေးနှုန်း အဆမတန်မြင့်မားခြင်း၊ တည်ဆောက်ရေးလုပ်ငန်းကြီးများ အလွန်နည်းပါးသွားခြင်း စသည်တို့ကြောင့် စီးပွားရေးတွက်ချေကိုက်မှု မရှိသည့်အတွက် အဆိုပါ HPA Con-Gent Co., Ltd. ကို ဖျက်သိမ်းပြီးဖြစ်ပါသည်။ ထို့ပြင် တည်ဆောက်ရေး လုပ်ငန်းများ နည်းပါးသွားခြင်းကြောင့် လုပ်ငန်းလည်ပတ်မှုမရှိသည့် Hor-Tech ကုမ္ပဏီလီမိတက်ကိုလည်း ဖျက်သိမ်းခဲ့ပြီး ဖြစ်ပါသည်။

## ချေးငွေများ

လုပ်ငန်းလည်ပတ်မှုတွင် ရုတ်တရက် ငွေလိုအပ်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုတွင် ငွေလိုအပ်ခြင်း၊ စက်ပစ္စည်း ယန္တရားများ ဝယ်ယူမှုတွင် အကြွေးဖြင့် ဝယ်ခြင်း စသည်များကြောင့် လုပ်ငန်းတိုင်းတွင် အကြွေးများ ရှိနိုင်ပါသည်။ လုပ်ငန်း၏ ဝင်ငွေစီးဆင်းမှု အားကောင်းနေစဉ်တွင် အကြွေးအတွက် အခက်အခဲ မရှိနိုင်သော်လည်း လုပ်ငန်းဝင်ငွေစီးဆင်းမှု မကောင်းမွန်သောအခြေအနေမျိုးတွင် အကြွေး၏ အတိုးနှုန်းများသည် ကုမ္ပဏီ၏ ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု ဖြစ်လာနိုင်ပါသည်။

အကြွေး၏ အတိုးနှုန်းများကြောင့် ဖြစ်နိုင်သော ဆုံးရှုံးမှုများ လျော့ချစေရန် အကြွေးများကို တတ်နိုင်သမျှ အမြန်ဆုံး ပေးချေရန် ဒါရိုက်တာအဖွဲ့မှ စီမံဆုံးဖြတ်ထားပါသည်။



# ဆက်စပ်ပတ်သက်သူများနှင့် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ

ဆက်စပ်ပတ်သက်သူများဆိုသည်မှာ ကုမ္ပဏီ၏ အရာရှိများ၊ ယင်းတို့၏ မိသားစုဝင်များ၊ မိမိတို့ကုမ္ပဏီ၏ မိတ်ဖက်ကုမ္ပဏီများနှင့် အဖွဲ့အစည်းများ၊ မိမိတို့နှင့် ဖက်စပ်ကုမ္ပဏီများ၊ လက်အောက်ခံကုမ္ပဏီများ စသည်တို့ဖြစ်သည်။ အဆိုပါ ဆက်စပ်ပတ်သက်သူများနှင့် လုပ်ငန်းဆောင်ရွက်မှုသည် တရားဝင်သော်လည်း ရံဖန်ရံခါတွင် အကျိုးစီးပွားဆိုင်ရာပဋိပက္ခများ ရှိနိုင်ခြင်းကြောင့် ထိုသို့ ဆက်စပ်ပတ်သက်သူများနှင့် လုပ်ငန်းဆောင်ရွက်မှုရှိတိုင်း ကုမ္ပဏီက နစ်နာမှုမရှိစေရန် ဒါရိုက်တာအဖွဲ့အပါအဝင် သက်ဆိုင်ရာ အရာရှိများက ကြီးကြပ် ထိန်းသိမ်းရမည်ဖြစ်သည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ဆက်စပ်ပတ်သက်သူများနှင့် လုပ်ငန်းဆောင်ရွက်မှုများ

| စဉ် | အကြောင်းအရာ | ပမာဏ (ကျပ်သန်း) |
|---|---|---:|
| ပေးရန်ရှိများ | | |
| ၁ | ချေးငွေယူခြင်း | ၁၅၀ |

အဆိုပါ ဆက်စပ်ပတ်သက်သူများနှင့် လုပ်ငန်းဆောင်ရွက်မှုများသည် ကာလပေါက်ဈေးနှင့် နှိုင်းယှဉ်လျှင် ကြောင်းကျိုးဆီလျော်ကြောင်း၊ အကျိုးစီးပွားဆိုင်ရာ ပဋိပက္ခများနှင့် ဆက်စပ်ပတ်သက်မှုမရှိကြောင်း၊ ကုမ္ပဏီအပေါ်တွင်လည်း ဆိုးကျိုးသက်ရောက်စေမှုများ မရှိကြောင်း အစီရင်ခံအပ်ပါသည်။

## ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်

# ဒါရိုက်တာများအဖွဲ့ ပုံမှန်အစည်းအဝေးတွင် ဒါရိုက်တာများတက်ရောက်မှု အစီရင်ခံစာ

| စဉ် | အမည် | ရာထူး | တက်ရောက်မှု | ပျက်ကွက်မှု |
|---|---|---|---|---|
| ၁ | စိုင်းခိမ်ခမ်း | ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ | ၁၁ / ၁၁ | မရှိ |
| ၂ | စိုင်းရီမွန် | ဒါရိုက်တာအဖွဲ့ဝင် | ၁၁ / ၁၁ | မရှိ |
| ၃ | စိုင်းညီဆာ | ဒါရိုက်တာအဖွဲ့ဝင် | ၁၀ / ၁၁ | ၁ |
| ၄ | စိုင်းအုန်းမြင့် | ဒါရိုက်တာအဖွဲ့ဝင် | ၁၁ / ၁၁ | မရှိ |
| ၅ | စိုင်းသန်းထွန်း | ဒါရိုက်တာအဖွဲ့ဝင် | ၈ / ၁၁ | ၃ |
| ၆ | စိုင်းခွန်ကျော် | ဒါရိုက်တာအဖွဲ့ဝင် | ၁၁ / ၁၁ | မရှိ |
| ၇ | စိုင်းအောင်ကြည် | ဒါရိုက်တာ (စီ/ခန့်) | ၁၀ / ၁၁ | ၁ |
| ၈ | စိုင်းတင်အောင် | ဒါရိုက်တာ (စီ/ခန့်) | ၈ / ၁၁ | ၃ |

ဂရိတ်ဟော်ခမ်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာများအဖွဲ့ ပုံမှန်အစည်းအဝေးသည် နှစ်လ တစ်ကြိမ်အားဖြင့် တစ်နှစ်လျှင် ၆ ကြိမ်အထိ ကျင်းပပါသည်။ ပုံမှန်အစည်းအဝေးသည် သာမန်အားဖြင့် ကုမ္ပဏီ၏ ရုံးချုပ်တည်ရှိရာ မူဆယ်မြို့တွင် ကျင်းပလေ့ရှိပါသည်။ သို့သော် လုပ်ငန်းသဘောသဘာဝနှင့် အခြေအနေ အချိန်အခါအရ အခြားမြို့ သို့မဟုတ် အခြားနေရာဒေသတွင် ကျင်းပခြင်း၊ အွန်လိုင်းမှတစ်ဆင့် ကျင်းပခြင်းနှင့် အွန်လိုင်းမှတစ်ဆင့် တက်ရောက်ခြင်းများလည်း အကျုံးဝင်ပါသည်။

ကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းအရသော်လည်းကောင်း၊ ကုမ္ပဏီ၏ ကုမ္ပဏီစီမံအုပ်ချုပ်မှုစနစ်ရှိ ဒါရိုက်တာများ၏ စည်းမျဉ်းစည်းကမ်းအရသော်လည်းကောင်း ဒါရိုက်တာတိုင်းသည် ပုံမှန်အစည်းအဝေး၏ အနည်းဆုံး ၇၅% တက်ရောက်နိုင်ရမည် ဖြစ်သည်။ တစ်နည်းအားဖြင့် ဆိုရလျှင် အစည်းအဝေး ၆ ကြိမ်ထဲတွင် အနည်းဆုံး ၄ ကြိမ် တက်ရောက်နိုင်ရမည်ဖြစ်သည်။

ကုမ္ပဏီ၏ ဒါရိုက်တာများအားလုံးသည် အစည်းအဝေးတက်ရောက်နိုင်ခြင်းနှင့်ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် ဒါရိုက်တာများအဖွဲ့ စည်းမျဉ်းစည်းကမ်းအတိုင်း လိုက်နာကျင့်သုံးကြောင်း အစီရင်ခံအပ်ပါသည်။



# လူ့စွမ်းအားအရင်းအမြစ် အစီရင်ခံစာ

လူ့စွမ်းအားအရင်းအမြစ်သည် ဝန်ထမ်းရှာဖွေခြင်း၊ ဝန်ထမ်းစောင့်ရှောက်ကြည့်ရှုခြင်းနှင့် ကြီးကြပ်ခြင်း၊ လုပ်ငန်းတာဝန်များအတွက် သင်တန်းပေးခြင်း၊ ဝန်ထမ်း၏ ခံစားပိုင်ခွင့် အစီအစဉ်များသတ်မှတ်ခြင်းများတွင် စီမံဆောင်ရွက်သော ဌာနဖြစ်သည်။ ထို့ပြင် အဆိုပါဌာနသည် ဝန်ထမ်း၏ လစာစာရင်းများ၊ အသုံးစရိတ်များ၊ ဝန်ထမ်းအသစ်ခန့်ထားခြင်းများ၊ တာဝန်မှ ရပ်စဲစေခြင်း၊ ရာထူးတိုး မြှင့်ခြင်း၊ ဥပဒေသတ်မှတ်ချက်များနှင့်အညီ စည်းမျည်းစည်းကမ်းများ ထုတ်ပြန်ခြင်း စသည်များကိုလည်း စီမံဆောင်ရွက်ပါသည်။ ကုမ္ပဏီ၏ ရည်မှန်းချက် မျှော်မှန်းချက်များ အကောင်အထည်ဖော်နိုင်ရေး လိုအပ်သော အရည်အသွေးရှိ ဝန်ထမ်းများ ပံ့ပိုးပေးနိုင်ရန် အဓိကကျသော အခန်းကဏ္ဍတွင် ပါဝင်ပါသည်။ လူ့စွမ်းအား အရင်းအမြစ်ကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ရေးအတွက် သက်ဆိုင်ရာ မူဝါဒများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ဌာနများ၏ လုပ်ထုံးလုပ်နည်း (Standard Operating Procedure)များကို ပြုစုထားရှိပြီးဖြစ်သည်။ အဆိုပါ စည်းမျဉ်း စည်းကမ်းများနှင့် ဌာနများ၏ လုပ်ထုံးလုပ်နည်းများကိုလည်း အလျဉ်းသင့်သည်အားလျော်စွာ ပြန်လည်ပြင်ဆင်ခြင်းများလဲ ဆောင်ရွက်လျက်ရှိပါသည်။

## ဝန်ထမ်းအပြောင်းအလဲ

အကြောင်းအမျိုးမျိုးကြောင့် နုတ်ထွက်သွားသော ဝန်ထမ်းများရှိပါသည်။ ယင်းကဲ့သို့ နုတ်ထွက်သွားခြင်းကြောင့် လစ်လပ်နေရာတွင် မဖြစ်မနေလိုအပ်လျှင် အစားထိုးခြင်းဖြင့်ဖြစ်စေ၊ ကျန်သောဝန်ထမ်းများနှင့် ဝိုင်းဝန်းလုပ်ဆောင်နိုင်သည့် အခြေအနေမျိုးဖြစ်လျှင် ဝိုင်းဝန်းလုပ်ဆောင်ခြင်းဖြင့်ဖြစ်စေ ဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာရေးနှစ်အတွင်း ဝန်ထမ်းအပြောင်းအလဲ စုစုပေါင်း ၃၄ ဦးရှိပါသည်။ အများစုမှာ နေ့စား ဝန်ထမ်းများဖြစ်ပါသည်။

## အရာရှိများ နုတ်ထွက်မှု

၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် အရာရှိဝန်ထမ်းများ နုတ်ထွက်ခြင်းမရှိပါ။

## ဒါရိုက်တာဦးရေနှင့် အကြံပေးကော်မတီ အပြောင်းအလဲ

အရာရှိများနှင့် ဝန်ထမ်းများ၏ ခံစားခွင့်နှင့် လုပ်ခလစာသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း မခိုင်မာသေးသည့် တက်သစ်စကုမ္ပဏီများအတွက် ကြီးမားသော တာဝန်တစ်ခုဖြစ်သည်။ ဂရိတ်ပေါ်ခမ်းသည် ဤသဘောတရားကို ကောင်းမွန်စွာနားလည်သည့်အလျောက် ဒါရိုက်တာဦးရေနှင့် ဝန်ထမ်းဦးရေ ကျစ်လစ်ပြီး ဖောင်းပွမှုမရှိစေရန်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစပြီး ဆောင်ရွက်ခဲ့ပါသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ဒါရိုက်တာအဖွဲ့ဝင်ဦးရေ ၄ ဦးနှင့် အထွေထွေမန်နေဂျာအပါအဝင် စီမံခန့်ခွဲမှု

creating a better life

အဖွဲ့ဝင် ၆ ဦးရှိပါသည်။ လစ်လပ်နေသော ရာထူးများအတွက်လည်း လက်ရှိဝန်ထမ်းအင်အားဖြင့် လက်တွဲပြီး ဝိုင်းဝန်း ကူညီဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် ဝန်ထမ်းများနှင့် သက်ဆိုင်သော အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

**အမျိုးသားဝန်ထမ်း 82 %**
အမြဲတမ်းနှင့် နေ့စားများအားလုံး

**အမျိုးသမီးဝန်ထမ်း 18 %**
အမြဲတမ်းနှင့် နေ့စားများအားလုံး

### ဝန်ထမ်းဦးရေနှင့် ဝန်ထမ်းအပြောင်းအလဲ

| | | | |
|---|---|---|---|
| ၁ | အမြဲတမ်းဝန်ထမ်း | - | ၃၂ ဦး |
| ၂ | နေ့စားဝန်ထမ်း | - | ၃၈ ဦး |
| ၃ | အမြဲတမ်းဝန်ထမ်းအသစ်ခန့်ခြင်း | - | ၀ ဦး |
| ၄ | အမြဲတမ်းဝန်ထမ်းနုတ်ထွက်ခြင်း | - | ၁၁ ဦး |
| ၅ | နေ့စားဝန်ထမ်းအသစ်ခန့်ခြင်း | - | ၃၀ ဦး |
| ၆ | နေ့စားဝန်ထမ်းနုတ်ထွက်ခြင်း | - | ၂၅ ဦး |
| ၇ | စုစုပေါင်းဝန်ထမ်းဦးရေ | - | ၇၀ ဦး |

### ရာထူးတိုးမြှင့်ခြင်းနှင့် အရေးယူခြင်း

| | | | |
|---|---|---|---|
| ၁ | ရာထူးတိုးမြှင့်ခြင်း ဝန်ထမ်းအရေအတွက် | - | မရှိ |
| ၂ | ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ အရေးယူခြင်း | - | ၃ ဦး |

### လူမှုဖူလုံရေးဆောင်ရွက်ချက်များ

| | | | |
|---|---|---|---|
| ၁ | မီးဖွားမှုအတွက် အကျိုးခံစားခွင့် | - | မရှိ |
| ၂ | မီးနေစောင့်ရှောက်မှု အကျိုးခံစားခွင့် | - | မရှိ |
| ၃ | ဆေးကုသမှု အကျိုးခံစားခွင့် | - | မရှိ |





# ဝန်ထမ်းဖွံ့ဖြိုးရေးသင်တန်း

ဝန်ထမ်းများအတွက် စိတ်ဓာတ်မြင့်မားရေး၊ ခံယူချက်ခိုင်မာစေရေး၊ ပြည်သူလူထုနှင့်ဆက်ဆံရာတွင် ပိုမိုပြေပြစ်မှုရှိစေရေးနှင့် လုပ်ငန်းအောင်မြင်စေရန် အထောက်အကူဖြစ်စေရေးတို့အတွက် ဝန်ထမ်းများအား **အောင်မြင်ပျော်ရွှင်တန်ဖိုးရှိသောဘဝဖြင့် လုပ်ငန်းခွင်အတွင်း ဝန်ဆောင်မှုပေးခြင်း အတတ်ပညာသင်တန်း** (Life Management & Customer Services Training) ကို ၂၅-၈-၂၀၂၂ ရက်နေ့မှ ၂၆-၈-၂၀၂၂ ရက်နေ့အထိ ၂ ရက် တိုင်တိုင် ဆင်းရှေလီခန်းမ ကျင်းပခဲ့ပါသည်။ စိုင်းဆိုင်မိန်း (Founder & CEO, Kham Ku Institute) မှ သင်ကြားပို့ချခဲ့ပြီး အဆိုပါ သင်တန်းကို အမြွာစက်မှုလုပ်ငန်းလီမိတက်၏ မူဆယ်မြို့၊ ပုဂ္ဂလိက အမှိုက်နှင့် မိလ္လာသိမ်းဆည်းရေးဝန်ဆောင်မှုလုပ်ငန်းမှ ဝန်ထမ်း ၈၇ ဦး တက်ရောက်ခဲ့ပါသည်။








# လူမှုဝန်းကျင်နှင့် သဘာဝဝန်းကျင်ပူးပေါင်းတာဝန်ယူမှု

## Corporate Social Responsibility

ဂရိတ်ဟော်ခမ်းသည် အများပြည်သူ၏ စုပေါင်းမှုအင်အားဖြင့် ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီဖြစ်သည်နှင့် အညီ ရည်မှန်းချက်၊ မျှော်မှန်းချက်များအတိုင်း ဆောင်ရွက်နေပြီး၊ တစ်ဖက်တွင်လည်း အများပြည်သူအတွက် လူမှုဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စိမ်းလန်းစိုပြေသော သဘာဝဝန်းကျင် ဖြစ်ပေါ်လာရေးတို့အား တတ်အားသရွေ့ အစဉ်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။

ဤကဲ့သို့ လူမှုဝန်းကျင်နှင့် သဘာဝဝန်းကျင် ပူးပေါင်းတာဝန်ယူမှုများ ဆောင်ရွက်ရာတွင် ကုမ္ပဏီ၏ မူဝါဒများ အရ ပညာရေးသည် ပထမဦးစားပေး၊ ကျန်းမာရေးသည် ဒုတိယဦးစားပေးနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးသည် တတိယဦးစားပေး အနေဖြင့် ကဏ္ဍ ၃ ရပ်အား ဦးစားပေးမှုအဆင့်အလိုက် ကူညီပံ့ပိုးမှုများ ဆောင်ရွက်လျက်ရှိပါသည်။

အထက်ဖော်ပြပါ ပညာရေး၊ ကျန်းမာရေးနှင့် အခြေခံအဆောက်အအုံ သုံးရပ်အပြင် အခြားလူမှုရေးကိစ္စရပ်များကို လည်း သင့်လျော်သည်အားလျော်စွာ လူမှုဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင် ပူးပေါင်းတာဝန်ယူမှု ကော်မတီ၏ ဆုံးဖြတ် ချက်ဖြင့် စီစဉ်ဆောင်ရွက် ကူညီထောက်ပံ့ပါသည်။ ထိုသို့ ကူညီထောက်ပံ့မှုအတွက် စီစဉ်ဆုံးဖြတ်ရာတွင် ကော်မတီက ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်နိုင်မှု၊ အကျိုးအမြတ် ဖော်ဆောင်နိုင်မှု၊ စီမံကိန်းတစ်ခုခုနှင့် ဆက်စပ်ပတ်သက်မှု စသည့် အချက်များပေါ်ကို ထောက်ရှုပြီး ဆုံးဖြတ်ပါသည်။







လွန်ခဲ့သော ဘဏ္ဍာရေးနှစ် ၂ နှစ်အတွင်း ကိုဗစ်-၁၉ ကပ်ရောဂါ ပြန့်ပွားမှုကြောင့် ကျန်းမာရေးနှင့် ပတ်သက်သော ကူညီထောက်ပံ့မှု များစွာ ဆောင်ရွက်ခဲ့ပါသည်။ ယခု အစီရင်ခံသည့် ဘဏ္ဍာရေးနှစ် (ခြောက်လ)တွင်မူ အခြေခံအဆောက်အအုံကဏ္ဍဖြစ်သော လမ်းတည်ဆောက်မှုကိုသာ အလေးထား ကူညီနိုင်ခဲ့ပါသည်။ လွယ်တိန်ခမ်းလမ်းတည်ဆောက်မှုတွင် ရေသဲ ကျင်းပေါင်း ၇၀ တိုက်ခြင်းနှင့် ရေသဲ ၁၄၅ ကျင်းတို့ကို ကူညီပံ့ပိုးပေးခဲ့ပါသည်။

ထို့ပြင် အပတ်စဉ် စနေနေ့တိုင်းတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဦးစီးဦးဆောင်ပြီး ဌာနဆိုင်ရာများ အားလုံးပါဝင်သော မူဆယ်မြို့တွင်း စုပေါင်း သန့်ရှင်းရေး ဆောင်ရွက်ချက်သို့လည်း အပတ်တိုင်း ယာဉ်အင်အား ၂ စီးနှင့် လူအင်အား ၂၀ တို့ဖြင့် ပါဝင်ကူညီ ဆောင်ရွက်ပါသည်။ မြို့ရွာ သန့်ရှင်းသာယာလှပလျှင် မြို့နေလူထု၏ ကျန်းမာရေးကိုလည်း တစ်ဖက်တစ်လမ်းအားဖြင့် ကူညီနိုင်မည်ဖြစ်သည်။





creating a better life

# ဘဏ္ဍာရေး အစီရင်ခံစာကဏ္ဍ

STATEMENT OF MANAGEMENT RESPONSIBILITY ..... 106

Independent Auditor's Report ..... 107

FINANCIAL STATEMENT 2020-2021 Financial Year ..... 109

ဘဏ္ဍာရေးရှင်းတမ်းများရေးဆွဲခြင်းနှင့်ပတ်သက်၍ အကျဉ်းချုပ် အစီရင်ခံစာ ..... 122

# STATEMENT OF MANAGEMENT RESPONSIBILITY

GREAT HOR KHAM PUBLIC CO., LTD

## 2021 - 2022 FINANCIAL YEAR

### Statement of the Directors

Being Director of the "Great Hor Kham Public Company Limited" do hereby state that, in the opinion of the Directors, the accompanying Accounts made up to 31st March 2022 Schedules and Notes to the Accounts are Drawn up so as to give a true and fair view of the state of affairs of the company, and of the results of the company for the period ended on the date of this statement according to the section 258 and 264 of the Myanmar Company Law.

We believe the company will be able to pay its debts as and when they fall due and all account receivables are good and recoverable.

On behalf of the Board,



Sai Khun Kyaw
Deputy Managing Director
Great Hor Kham Public Co., Ltd.

creating a better life

# Independent Auditor's Report

to the Members of

GREAT HOR KHAM PUBLIC COMPANY LIMITED

We have audited the consolidated financial statements of Great Hor Kham Public Company Limited, which comprise the Consolidated Statement of Financial Position as at 31 March 2022, and the Consolidated Statement of Profit or Loss, Consolidated Statement of Changes in Equity and Consolidated Cash Flow Statement for the year ended, and summary of significant accounting policies and other explanatory notes.

## Management's Responsibilities for the Financial Statements

Management is responsibilities for the preparation and fair presentation of these consolidated financial statements in accordance with the Myanmar Financial Reporting Standards (MFRS). This responsibility include; designing, implementing and maintaining internal control relevant to the preparation and fair presentation of financial statements that are free from material misstatement, whether due to fraud or error, selecting and applying appropriate accounting policies, and making accounting estimates that are reasonable in the circumstances.

## Auditor's Responsibilities

Our responsibility is to express an opinion on theses consolidated financial statements based on our audit. We conducted our audit is in accordance with Myanmar Standards on Auditing. Those standards require that we comply with ethical requirement and plan and perform the audit to obtain reasonable assurance whether the consolidated financial statements are free from material misstatement. An audit involves performing procedures to obtain audit evidence about the amounts and disclosure in the consolidated financial statements. The procedures selected depend on the auditor's judgment, including the assessment of the risk of material misstatement of the consolidated financial statement, whether due to fraud or error. In making those risk assessments, the auditor considers internal control relevant to the entity's preparation and fair presentation of the financial statements in order to design audit procedures that are appropriate in the circumstances, but not for the purpose of expressing an opinion on the effectiveness of the entity's internal control. And Audit also include evaluating the appropriateness of accounting policies used and the reasonableness of accounting estimates made by management, as well as evaluating the overall presentation of the financial statements. We are also required to report, in accordance with Section 280 (a) and (b) of the Myanmar Companies Law, to the members of the Company, on the account examined by us. We believe that the audit evidence we have obtained is sufficient and appropriate to provide a basis for our audit opinion.

## Opinion

The financial statements give a true and fair view of the financial position of Great Hor Kham Public Company Limited as of 31 March 2022, and of its financial performance and its cash flow for the year then ended in accordance with Myanmar Financial Reporting Standards (MFRS) and the provision of Myanmar Companies Law.

## Report on other legal and regulatory requirement

In accordance with the provisions of Myanmar Companies Law, we also report that:

(a) We have obtained all the information and explanations we have required and

(b) Books of account have been maintained by the Company as required by Section 258 and 264 of the Myanmar Companies Law.

Kay Khine Khine Linn

Certified Public Accountant

Date : 18. 11. 2022

Daw Kay Khine Khine Linn
PPA-937
Certified Public Accountant

ICOP Sein Win & Associates Company Limited
No ..................
Date ..................

## Consolidated Statement of Financial Position as at 31st March 2022 (MMK)

| Description | Note | 2021-2022 | 2020-2021 |
|---|---|---|---|
| Asset | | | |
| Non-Current Assets | | | |
| TANGIBLE NON-CURRENT ASSETS | | | |
| Property, Plant and Equipment (at Cost Less accumulated depreciation) | 3 | 6,509,418,266 | 6,465,342,804 |
| Investment | | | |
| Project | 4 | 7,983,881,729 | 7,907,300,347 |
| Properties | 5 | 2,497,162,500 | 2,497,162,500 |
| Total Non-Current Assets | | 16,990,462,496 | 16,869,805,651 |
| | | | |
| Current Assets | | | |
| Inventory | 6 | 146,172,601 | 234,031,440 |
| Prepaid Expenses | 7 | 7,085,914 | 11,077,581 |
| Receivable Account | 8 | 1,019,444,753 | 59,607,076 |
| Cash & cash equivalent | 9 | 4,271,568 | 533,231,095 |
| Deposit Account | 10 | 55,777,076 | 61,128,426 |
| Advance Account | | 37,827,919 | 64,683,077 |
| Deffer Expenses | | 24,034,019 | 76,281,092 |
| Total Current Asset | | 1,294,613,849 | 1,040,039,787 |
| Total Assets | | 18,285,076,345 | 17,909,845,439 |
| | | | |
| Liabilities & Equity | | | |
| Current Liabilities | | | |
| Payable Account | 11 | 436,101,297 | 565,403,699 |
| Other payable | 12 | 867,475,910 | 806,949,951 |
| Provision | 13 | 232,356,254 | 207,589,570 |
| Short term loan | 14 | 2,400,480,017 | 2,331,629,758 |
| Total Current Liabilities | | 3,936,413,479 | 3,911,572,978 |

| Description | Note | 2021-2022 | 2020-2021 |
|---|---|---|---|
| Non Current Liabilities | | | |
| Long-team loan | | - | - |
| Total Non Current Liabilities | | - | - |
| | | | |
| Owner's Equity | | | |
| Issued & Paid up Capital | | 7,143,800,000 | 7,143,800,000 |
| Reserve | 15 | 7,376,706,423 | 7,376,706,423 |
| Retained Earning Account | 16 | (602,669,572) | (138,267,357) |
| Profit for the year | | 335,352,996 | (486,292,149) |
| Non-controlling interest | | 95,473,020 | 102,325,544 |
| Total Equity | | 14,348,662,867 | 13,998,272,460 |
| | | | |
| Total Capital & Liabilities | | 18,285,076,345 | 17,909,845,438 |

# Consolidated Statement of Profit or Loss and Other Comprehensive Income
## Oct 2021 to March 2022 (MMK)

| Description | Note | 2021-2022 | 2020-2021 |
|---|---|---|---|
| Revenue | 17 | 2,997,276,953.60 | 1,935,524,365.21 |
| Cost of Revenue | 18 | 2,197,589,930.05 | 1,636,313,292.84 |
| **Gross Profit** | | **799,687,023.56** | **299,211,072.38** |
| | | | |
| Other Income | 19 | 26,267.79 | 62,575,402.30 |
| | | | |
| **Expenses** | | | |
| Administration Expenses | 20 | 351,172,809.04 | 461,031,277.38 |
| Finance Costs | 21 | 119,481,175.49 | 236,488,127.28 |
| Currency Loss | | - | 139,366,179.80 |
| **Total Expense** | | **470,653,984.53** | **836,885,584.46** |
| | | | |
| Profit / (Loss) before tax | | 329,059,306.82 | (475,099,109.78) |
| Income Tax Expenses | | - | (5,460,019.31) |
| **Net profit / (Loss) after tax for the year** | | **329,059,306.82** | **(480,559,129.08)** |
| | | | |
| **Comprehensive Income for the period** | | **329,059,306.82** | **(480,559,129.08)** |
| | | | |
| **Profit attributable to:** | | | |
| Owners of the parent | | 335,352,996.27 | (486,292,149.35) |
| Non-controlling interest | | (6,293,689.45) | 5,733,020.27 |
| | | **329,059,306.82** | **(480,559,129.08)** |

# Consolidated Statement of Cash Flow as at for the half year ended 31 March 2022 (MMK)

| Description | 2021-2022 | 2021-2022 |
|---|---|---|
| CASH FLOWS FROM OPERATING ACTIVITIES | | |
| Profit/(Loss) After Tax | | 329,059,307 |
| Adjustments for : | | |
| Depreciation | 134,303,819 | |
| Prior Year Adjustment | 4,826,238 | |
| Loss on Dissolution Co., Ltd | (112,106,821) | |
| Fixed Asset Write-Off | 2,140,778 | |
| Total Adjustment | | 29,164,015 |
| **Operating Profit/(loss) before working capital changes** | | **358,223,321** |
| | | |
| (Increase)/Decrease : Investment | | 923,418,618 |
| (Increase)/Decrease : Inventory | | 88,158,843 |
| (Increase)/Decrease : Prepaid Expenses | | 3,991,667 |
| (Increase)/Decrease : Receivable | | (437,086,015) |
| (Increase)/Decrease : Deposit | | 3,830,000 |
| (Increase)/Decrease : Advance Account | | 23,381,934 |
| (Increase)/Decrease : Deffer Expenses | | 3,433,431 |
| Increase/(Decrease) : Payable | | (129,302,402) |
| Increase/(Decrease) : Other Payable | | 57,217,032 |
| Increase/(Decrease) : Provision | | 41,771,542 |
| Increase/(Decrease) : Short Term Loan | | 68,850,258 |
| Increase/(Decrease) : Current Account | | (887,893,179) |
| Increase/(Decrease) : Prepaid Income | | 2,613,500 |
| **Net Cash flow from (Used in) Operating activities** | | **120,608,551** |
| | | |
| CASH FLOWS FROM INVESTING ACTIVITIES | | |
| Sales / (Purchase) of Property, Plant and Equipment | | (180,520,060) |
| Sales / (Purchase) of Investment Property | | |
| **Net Cash flow (Used In)/From Investing activities** | | **(180,520,060)** |
| | | |
| CASH FLOWS FROM FINANCING ACTIVITIES | | |
| Increase/(Decrease) : Share Capital | | |
| **Net Cash flow (Used in)/from Financing activities** | | |
| **Net Increase / (Decrease ) In Cash and Cash Equivalents** | | **(59,911,509)** |
| Cash and cash equivalent at beginning of the year | | 64,183,077 |
| Cash and cash equivalent at end of the year | | **4,271,568** |

creating a better life

## STATEMENT OF CHANGES IN EQUITY AS AT 31 March 2022 (MMK)

| | Share Capital | Reserve | Retained Eranings | Non-Controlling Interest | Total |
|---|---|---|---|---|---|
| **As at 30 September 2021** | 7,143,800,000 | 7,376,706,423 | (624,559,506) | 102,325,544 | 13,998,272,460 |
| Issued of Share Capital | | | | | - |
| Prior Year Adjustment | | - | 21,889,935 | (558,835) | 21,331,100 |
| Loss of subsidiary (dissolution) | | | | | - |
| Net Profit/(Loss) for the year | | | 335,352,996 | (6,293,689) | 329,059,307 |
| **As at 31 March 2022** | **7,143,800,000** | **7,376,706,423** | **(267,316,575)** | **95,473,020** | **14,348,662,867** |

# Fixed Asset Schedule as at 31 March 2022 (MMK)

Note -3

| Sr. | Description | Original Cost (opening) | During the year | Disposal | Total | Depn: Rate | Opening Accum: Depn: | Disposal | Depreciation For the Year | Closing Accum: Depn: | Book Value |
|---|---|---|---|---|---|---|---|---|---|---|---|
| 1 | Land | 4,173,443,600 | - | | 4,173,443,600 | | - | - | - | - | 4,173,443,600 |
| 2 | Building | 1,672,847,043 | 1,228,700 | | 1,674,075,743 | 2.5% | 99,567,406 | 23,652,169 | - | 123,219,575 | 1,550,856,168 |
| 3 | Machinery | 634,649,343 | 152,550,050 | | 787,199,393 | 20.0% | 455,737,984 | 36,671,611 | - | 492,409,594 | 294,789,799 |
| 4 | Vehicles | 808,473,887 | 6,060,000 | | 814,533,887 | 20.0% | 416,571,389 | 57,720,259 | - | 474,291,649 | 340,242,238 |
| 5 | Survey Instrument | 37,306,700 | 5,852,500 | | 43,159,200 | 20.0% | 14,658,702 | 3,316,103 | - | 17,974,804 | 25,184,396 |
| 6 | Construction Equipment | 30,381,652 | 4,627,000 | | 35,008,652 | 20.0% | 12,523,962 | 2,903,880 | - | 15,427,842 | 19,580,810 |
| 7 | Furniture & Fitting | 37,394,850 | 4,659,010 | | 42,053,860 | 6.5% | 12,869,658 | 1,350,239 | - | 14,219,897 | 27,833,963 |
| 8 | Office Equipment | 185,575,309 | 3,204,500 | (3,187,860) | 185,591,949 | 20.0% | 112,998,984 | 6,764,193 | (1,047,082) | 118,716,095 | 66,875,854 |
| 9 | Geologist Equipment | 64,145,262 | - | | 64,145,262 | 20.0% | 64,145,233 | - | - | 64,145,233 | 29 |
| 10 | Laboratory Instrument | 41,035,190 | 2,338,300 | | 43,373,490 | 20.0% | 35,865,211 | 1,596,368 | | 37,461,579 | 5,911,911 |
| 11 | House Keeping Equip-ment | 8,016,400 | - | | 8,016,400 | 13.0% | 2,987,904 | 328,998 | - | 3,316,902 | 4,699,498 |
| | | **7,693,269,236** | **180,520,060** | **(3,187,860)** | **7,870,601,436** | | **1,227,926,432** | **134,303,819** | **(1,047,082)** | **1,361,183,170** | **6,509,418,266** |

| | |
|---|---|
| 1 | **GENERAL INFORMATION** |
| | **Directors** |
| | Sai Kheim Kham @ Than Zaw Oo |
| | Sai Ohn Myint |
| | Sai Than Tun |
| | Sai Khun Kyaw |
| | Sai Nyi Sar |
| | Sai Yi Mon |
| | |
| | **PRINCIPAL PLACE OF BUSINESS** |
| | Unit 21-22, Block 6, Corner Mingalar Aungmyin & Shwemoe Ngwemoe Street, Mingalar Muse, Taw Ywet Quarter, Muse Northan Shan State. |
| | |
| | **AUDITOR** |
| | ICOP Sein Win and Associates Company Limited |
| | Building 6, Room 323, Kyaikkasan Housing, Marlarnwe Street Tamwe Townshiop Yangon, Myanmar. |
| | |
| | **BANKERS** |
| | KBZ Bank |
| | YOMA Bank |
| | UAB Bank |
| | AYA Bank |
| | Myanmar Economic Bank |
| | Myanmar Apex Bank |
| | AGD Bank |
| | |
| | **REGISTRATION NUMBER** |
| | 103164249 |
| | **REGISTRATION DATE** |
| | 22th October, 2012 |
| | |
| 2 | **Summary of Significant Accounting Policies** |
| (a) | **Basis of Accounting** |
| | The accompanying financial statements of the company have been prepared in accordance with Myanmar Financial Reporting Standards and are based on historical (cost convention). |
| (b) | **Foreign Currency Translation** |

Items included in the financial statement of the company are measured using the currency of primary economic environment in which the entity operates (the 'functional currency'). The financial statements are presented in kyat, which is the functional and presentation currency of the company.

(c) **Use of estimates and judgments**

The preparation of financial statement in uniformity with MFRS requires management to make judgments, estimates and assumption that affect the application of accounting policies and the reported amounts of assets, liabilities, income and expenses. Actual result may differ from these estimates. Estimate and underlying assumptions are reviewed on an ongoing basis. Revisions to accounting estimates are recognised in the period in which the estimates are revised and in any future periods affected.

(d) **Inventories**

Inventories are carried at the lower of cost and net realizable value (NRV).

(e) **Cash and Cash Equivalents**

Cash and Cash Equivalents comprise cash on hand and cash at bank that form and integral Part of the company's cash management

(f) **Liabilities and Provisions**

These amounts are recognized initially at statement of Financial Position with historical costs

(g) **Share Capital**

Issued and 100% fully paid-up shares are recognized as Issued and Paid-up Share Capital in Equity

(h) **Revenue Recognition**

Mainly revenue is construction service and recognized as per the completion of work

(i) **Corporate Tax Expense**

Corporate Tax Expense is determined on the accounting profit for the accounting year

(j) **Related Parties**

A related party is defined as follows:

(a) A person or a close member of that person 's family is related to the Company of that person

- (i) Has Control or joint control over the Company;
- (ii) Has significant influence over the Company; or
- (iii) Is a member of the key management personnel of the Company or of a parent of the head office of the Company

(b) An entity is related to the Company if any of the following conditions applies:

- (i) The entity and the Company are members of the same group (which means that each parent),
- (ii) One entity is an associate or joint venture of the other entity (or an associate or joint venture of a member of a group of which the other entity is a member);
- (iii) Both entities are joint ventures of the same third party;
- (iv) One entity is a joint venture of a third entity and the other entity is an associate of the third entity ;
- (v) The entity is a post-employment benefit plan for the benefit of employees of either the Company or an entity related to the Company. If the Company is itself such a plan, the sponsoring employers are also related to the Company;
- (vi) The entity is controlled or jointly controlled by a person identified in (a); or
- (vii) A person identified in (a) (i) has significant influence over the entity or is a member of the key management personnel of the entity (or of a parent of the entity).
- (viii) The entity providing services, which usually are done by a member of the key management personnel (Management entities)

| Note | Description | 2021-2022 | 2020-2021 |
|---|---|---|---|
| 4 | Investment Project | | |
| | Nanpaw Hydropower Project | 7,885,501,764 | 7,808,920,382 |
| | Golden Paradise Project | 98,379,965 | 98,379,965 |
| | | 7,983,881,729 | 7,907,300,347 |
| 5 | Investment Properties | | |
| | Mingalar Muse Shop house (7)unit | 2,197,462,500 | 2,197,462,500 |
| | Pyin Oo Lwin Land | 299,700,000 | 299,700,000 |
| | | 2,497,162,500 | 2,497,162,500 |
| 6 | Inventory | | |
| | General Store Stock | 77,446,911 | 115,361,345 |
| | Petroleum & Lubricant Store Stock | 22,076,325 | 36,214,972 |
| | Raw Material For Batching Plant | 42,440,356 | 59,938,139 |
| | Laboratory Equipment | | 5,720,302 |
| | Sand Stock, for sale | 936,708 | 936,708 |
| | Stationary Stock | 2,339,800 | 2,539,400 |
| | Uniform Stock | 932,500 | 13,320,574 |
| | | 146,172,601 | 234,031,440 |
| 7 | Prepaid Account | | |
| | Prepaid Income Tax | 6,040,081 | 6,040,081 |
| | Prepaid Expenses | 1,045,833 | 5,037,500 |
| | | 7,085,914 | 11,077,581 |
| 8 | Receivable Account | | |
| | MCGC Co., Ltd | 60,510,930 | 49,274,430 |
| | Other Customer | 7,225,041 | 52,965,618 |
| | Soild Waste Services | 50,503,500 | 41,891,000 |
| | CCH Co., Ltd | 18,481,583 | 18,481,583 |
| | Loi Tain Kham | 13,580,629 | |
| | Cornerstone Myanamar Company Limited | 357,536,431 | |
| | Ngwe ZinYaw Housing Project | 3,800,000 | |
| | Shwe Lean In Co., Ltd | 442,307,140 | |
| | Kenbo (Earth Work) | 65,499,500 | |
| | Customer Laboratory Instrument | | 10,646,169 |
| | Oriental Highway Co., Ltd | | 352,622,296 |
| | TanLwin Yoma Plant | | 7,350,000 |
| | | 1,019,444,753 | 533,231,095 |
| 9 | Cash & Cash Equivalents | | |
| | Cash in hand | 1,050,213 | 17,807,817 |
| | KBZ Bank Account ( AC-00960300901343601) | | |

| Note | Description | 2021-2022 | 2020-2021 |
|---|---|---|---|
| | KBZ Bank Account (AC-20610920600682401, USD) | 274,240 | 274,240 |
| | KBZ Bank Account ( AC-00950200900339701) | 433,586 | 429,248 |
| | KBZ Bank Account ( AC-00910200900339701) | 10,000 | 10,000 |
| | AGD Bank (AC - 3071130000027) | 50,000 | 50,000 |
| | Myanmar Apex Bank (AC - 0060123006002101015) | 48,190 | 50,000 |
| | United Amara Bank (AC -007100100014501) | 599,729 | 582,181 |
| | United Amara Bank (AC -007010100001350) | 218,178 | 218,178 |
| | Yoma Bank (AC -000510290500067) Current A/C | 2,000 | 2,000 |
| | Yoma Bank (AC-000545175500338) | 216,746 | 224,765 |
| | Myanmar Economic Bank - Muse (AC-CP003372) | 744,698 | 45,014,698 |
| | AYA Bank (AC - 0010103012386561) | 9,950 | 9,950 |
| | Myanmar Economic Bank - NPT (CG-000149) | 10,000 | 10,000 |
| | Myanmar Economic Bank-Muse (RMB-03060) | 85,700 | |
| | Cash in hand (HPA) | 329,476 | |
| | Cash in hand (Twins) | 188,861 | |
| | | 4,271,568 | 64,683,077 |
| 10 | Deposit Account | | |
| | Solid Waste Services to MME Bank | 50,000,000 | 50,000,000 |
| | Tender Si Bin to MME Bank | 5,777,076 | 9,607,076 |
| | | 55,777,076 | 59,607,076 |
| 11 | Payable Account | | |
| | Supplier Petroleum | 78,949,349 | 42,732,692 |
| | Delivery Dump Truck Group | 53,454,342 | 210,305,187 |
| | Sub-Contractors | 49,090,133 | 42,111,128 |
| | Supplier Crushed Stone | 54,776,921 | 78,508,315 |
| | Supplier Construction Materials | 120,580,748 | 132,236,480 |
| | Supplier Harvey Equipment Tools Materials | 43,530,312 | 35,826,797 |
| | Supplier Rental | 32,719,492 | 17,043,100 |
| | Supplier Raw Material | - | 3,640,000 |
| | Other Payable | 3,000,000 | 3,000,000 |
| | | 436,101,297 | 565,403,699 |
| | | | |
| 12 | Other Payable | | |
| | Loan Interests | 305,222,457 | 318,705,412 |
| | Payable Salary | 85,107,392 | 85,107,392 |
| | Purchases Shop Hosue Block 6# 7 | 41,323,113 | 41,323,113 |
| | Rental Office Hill Top Condo | 25,000,000 | 25,000,000 |
| | Rental Machinery & Office and Machinery Materials | 32,046,000 | 32,046,000 |

| Note | Description | 2021-2022 | 2020-2021 |
|---|---|---|---|
| | Option Right Issuse Share | 62,000,000 | 62,000,000 |
| | Ruili Jian Yi Decoration Co.,Ltd (Shop House Decoration) | 15,015,015 | 15,015,015 |
| | Mr Yan Fa Htun (Contractor, NPHPP) | 120,078,753 | 123,493,753 |
| | MiGaDa Pagoda Project | 32,567,378 | 40,086,378 |
| | Suspense | 33,870,611 | 16,228,772 |
| | Advance Income | 2,927,500 | 17,836,800 |
| | Purchase Asset | 91,835,461 | 30,107,317 |
| | MK Plant | 10,150,000 | - |
| | Raw Materials For Admixture & Rental Land | 4,673,331 | - |
| | Road Eng Software Fees | 5,658,900 | - |
| | | **867,475,910** | **806,949,951** |
| 13 | **Provision** | | |
| | Provision for Dividend | 24,860,000 | 24,860,000 |
| | Provision for Taxation | 207,496,254 | 182,729,570 |
| | | 232,356,254 | 207,589,570 |
| 14 | **Short Term Loan** | | |
| | Cash Loan | 1,502,010,550 | 1,409,593,792 |
| | Bank Loan | 898,469,468 | 922,035,966 |
| | | **2,400,480,017** | **2,331,629,758** |
| | | | |
| 15 | **Reserve** | | |
| | Revaluation of Fixed Asset & Investment Properties | 3,734,906,563 | 3,734,906,563 |
| | Share Premium | 3,768,934,860 | 3,768,934,860 |
| | Discount of Premium | (127,135,000) | (127,135,000) |
| | | 7,376,706,423 | 7,376,706,423 |
| 16 | **Retained Earning Account** | | |
| | Retained Earning Opening | (624,559,506) | (214,675,045) |
| | Adjustment | 21,889,935 | 76,407,688 |
| | | **(602,669,572)** | **(138,267,357)** |
| 17 | **Revenue** | | |
| | Construction business income (Contract) | | |
| | Concrete Road (Loi Tain Kham Pagoda) | 390,797,551 | 131,161,143 |
| | Concrete Work (Export & Import Goods Transit Yard) | 665,140,610 | |
| | Drain Work (Export & Import Goods Transit Yard) | 142,873,143 | |
| | Earth Work (Ngwe Zin Yaw Housing ) | 25,028,571 | 36,085,714 |
| | Earth Work (Kenbo Suger Factory) | 114,902,857 | |
| | Nam Hsang Reservoir Project | 1,007,177,553 | |

| Note | Description | 2021-2022 | 2020-2021 |
|---|---|---|---|
| | Machinery Rental Work | 54,559,048 | 3,647,619 |
| | Concrete Road (Muse-NanKham Road) | | 225,849,696 |
| | Concrete Road (Sai Brother ) | | 29,391,067 |
| | Concrete Road (Industry Road, SiBin Tinder Road) | | 72,952,381 |
| | Concrete Road (45 Khone Road, SiBin Tinder Road) | | 108,413,333 |
| | Earth Work (MCBD) | | 82,210,000 |
| | Transporting Work (Sand,Earth,Crush Stone) | | 1,722,857 |
| | Rotary Kiln Plant Extension (Conner Stone C., Ltd) | | 6,904,762 |
| | Paving & Transporting CS-3 | | 26,139,715 |
| | Technical services | | |
| | Service Income Laboratory | 6,947,143 | 10,418,647 |
| | Service Income Survey | 4,761,905 | 25,904,762 |
| | Solid Waste Services | | - |
| | Sewerage Services | 56,485,140 | 78,396,400 |
| | Waste Services | 358,045,619 | 514,726,762 |
| | Manufacturing and Trading Business | | - |
| | Sale of Ready mixed Concrete | 117,278,767 | 350,009,894 |
| | Sale of River Sand | 48,707,619 | 92,066,286 |
| | Sale of Byone | | 533,333 |
| | Sale of Laboratory Instrument | 71,429 | 6,241,905 |
| | Sale of Survey Instrument | | 540,000 |
| | Sale of Admixture | 4,500,000 | 132,208,090 |
| | | **2,997,276,954** | **1,935,524,365** |
| 18 | Cost of Goods Sold | | |
| | Construction Materials | 682,221,520 | 435,759,606 |
| | Instrument | 7,486,122 | 3,745,000 |
| | Labour & Contract | 344,685,601 | 86,029,200 |
| | Petroleum | 425,272,404 | 172,266,837 |
| | Repair & Maintenance | 246,997,495 | 199,337,965 |
| | Rental | 74,500,167 | 4,850,000 |
| | Operating Expenses | 241,499,918 | 321,145,035 |
| | Administrative Expenses | 59,058,445 | 40,154,604 |
| | Admixture Raw Material | 3,827,589 | 60,760,763 |
| | Labour Charges | | 3,584,500 |
| | Overhead | | 1,707,985 |
| | Depreciation | 112,040,669 | 306,971,799 |
| | | **2,197,589,930** | **1,636,313,293** |

| Note | Description | 2021-2022 | 2020-2021 |
|---|---|---|---|
| 19 | Other Income | | |
| | Finance Income (Operating purposes) | 26,268 | 288,097 |
| | Sale of Used Stock Material | | 412,323 |
| | Adjustment, Gain / Loss (Rate & Stock) | | 54,868,984 |
| | Exchange Currency Gain & Loss | | - |
| | Disposal of Fixed Asset | | 391,667 |
| | Miscellaneous Other Income | | 6,614,331 |
| | | **26,268** | **62,575,402** |
| 20 | Administration Expenses | | |
| | Petroleum | 26,207,106 | 21,803,049 |
| | Repair & Maintenance | 33,936,449 | 23,222,284 |
| | Rental Expenses | 9,199,998 | 30,208,000 |
| | Staff Expenses | 150,105,992 | 226,368,125 |
| | Administrative Expenses | 109,460,114 | 102,882,087 |
| | Initial Public Offering Expenses (IPO) | | 3,780,550 |
| | Selling & Distribution (HPA) | | 5,976,000 |
| | Depreciation | 22,263,150 | 46,791,182 |
| | | **351,172,809** | **461,031,277** |
| 21 | Finance Cost | | |
| | Interests | 74,952,006 | 147,298,330 |
| | Bank Interests | 44,529,169 | 89,189,797 |
| | | **119,481,175** | **236,488,127** |

# ဘဏ္ဍာရေးရှင်းတမ်းများရေးဆွဲခြင်းနှင့်ပတ်သက်၍ အကျဉ်းချုပ် အစီရင်ခံစာ

## ၁။ ဘဏ္ဍာရေးအစီရင်ခံစာရေးဆွဲရာတွင် အသုံးပြုထားသောမူဝါဒများ

ရေးဆွဲတင်ပြထားသော အချက်အလက်များသည် ဂရိတ်ဟော်ခမ်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၊ မိခင်ကုမ္ပဏီနှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီတို့၏ ဘဏ္ဍာရေးဆိုင်ရာအချက်အလက်များအား ပူးပေါင်းရေးဆွဲထားခြင်းဖြစ်ရာ အဆိုပါအချက်များထဲမှ ထူးခြားသောစာရင်းကိုင်မူဝါဒနှင့်ပတ်သက်သည့် အချက်အလက်အချို့ကို ကောက်နုတ်ဖော်ပြထားခြင်းဖြစ်ပါသည်။

### (က) စာရင်းကိုင်စံများနှင့် ဥပဒေများ

ဂရိတ်ဟော်ခမ်းအနေနှင့် မြန်မာနိုင်ငံ၏ စာရင်းအင်းပိုင်းဆိုင်ရာရေးဆွဲရာတွင် နိုင်ငံတကာအဆင့်နှင့်အညီ ပြဋ္ဌာန်းထားသောစာရင်း စာရင်းကိုင်စံများဖြစ်သော မြန်မာနိုင်ငံဘဏ္ဍာရေးအစီရင်ခံခြင်းစံ (Myanmar Financial Reporting Standards)နှင့် ရေးဆွဲထားပါသည်။

တန်ဖိုးလျော့လျာထားခြင်းများ၊ ကုန်သွယ်ခွန်၊ ဝင်ငွေခွန်နှင့် အခြားအခွန်အကောက်များနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဌာနအသီးသီးမှ သတ်မှတ်ပြဋ္ဌာန်းထားသော စည်းမျဉ်းစည်းကမ်းများအပေါ်အခြေခံကာ ရေးဆွဲထားခြင်းဖြစ်ပါသည်။

### (ခ) ရေးဆွဲရာတွင်အသုံးပြုသောအခြေခံမှု

ဘဏ္ဍာရေးဆိုင်ရာအချက်အလက်များသည် အများအားဖြင့် သုံးစွဲသည့်အတိတ်ကာလ၏ ကိန်းဂဏန်းများ (Historical cost convention) အပေါ် အခြေခံကာ ရေးဆွဲထားသော်လည်း အောက်ပါအချက်များမှာ အတိတ်ကာလ၏ ကိန်းဂဏန်းများဖြင့် ရေးဆွဲခြင်းမဟုတ်ဘဲ ကာလအလိုက်သင့်တင်သည့်နှုန်းထားဖြင့် တန်ဖိုးသင့်ဖော်ပြထားပါသည်

- ရောင်းရန်ရည်ရွယ်၍ ဝယ်ယူထားသော ပုံသေပိုင်ပစ္စည်းများနှင့် ၎င်းတို့နှင့်ပတ်သက်သည့် ပေးရန်တာဝန်များ၊ ၎င်း၏တန်ဖိုးများအား ကာလပေါက်စျေးအလိုက်သင့်တင့်သည့်နှုန်းဖြင့် ဖော်ပြထားခြင်း၊
- ထိုအပြင် မိမိတို့လုပ်ငန်းအနေဖြင့် ကာလကြာရှည် တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အချို့သော အချက်အလက်များကို လုပ်ငန်းပြီးစီးမှုရာခိုင်နှုန်းဖြင့် အနီးစပ်ဆုံးကြိုတင်ခန့်မှန်းကာ ရေးဆွဲတင်ပြထားခြင်း၊
- ကြိုတင်ခန့်မှန်းချက်နှင့် အမှန်ရလဒ်အကြား ခြားနားချက်များအား လုပ်ငန်းကာလပြီးဆုံးသည့်အချိန်မှ လိုအပ်ချက်များအား ညှိနှိုင်းရေးဆွဲခြင်း။

### (ဂ) ရေးဆွဲသည့်ပုံစံ

ဂရိတ်ဟော်ခမ်းအနေဖြင့် လက်အောက်ခံကုမ္ပဏီများဖွင့်လှစ်၍ လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ ဘဏ္ဍာရေးဆိုင်ရာစာရင်းအင်းများနှင့်ပတ်သက်၍ Consolidated Financial Statement ကို အချုပ်အနေဖြင့် ရေးဆွဲတင်ပြရာတွင် မြန်မာနိုင်ငံဘဏ္ဍာရေးအစီရင်ခံခြင်းစံ MFRS တွင် ပြဋ္ဌာန်းချက်များနှင့်အညီ Historical cost convention နည်းကို အသုံးပြုထားခြင်း ဖြစ်ပါသည်။ ထို့အပြင် မိမိတို့ရေးဆွဲထားသောစာရင်းများတွင် မိခင်ကုမ္ပဏီနှင့် လက်အောက်ခံကုမ္ပဏီအကြား ဆောင်ရွက်သော လုပ်ငန်းကိစ္စများနှင့်ပတ်သက်သည့် ရငွေများ၊ အမြတ်များကိုဖယ်ချန်၍ လုပ်ငန်းပြင်ပမှ အမှန်တကယ်ရသော လုပ်ငန်းလုပ်ဆောင်ချက်များနှင့်ပတ်သက်သည့် ရငွေ၊ သုံးငွေများကိုသာ ရေးဆွဲထားခြင်းကြောင့် လုပ်ငန်း၏ မှန်ကန်သော ဘဏ္ဍာရေးစာရင်းကိုသာ ထင်ဟပ်ပေါ်လွင်စေသောနည်းဖြင့် တင်ပြထားခြင်းဖြစ်

creating a better life

ပါသည်။

## (ဃ) အသုံးပြုငွေကြေးများ

ဘဏ္ဍာရေးဆိုင်ရာစာရင်းများရေးဆွဲရာတွင် အသုံးပြုသော ငွေကြေးများကိုဖော်ပြရာ၌ လုပ်ငန်းလုပ်ဆောင်ရာနေရာဒေသ၊ တိုင်းပြည်အတွင်း သုံးစွဲနေသောငွေကြေးအား လုပ်ငန်း၏ ဘဏ္ဍာရေးဆိုင်ရာ ကိုယ်စားပြုငွေကြေးအနေနှင့် ဖော်ပြလေ့ရှိရာ ယခုရေးဆွဲ တင်ပြချက်မှာလည်း မြန်မာကျပ်ငွေကိုသာ စာရင်းရေးဆွဲတင်ပြထားပါသည်။

နိုင်ငံခြားငွေသုံးစွဲရသော တည်ဆောက်ရေးလုပ်ငန်းများမှ ရငွေ၊ သုံးငွေများအတွက် ငွေအမှန်တကယ်ပေးချေသောအချိန်တွင် လဲလှယ်ရသော ပေါက်ဈေးကိုအခြေခံကာ ရေးဆွဲတင်ထားခြင်းဖြစ်ပါသည်။ ထို့သို့ ငွေကြေးလဲလှယ်သုံးစွဲရာမှ ဖြစ်ပေါ်လာသော ငွေကြေးလဲလှယ်ခြင်းဆိုင်ရာ အရှုံးအမြတ်များအပြင် Monetary assets and liabilities များအတွက် သုံးစွဲမှုနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသော အရှုံးအမြတ်များကိုလည်း နှစ်ကုန်ဆုံးချိန်တွင်ရှိသော ငွ ေလဲလှယ်နှုန်းထားဖြင့် အရှုံးအမြတ်စာရင်းတွင် ထည့်သွင်းရေးဆွဲပါသည်။

## ၂။ လုပ်ငန်းစုစုပေါင်း၏ဘဏ္ဍာရေးအခြေအနေ

### (က) ပုံသေပိုင်ပစ္စည်းများ

ပုံသေပိုင်ပစ္စည်းများကိုဖော်ပြရာတွင် ပစ္စည်း၏မူလတန်ဖိုးကို ကာလအလိုက် ပြန်လည်တန်ဖိုးသင့်ထားသော တန်ဖိုးမှ စုစုပေါင်းတန်ဖိုးလျော့နှင့် ပစ္စည်း၏ impairment costs ပမာဏအားနုတ်ဖယ်၍ အသားတင်တန်ဖိုးဖြင့် ဖော်ပြထားခြင်းဖြစ်သည်။ နှစ်အလိုက်တန်ဖိုးလျော့နှုန်းထားများကို အောက်တွင် ဖော်ပြထားပါသည်။ တန်ဖိုးလျော့နည်းကို ပစ္စည်း၏ အသုံးပြုနိုင်သော သက်တမ်းအလိုက် မျဉ်းဖြောင့်နည်းကို အသုံးပြုတွက်ချက်ထားပါသည်။

မြေနှင့် အဆောက်အအုံများနှင့်ပတ်သက်၍ ကာလအလိုက် ဈေးကွက်ပေါက်ဈေးအပေါ် အခြေခံတွက်ချက်ထား

| | | |
|---|---|---|
| • အဆောက်အဦး | - | ၂% & ၁၀% |
| • စက်ယန္တရားနှင့် စက်ပစ္စည်းများ | - | ၂၀% |
| • မော်တော်ယာဉ်များ | - | ၁၂.၅% & ၂၀% |
| • မြေတိုင်းတာရေးကိရိယာများ | - | ၁၀% |
| • တည်ဆောက်ရေးကိရိယာများ | - | ၁၀% |
| • ကွန်ပျူတာနှင့် စက်ပစ္စည်းများ | - | ၂၀% |
| • ပရိဘောဂပစ္စည်းများ | - | ၅% |
| • ဘူမိဗေဒဆိုင်ရာပစ္စည်းများ | - | ၂၀% |
| • ဓာတ်ခွဲခန်းဆိုင်ရာ ကိရိယာများ | - | ၂၀% |
| • အိမ်သုံးပစ္စည်းများ | - | ၆.၂၅% |

ရာ အဆိုပါတန်ဖိုးအား အဖွဲ့အစည်းနှင့်မသက်ဆိုင်သော ပြင်ပတန်ဖိုးသင့်သူများ၏ တန်ဖိုးသင့်မှုအပေါ် အခြေခံကာ ရယူထားခြင်းမှ တန်ဖိုးလျော့အား နုတ်ဖယ်ဖော်ပြထားခြင်းဖြစ်ပါသည်။ အခြားသော ပုံသေပိုင်ပစ္စည်းများဖြစ်သော စက်ရုံ၊ အလုပ်ရုံသုံး စက်ကိရိယာများနှင့် စက်ပစ္စည်းများကို မူရင်းဝယ်ဈေးမှ စုစုပေါင်းတန်ဖိုးလျော့ပမာဏကိုနုတ်ကာ ဖော်ပြထားပါသည်။

### (ခ) ရင်းနှီးမြှုပ်နှံမှုများ

ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ရေအားလျှပ်စစ်နှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံထားရာ ထိုလုပ်ငန်းနှင့်ပတ်သက်သည့် Capital Expenditures များအား ထည့်သွင်းဖော်ပြထားခြင်းဖြစ်သည်။ အခြားရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်၍ အစုအစပ်ဝင်အနေဖြင့် ထည့်ဝင်ခြင်း၊ လက်အောက်ခံကုမ္ပဏီများတွင် ရင်းနှီးမြှုပ်နှံခြင်းနှင့် မင်္ဂလာမူဆယ်လူနေဆိုင်ခန်းနှင့်

အခြားစီမံကိန်းရှိမြေများ ဝယ်ယူခြင်းတို့ပါဝင်သည်။ အနာဂတ်ကာလအတွင်းလုပ်ကိုင်ရန် ဖြစ်နိုင်ချေရှိသောလုပ်ငန်းများကိုသာ ဖော်ပြထားခြင်းဖြစ်ပါသည်။

### (ဂ) ပုံသေပိုင်မဟုတ်သောပစ္စည်းများ

ဤအပိုင်းတွင် ငွေဖြစ်လွယ်သော လက်ဝယ်ရှိနှင့် ဘဏ်ရှိငွေလက်ကျန်များ လုပ်ငန်းပိုင်းဆိုင်ရာ လိုအပ်ချက်အရ ကြိုတင်ထုတ်ယူငွေများ၊ ဝန်ထမ်းများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကြိုတင်ထုတ်ယူငွေများ၊ လုပ်ငန်းပိုင်းဆိုင်ရာ ကြိုတင်ငွေပေးချေထားသောစရိတ်များ၊ အစိုးရလုပ်ငန်းများအတွက် လုပ်ငန်းအတွက် ကြိုတင်အပ်နှံငွေများပါဝင်ပါသည်။

ကုန်လက်ကျန်အနေဖြင့် တန်ဖိုးသတ်မှတ်ရာတွင် တည်ဆောက်ရေးလုပ်ငန်းအတွက် အသုံးပြုမည့်ပစ္စည်းများဖြစ်သဖြင့် မူရင်းဝယ်ဈေးနှုန်းဖြင့် တန်ဖိုးသင့်ထားရှိပါသည်။ လုပ်ငန်းလိုအပ်ချက်အရ ဝယ်ယူထားပြီး အသုံးပြုရန်အတွက် တိကျစွာ ဖော်ပြခွဲဝေရန်ခက်ခဲသော ပစ္စည်းများအတွက် ယာယီစာရင်းထားရှိကာ ပုံသေပိုင်မဟုတ်သောပစ္စည်းအဖြစ် ထားရှိထားပါသည်။

### (ဃ) ကာလတိုပေးရန်တာဝန်များ

ဂရိတ်ဟော်ခမ်းအနေဖြင့် ရေအားလျှပ်စစ်စီမံကိန်းအတွက် ကာလတိုချေးငွေများအား ပြင်ပအဖွဲ့အစည်းနှင့် ပုဂ္ဂလိကဘဏ်များမှရယူကာပထမအဆင့်တည်ဆောက်ရေးလုပ်ငန်းအချို့အား ဆောင်ရွက်လုပ်ကိုင်ခဲ့ပြီးဖြစ်ပါသည်။ ထို့အပြင် လုပ်ငန်းတည်ဆောက်ခြင်းနှင့်ပတ်သက်၍ ကန်ထရိုက်တာများအား လုပ်ငန်းအပ်နှံမှု၊ ပူးပေါင်းဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာသော ရရန်ရှိငွေများနှင့် ပေးရန်ရှိငွေများအားလည်း သီးခြားဖော်ပြထားပါသည်။ ကာလတိုပေးရန်တာဝန်များတွင် အခြားသော ပေးရန်တာဝန်များဖြစ်သည့် အမြတ်ဝေစုအချို့နှင့် လက်ရှိဘဏ္ဍာရေးနှစ်အတွက် ပေးရန်ကျန်ရှိသော အခွန်များကိုပါ သီးခြားဖော်ပြထားပါသည်။

## ၃။ လုပ်ငန်းစုစုပေါင်းဝင်ငွေနှင့် အသုံးစရိတ်များရှင်းတမ်း

၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်၏ ရငွေနှင့်ပတ်သက်၍ ဖော်ပြထားသော ဝင်ငွေများမှာ ကုန်သွယ်ခွန်နုတ်ပြီး အသားတင်ဝင်ငွေကိုသာ ဖော်ပြထားခြင်းဖြစ်ပြီး ၂၀၂၁-၂၀၂၂ဘဏ္ဍာရေးကာလတွင် စုစုပေါင်းဝင်ငွေ၏ ၈၀% သည် ကုမ္ပဏီ၏ အဓိက ပင်မလုပ်ငန်းဖြစ်သော တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ လုပ်ကိုင်ခြင်းမှ ရရှိခြင်းဖြစ်ပြီး ယခင်နှစ်ထက် ဝင်ငွေ ၅၂% တိုးလာပါသည်။ ၆% မှာ နည်းပညာဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းနှင့် ရောင်းဝယ်ရေးပိုင်းဆိုင်ရာလုပ်ငန်းများမှ ရရှိခြင်းဖြစ်ပါသည်။ ၁၄% မှာ အမှိုက်နှင့်မိလ္လာသိမ်းဆည်းရေးဝန်ဆောင်မှ ရရှိခြင်းဖြစ်ပါသည်။

ကုမ္ပဏီ၏ အဓိကရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှာ ရေရှည်ရင်းနှီးမြှုပ်နှံသည့် စီမံကိန်းလုပ်ငန်းဖြစ်ခြင်းကြောင့် အနာဂတ်ကာလတွင် ခိုင်မာသည့် လုပ်ငန်းဖြစ်ပါသည်။ MFRS နှင့်အညီ ကုမ္ပဏီ၏ ဘဏ္ဍာရေးဆိုင်ရာအစီရင်ခံစာကို စုစည်းတင်ပြမှုအဖြစ် ပြင်ဆင်ရာတွင် ပိုမိုရေးဆွဲတင်ပြခြင်း (Overstated) နှင့် အမှန်တကယ်ထက် လျော့နည်းဖော်ပြခြင်း (Under-stated) များမှကင်းအောင် မိခင်ကုမ္ပဏီနှင့် လက်အောက်ခံကုမ္ပဏီများအကြား လုပ်ငန်းဆောင်ရွက်မှု (Inter-Company Transactions) များ ဖယ်နုတ်ထားပါသည်။

အသုံးစရိတ်အနေဖြင့် ဘဏ္ဍာရေးနှစ် ၁ နှစ်အတွင်း အမှန်တကယ်သုံးစွဲမှုကိုအခြေခံပြီး ရေးဆွဲဖော်ပြထားပါသည်။ အမှန်တကယ်သုံးစွဲမှုအပါအဝင် အချို့သော ခန့်မှန်းတန်ဖိုးပမာဏများမှာ ပြီးဆုံးသည့်လုပ်ငန်းအပိုင်းအလိုက် အခြေခံ တွက်ချက်ဖော်ပြထားပါသည်။

## ၄။ ထူးခြားသော စာရင်းအင်းပိုင်းဆိုင်ရာ အတွေးအခေါ်အယူအဆနှင့် ကြိုတင်ခန့်မှန်းချက်များ

ကုမ္ပဏီ၏ဘဏ္ဍာရေးဆိုင်ရာ စာရင်းရေးဆွဲရာတွင် မြန်မာနိုင်ငံဘဏ္ဍာရေးအစီရင်ခံခြင်းစံ Myanmar Financial Reporting Standards နှင့် အခြားသော သက်ဆိုင်ရာမူဝါဒများနှင့်အညီ ရေးဆွဲထားခြင်းဖြစ်သည်။ အချို့သောဝင်ငွေ၊ အသုံးစရိတ်များ၊ ပိုင်ဆိုင်ပစ္စည်းများ၊ ပေးရန်တာဝန်များနှင့် ပတ်သက်၍ သက်ဆိုင်ရာစီမံခန့်ခွဲသူ၊ ကျွမ်းကျင်သူပညာရှင်များမှ သင့်တင့်မျှတသည်ဟုယူဆကာ ခန့်မှန်းရေးဆွဲခြင်းများ၊ စာရင်းပိုင်းဆိုင်ရာ စာရင်းခေါင်းစဉ်ထည့်သွင်းချက်များ ပါဝင်သည့် အားလျော်စွာ စာရင်းကိုင်စံအပြောင်းအလဲနှင့် စာရင်းရေးဆွဲသူများ၏ အယူအဆပေါ်မူတည်၍ အမှန်တကယ်ရလဒ်နှင့် ခန့်မှန်းမှုမှာ ကွာဟချက်ပေါ်ပေါက်ကောင်းပေါ်ပေါက်နိုင်ပါသည်။ ထိုကွာဟချက်များအား သက်ဆိုင်ရာကာလအလိုက် ဆက်လက်၍ ညှိနှိုင်းပြင်ဆင်မှုများအား ဆက်လက်လုပ်ဆောင်ရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် လိုအပ်ချက်များအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း တင်ပြအစီရင်ခံအပ်ပါသည်။

## ၅။ ကြွေးမြီနှင့်ပတ်သက်သည့်အချက်များ

ကုမ္ပဏီပိုင်ဆိုင်ပစ္စည်းများ၊ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်သည့် ကြွေးမြီများအား ဘဏ္ဍာရေးအစီရင်ခံစာ တွင် ဖော်ပြထားပြီးဖြစ်ပါသည်။ ဤပေးရန်ငွေများသည် လုပ်ငန်း၏ဘဏ္ဍာရေးနှစ်အတွင်း ပေးရန်ရှိသောကြွေးမြီ များ ဖြစ်ပါသည်။ ယခုအခါ ကုမ္ပဏီအနေဖြင့် အထက်ပါ ကိစ္စရပ်များနှင့်ပတ်သက်၍ အလေးထားဆောင်ရွက်ကာ ပိုမိုကောင်းမွန်သောအခြေအနေ ဖြစ်ပေါ်လာရေးအတွက် ဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါသည်။

## ၆။ လက်အောက်ခံကုမ္ပဏီများ

### (က) အမြွာစက်မှုလုပ်ငန်းလီမိတက်

၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် မူဆယ်မြို့ ပုဂ္ဂလိက အမိုက် နှင့်မိလ္လာသိမ်းဆည်းရေးလုပ်ငန်းသစ်ကို ဂရိတ်ဟော်ခမ်း မှာ ၁၀၀% ပိုင်ဆိုင်သည့် အမြွာစက်မှုလုပ်ငန်းလီမိတက်အမည် ဖြင့် စတင်ဆောင်ရွက်ခဲ့ပါသည်။ ယခုဘဏ္ဍာနှစ်တွင် ယခင် နှစ်ထပ် ဝင်ငွေတိုးလာသော်လည်း မိမိတို့ အဓိကအသုံးပြု ရသည့် စက်သုံးဆီ ဝယ်ယူရန်ခက်ခဲ့ခြင်း နှင့် ဈေးနှုန်းမှာ အဆမတန်မြင့်မားခြင်း တို့ကြောင့် အကျိုးအမြတ်မရရှိဘဲ အရှုံးဖြစ်ပေါ်ခဲ့ပါသည်။

### (ခ) High CON-GENT Company Limited

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် လုပ်ငန်းခွဲအသစ်တစ်ခုဖြစ် သော HPA CON-GENT Co., Ltd ကို ဂရိတ်ဟော်ခမ်း နှင့် Mr. Coa Chaung တို့မှ 65:35 အချိုးဖြင့် ပူးပေါင်း တည်ထောင်ပြီး ဓါတုဆေးရည်များထုတ်လုပ်ရောင်းချသော ခဲ့ပါသည်။ ၂၀၂၁ ဧပြီလကစ၍ ယနေ့ထိ ကုန်ကြမ်းများရရှိ ခြင်းမရှိခဲ့သောကြောင့် ဓါတုဆေးရည်များထုတ်လုပ်ရောင်း ချခြင်းမရှိတော့ပါ။